# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် | ၂၀၂၀ ပြည့်နှစ်၊ မေ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ် (၂၂၃)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ဈေးများအား စနစ်တကျစီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ခိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၊ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦးတို့နှင့် တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေး



◆ ရေရှည်တိုက်ပွဲတစ်ခု ဝင်နိုင်ရန် ခံနိုင်ရည်ရှိရေးသည် အဓိကဖြစ်၊ ခံနိုင်ရည်ရှိရေးအတွက် မျှော်လင့်ချက်ရှိကြရမည်ဖြစ်၊ ထို့အတူ ဇွဲ၊ ဝီရိယလည်း ရှိကြရမည်ဖြစ်၊ မျှော်လင့်၍ အလုပ်လုပ်ကြရမည်ဖြစ်၊ မိမိမျှော်လင့်ချက် အောင်မြင်ဖြစ်မြောက်စေရန် ဝါယမစိုက်ထုတ် ကြိုးစားကြရမည်ဖြစ်”

နေပြည်တော် မေ ၁၂

Coronavirus Disease 2019 ( COVID– 19 ) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ခိုင်၊ ကလောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၊ နေပြည်တော်ကောင်စီနယ်မြေမှ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦး တို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးသည်။

ရှေးဦးစွာ Coronavirus Disease 2019 ( COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် မြိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ခိုင်က ပျံကျဈေး စနစ်တကျ ဖွင့်လှစ်ဆောင်ရွက်မှုများ၊

*စာမျက်နှာ ၃ ကော်လံ ၁* ❍

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ခိုင်၊ ကလောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၊ နေပြည်တော် ကောင်စီနယ်မြေမှ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦး တို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်



### ကိုဗစ် - ၁၉ တစ်ကျော့ပြန် ဖြစ်ပွားနိုင်မှု သတိပြုရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တိုက်တွန်း

နိုင်ငံတကာသတင်း စာ ၁၂

### နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုလေးမျက်နှာပါရှိ

မြို့တော်ရန်ကုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရ အချုပ်ပိုလေးမျက်နှာ ပါရှိပါသည်။


KBZ BANK

(6) CONSECUTIVE YEARS

‘BANK OF THE YEAR IN MYANMAR 2018’

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# ရောဂါဘယများဘေးမှကင်းရှင်းရေး ဈေးများ၏သန့်ရှင်းရေး မြှင့်တင်ပေး

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကာကွယ်ရေးအတွက် ဆောင်ရွက်ချက်များတွင် ယာယီဈေးများ ဖွင့်လှစ်ခြင်းလည်း ပါဝင်သည်။ ရောင်းသူဝယ်သူများဖြင့် ပြည့်ကျပ်လျက် တစ်ဦးနှင့်တစ်ဦး တိုးဝှေ့ရောင်းဝယ်နေကြခြင်းသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့စေမည့် အကြောင်းရင်းကြီးတစ်ခု ဖြစ်နိုင်သည့်အလျောက် ပုံမှန်ဈေးများမှ ကုန်စိမ်း ကုန်စိုနှင့် ခေါင်းရွက်ဗျပ်ထိုးဈေးသည်များကို ယာယီပြောင်းရွှေ့ပြီး စနစ်တကျ နေရာပေးကာ ရောင်းချစေခြင်းဖြင့် လူစုလူဝေးကို ကျဲပါးသွားစေပြီး ရောဂါကူးနိုင်သည့် အခြေအနေကို လျှော့ချလိုက်ခြင်းလည်း ဖြစ်သည်။ တစ်ဆိုင်နှင့် တစ်ဆိုင်အကြား ခြောက်ပေစီခြားလျက် စနစ်တကျ ရောင်းချနေကြသည့် ယာယီဈေးများမှာ သန့်ရှင်းလျက် မျက်စိပသာဒကိုလည်း ဖြစ်စေသည့်တိုင်အောင် ရောင်း၍ဝယ်၍ အဆင်မပြေဟု ယူဆကြသူများ၊ ယာယီအခက်အခဲကို သည်းမခံနိုင်သူများလည်း ရှိကြမည်သာပင်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ၏အစ ကိုရိုနာဗိုင်းရပ်စ် စတင်ပေါ်ပေါက်ခဲ့သည့်နေရာမှာ ဈေးတစ်ခုပင်ဖြစ်သည်။ ယင်းအချက်ကို ငြင်းဆို၍ ဝိဝါဒကွဲပြားသည့် သတင်းအချို့ ထွက်ပေါ်ခဲ့သည့်တိုင် တရုတ်နိုင်ငံ ဟူဘေးပြည်နယ် ဝူဟန်မြို့ရှိ ဟွနန် ပင်လယ်စာဈေးမှ ကိုရိုနာဗိုင်းရပ်စ် စတင်ပြန့်ပွားလာခြင်းဖြစ်သည်ဟူသည့် သတင်းကိုသာ အများက လက်ခံထားကြသည်။ ယင်းအချက်ကို အခြေခံကာ တရုတ်၊ အိန္ဒိယတို့အပါအဝင် အာရှနိုင်ငံများမှ သားငါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများအပါအဝင် ကုန်စို ကုန်စိမ်းများရောင်းချသည့်ဈေး (Wet Market) များကို ရောဂါဘယကူးစက်ပျံ့နှံ့နိုင်သည့် အန္တရာယ်ကြီးသောနေရာများအဖြစ် ပြည်ပမီဒီယာများတွင် ဝေဖန်သုံးသပ်မှုများကို တွေ့ရှိရသည်။

အဆိုပါ ဈေးများတွင် သတ္တဝါအရှင်များကို သိုလှောင်ရောင်းချခြင်း၊ သွေးစိမ်းတစိုစိုဖြင့် ခုတ်ထစ်ရောင်းချကာ အနီးဝန်းကျင်၌လည်း အမွေးအမှင်များ၊ စွန့်ပစ်အညစ်အကြေးများ အချိန်အတိုင်းအတာတစ်ရပ်အထိရှိနေခြင်း၊ တရားမဝင် သားရိုင်းတိရစ္ဆာန်များ၏ အသားနှင့် ခန္ဓာကိုယ်အပိုင်းအစများကို ရောင်းချခြင်း၊ ဈေးများတွင် သန့်ရှင်းရေးဆောင်ရွက်ချက်များမှာ ကူးစက်ရောဂါများပျံ့နှံ့မှုကို ကာကွယ်ရန် လုံလောက်မှုမရှိခြင်းတို့အပေါ် ထောက်ပြခဲ့ကြခြင်းဖြစ်သည်။ စူပါမားကတ်များတွင် ချက်ပြုတ်စားရန် အသင့်ပြုပြင်ထုပ်ပိုးထားသည့် အေးခဲအသားငါး အစိမ်းများ ရရှိနိုင်ပြီဖြစ်သော်လည်း ဈေးဝယ်သူအများစုမှာ ကုန်စို ကုန်စိမ်းဈေး(Wet Market) များတွင် ဝယ်ယူမှသာ စိတ်တိုင်းကျသည့် အလေ့အထစွဲနေကြခြင်းက အဓိကဖြစ်သည်။ မိမိတို့နိုင်ငံတွင်လည်း ယင်းသို့သော အခြေအနေများကို တွေ့မြင်ရပြီး အချို့နေရာများတွင် ပို၍ဆိုးရွားသော အခြေအနေများကို တွေ့ရသည်။ အထူးသဖြင့် လမ်းဘေးဈေးများ၊ တရားမဝင်ဈေးများ၊ ကျူးကျော်ဈေးများ စသည်တို့တွင်ဖြစ်သည်။ ယင်းနေရာများတွင် သားငါး၊ ဟင်းသီးဟင်းရွက်များနှင့် အစားအစာများကို အမှိုက်သရိုက်၊ ရေပုပ်ရေသိုး၊ ညစ်ညမ်းနေပြီး အန္တရာယ်ရှိသည့် ပတ်ဝန်းကျင်အခြေအနေတို့နှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည်ကို မကြာခဏ တွေ့ကြရသည်။

လူအပါအဝင် သတ္တဝါခပ်သိမ်းတို့မှာ အသက်ရှင်သန်မှုအတွက် အစာစားကြရသည်။ ထို့အပြင် ကျန်းမာရေးအတွက်လည်း အစာအာဟာရသည် ဆေးတစ်ပါးဖြစ်သည်။ သို့ရာတွင် အစားအစာမသန့်ရှင်းသည့်အခါ အစာသည် ဆေးမဟုတ်တော့ဘဲ ဘေးဖြစ်လာသည်။ မိမိတို့၏ နေ့စဉ်လူမှုဘဝများတွင် အစားအစာများ၏ အရင်းအမြစ်မှာ ဈေးကသာ အဓိကဖြစ်သည်။ ဈေးမှဝယ်ယူစားသုံးကြရခြင်းဖြစ်သည့်အတွက် ဈေးများ၏ သန့်ရှင်းရေး၊ အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးက အရေးကြီးလှသည်။ ဆားစ်နှင့် ကိုဗစ်-၁၉ ကဲ့သို့သော ကပ်ရောဂါများ၏အစသည် ဈေးများမှ စတင်ခဲ့ခြင်းဖြစ်သည်ကို တွေးဆဆင်ခြင်ကာ သတိမူလျက် ဈေးသန့်ရှင်းရေး မြှင့်တင်ပေးလျက် ရောဂါဘယများဘေးမှ ကင်းဝေးနိုင်ကြပါစေကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| ( ဂ ) | ရေဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာန၏ အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် လျှောက်လွှာခေါ်ယူ

**နေပြည်တော် မေ ၁၂**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အခြေစိုက် အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာန (ASEAN Institute for Peace and Reconciliation-ASEAN IPR) တွင် အမှုဆောင်ညွှန်ကြားရေးမှူးရာထူးနေရာအတွက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၉ ရက်မှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၈ ရက်အထိ (၃)နှစ် သက်တမ်းတာဝန်ထမ်းဆောင်ရန် အဆိုပြုလျှောက်လွှာများ ခေါ်ယူလျက်ရှိသည်။

လုပ်ငန်းတာဝန်နှင့် သတ်မှတ်အရည်အချင်းများအပါအဝင် အသေးစိတ်အချက်အလက်များကို အာဆီယံ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး ဗဟိုဌာနနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့၏ website များဖြစ်သည့် https://asean-aipr.org/ resources/ vacancy-executive- director/ နှင့် https://asean.org/ opportunities/ vacancies-asec/ တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သတင်းစာလပေးမှာယူဖတ်ရှုလိုသူများ ဆက်သွယ်ဝယ်ယူနိုင်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သတင်းစာဖတ်ပြည်သူများအတွက် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများအား လပေးမှာယူဖတ်ရှုလိုပါက အောက်ပါကိုယ်စားလှယ်ဖုန်းနံပါတ်များသို့ ဆက်သွယ်မှာယူနိုင်ကြောင်း အသိပေးအပ်ပါသည် -

| စဉ် | ကိုယ်စားလှယ်အမည် | မြို့နယ် | ဆက်သွယ်ရန်ဖုန်း |
|---|---|---|---|
| ၁။ | ဦးကျော်ညွန့် | စစ်ကိုင်း | ၀၉-၄၀၈၆၆၂၇၉၀ |
| ၂။ | ဒေါ်အေးအေးသန်း | မုံရွာ | ၀၇၁-၂၁၇၅၃ |
| ၃။ | ဦးသောင်းဌေး | ချောင်းဦး | ၀၉-၇၇၁၅၆၃၃၇၅ |
| ၄။ | ဒေါ်ထက်ထက်လင်း | မြောင် | ၀၉-၉၆၀၇၃၇၆၈၆ |
| ၅။ | ဦးနေလင်းအောင် | မြင်းမူ | ၀၉-၆၆၆၁၉၈၅၅၂ |
| ၆။ | ဦးကျော်ကျော်ဝင်း | ရွှေဘို | ၀၉-၄၅၁၈၄၇၁၈၅ |
| ၇။ | ဦးစိန်အောင် | ရေဦး | ၀၉-၄၀၀၄၅၂၄၉၄ |
| ၈။ | ဒေါ်သန္တာထွန်း | တန့်ဆည် | ၀၉-၂၅၆၀၆၅၀၄၅ |
| ၉။ | ဒေါ်နွယ်နွယ်ခိုင် | ယင်းမာပင် | ၀၉-၄၄၀၇၅၂၃၄၃ |
| ၁၀။ | ဒေါ်ဝင်းဝင်းမော် | ကနီ | ၀၉-၄၄၂၀၇၅၄၆၈ |
| ၁၁။ | ဒေါ်ဌေးဌေးမြင့် | ခင်ဦး | ၀၉-၄၀၀၅၂၀၁၂၆ |
| ၁၂။ | ဦးသောင်းညွန့် | ကျွန်းလှ | ၀၉-၄၀၀၄၂၂၈၀၇ |
| ၁၃။ | ဦးသိန်းရွှေ | ကောလင်း | ၀၇၅-၄၂၃၀၀ |
| ၁၄။ | ဦးကံထွန်း | ဝန်းသို | ၀၉-၂၅၆၂၀၃၁၁၇ |
| ၁၅။ | ဦးမြင့်အောင် | အင်းတော် | ၀၉-၂၅၆၁၈၇၇၆၉ |
| ၁၆။ | ဦးချစ်လှိုင် | ကသာ | ၀၉-၇၈၉၈၅၈၅၂၆ |
| ၁၇။ | ဒေါ်စန်းမြင့် | ပခုက္ကူ | ၀၉-၂၃၀၁၂၅၄ |
| ၁၈။ | ဦးမင်းနိုင် | ရေစကြို | ၀၉-၇၈၇၄၇၁၁၀၃ |
| ၁၉။ | ဦးထွန်းရွှေ | တမူး | ၀၉-၄၀၀၅၁၇၆၃၁ |
| ၂၀။ | ဒေါ်ဇာဇာလှိုင် | ကလေးဝ | ၀၉-၄၄၂၀၇၄၀၁၉ |
| ၂၁။ | ဦးဇူလှိုင်နေဝင်း | မင်းကင်း | ၀၉-၂၅၈၆၀၀၉၅၄ |
| ၂၂။ | ဦးမောင်မောင်လွင် | မော်လိုက် | ၀၇၃-၄၂၀၄၇ |

## မူမှန်ပြက္ခဒိန် ရောင်းချမည်

**နေပြည်တော် မေ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ရဟန်းရှင်လူ ပြည်သူအများ တညီတညွတ်တည်း သုံးစွဲနိုင်ရန်အတွက် မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့က မြန်မာ-ရခိုင်-အင်္ဂလိပ် မူမှန်ပြက္ခဒိန်ကို ရေးဆွဲ၍ အနုပညာဦးစီးဌာနက နှစ်စဉ် ရောင်းချပေးလျက်ရှိသည်။

### ရောင်းချပေးသွားမည်

ယခုနှစ်တွင်လည်း မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ ပညာရှင်များက ရေးဆွဲထားသည့် မြန်မာ သက္ကရာဇ် ၁၃၈၂-၁၃၈၃ ခုနှစ်၊ ခရစ်သက္ကရာဇ် ၂၀၂၁ ခုနှစ်အတွက် မြန်မာ-ရခိုင်-အင်္ဂလိပ် မူမှန်ပြက္ခဒိန်ကို ၂၀၂၀ ပြည့်နှစ်၊ ဇွန်လဆန်းမှစတင်၍ တစ်စောင်လျှင် ၁၀၀၀၀ (ကျပ်တစ်သောင်း တိတိ)ဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၅)၊ အနုပညာဦးစီးဌာန (နေပြည်တော်) တွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ခိုင်၊ ကလောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်၊ နေပြည်တော်ကောင်စီနယ်မြေမှ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦး တို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးစဉ်။ သတင်းစဉ်

❍ *ရှေ့ဖုံးမှ*

Quarantine Centre များ ၊ Intensive Care Unit များ ပြင်ဆင်ဆောင်ရွက်ခဲ့မှုများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် COVID– 19 ကာကွယ်ရေး လုပ်ငန်း ဆောင်ရွက်မှုများ၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား သက်ဆိုင်ရာ ကျေးရွာ Quarantine Centre များသို့ စနစ်တကျ ပို့ဆောင်ပေးခြင်းနှင့် စနစ်တကျ နေထိုင်နိုင်ရေး ဆောင်ရွက်မှုများကို လည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ပြုံးကေသီနိုင်က ကလောမြို့၊ ဟဲဟိုးမြို့နှင့် အောင်ပန်းမြို့တို့ရှိ ဈေးများနှင့် ယာယီပျံကျဈေးများ စနစ်တကျ ဖွင့်လှစ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်သူများ၏ စည်းကမ်းလိုက်နာဆောင်ရွက်မှုများ၊ တွေ့ကြုံရသည့် အခက်အခဲများကို လည်းကောင်း၊ ဒုတိယမြို့တော်ဝန် ဦးရဲမင်းဦးက နေပြည်တော်ရှိ ဈေးများ စနစ်တကျဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခြင်း၊ ဈေးရောင်းသူများနှင့် ဈေးဝယ်သူများအား COVID–19 ကာကွယ်ရေး အသိပညာပေး လုပ်ငန်းဆောင်ရွက်ခြင်း၊ ဈေးများ၌ ပိုးသတ်ဆေးဖျန်းခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် မိုဘိုင်းဈေးများ စနစ်တကျ တိုးမြှင့်နိုင်ရေး ဆောင်ရွက်ခြင်းဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က Volunteer များအား အရည်အချင်းများ မြှင့်တင်နိုင်ရေး၊ ပြည်သူများ Mask မဖြစ်မနေ တပ်ဆင်စေရေး၊ နေအိမ်များနှင့် စာသင်ကျောင်းများ၌ လက်တွေ့ကျကျ ဖြစ်နိုင်ခြေရှိမည့်ဘဝများ တည်ဆောက်ရေးအတွက် ရေတိုရေရှည် စဉ်းစားဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များနှင့် COVID–19 ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် ရေရှည်တွင် ဖြစ်နိုင်ခြေရှိသည့်ဘဝများ တည်ဆောက်နိုင်ရေးအတွက် ဝိုင်းဝန်းစဉ်းစားကြရမည်ဖြစ်ပါကြောင်း၊ အတွေ့အကြုံများမှတစ်ဆင့် နည်းလမ်းများ ပို၍တွေ့ရှိလာမည် ဖြစ်ပါကြောင်း၊ ရေရှည်တိုက်ပွဲတစ်ခုဝင်နိုင်ရန် ခံနိုင်ရည် ရှိရေးသည် အဓိကဖြစ်ပါကြောင်း၊ ခံနိုင်ရည်ရှိရေးအတွက် မျှော်လင့်ချက်ရှိကြရမည် ဖြစ်ပါကြောင်း၊ ထို့အတူ ဗွဲ၊ ဝီရိယလည်း ရှိကြရမည်ဖြစ်ပါကြောင်း၊ မျှော်လင့်၍ အလုပ်လုပ်ကြရမည်ဖြစ်ပါကြောင်း၊ မိမိမျှော်လင့်ချက် အောင်မြင်ဖြစ်မြောက်စေရန် ဝါယမစိုက်ထုတ်ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ခံနိုင်ရည်ရှိရမည်၊ ဆက်၍ သွားနိုင်သည့် သတ္တိရှိကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူပြည်သားများအနေဖြင့် အဆိုပါ အရည်အချင်းများကို အတိုင်းအတာတစ်ခု ပြည့်စုံသည်ဟု ယုံကြည်ပါကြောင်း၊ အရည်အချင်းများ ပိုမိုပြည့်စုံရန် တစ်နေ့ထက်တစ်နေ့ လေ့ကျင့်သွားပါဟု မေတ္တာရပ်ခံလိုပါကြောင်း၊ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၂**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

## စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ် ဖောင်ဒေးရှင်း (၂၅)ကြိမ်မြောက် ငွေရတု သွေးလှူပွဲ စနစ်တကျပြုလုပ်မည်

**ရန်ကုန် မေ ၁၂**

စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်းက ကြီးမှူးပြုလုပ်မည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် စနစ်တကျစုပေါင်းသွေးလှူပွဲကို ရန်ကုန်ဆေးရုံကြီး ဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်)၌ မေ ၂၄ ရက် တနင်္ဂနွေနေ့ နံနက် ၇ နာရီခွဲမှ ၁၁ နာရီခွဲအထိ ပြုလုပ်မည်ဖြစ်ပါသဖြင့် မည်သူမဆို လာရောက် သွေးလှူဒါန်းနိုင်ပါကြောင်းနှင့် သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်းမှ အမှတ်တရလက်ဆောင်များ (ခေါက်ထီး၊ ခရီးဆောင်အိတ်ငယ်၊ ငွေရတုအထိမ်းအမှတ် Waistcoat၊ လက်သန့်ဆေးရည်၊ ဝါးမီးသွေးမျက်နှာသစ်ဆပ်ပြာ၊ (Mask & Medical Cap) တို့ဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ပြီး သွေးလှူဒါန်းမည့်သူများသည် စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း ဖုန်း ၀၉–၄၄၉၂၅၃၇၆၇၊ ၀၉–၆၉၅၁၃၅၁၅ တို့သို့ မေ ၂၂ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။ **မြန်မာ့အလင်း**

## အောင်ပန်း စက်မှုလက်မှုပညာသင်တန်းကျောင်း သင်ထောက်ကူပစ္စည်းများရောက်ရှိ ပြင်ဆင်နေရာချထား

**အောင်ပန်း မေ ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (အခြေခံ) ဦးတင်မောင်မြင့်သည် ရုံးချုပ်မှ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်ရုံး ပြည်နယ်ဦးစီးမှူးတို့နှင့်အတူ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (အောင်ပန်း)ကို ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် စတင်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ယခုဘဏ္ဍာနှစ်အတွင်း ဝယ်ယူဖြည့်တင်းပေးခဲ့သည့် သင်ထောက်ကူပစ္စည်းများ ရောက်ရှိမှု၊ သင်ကြားနိုင်ရေးပြင်ဆင်နေရာချထားမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သင်တန်းကျောင်း၌ သင်တန်းသားများသင်ကြားနိုင်ရေး၊ စာတွေ့လက်တွေ့ခန်းများ ပြင်ဆင်နေမှု၊ အလုပ်ရုံစာသင်ဆောင်၊ အိပ်ဆောင်၊ စားရိပ်သာ၊ ဝန်ထမ်းအိမ်ရာများ ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အရန်ရိက္ခာ စားအုန်းဆီတန်ချိန် ၁၂၀၀၀ ဝယ်ယူရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၁၂**

အရန်ရိက္ခာ စားအုန်းဆီတန်ချိန် ၁၂၀၀၀ ဝယ်ယူရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။ (ယာပုံ)

### အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကားပြောကြားရာတွင် အရေးပေါ်ရိက္ခာ ဆန်တန်ချိန် ၅၀၀၀၀ နှင့် စားအုန်းဆီတန်ချိန် ၁၂၀၀၀ တို့ကို လိုအပ်သည့်အချိန်တွင် ဖြန့်ချိနိုင်ရေးအတွက် အရေးပေါ်ရိက္ခာဝယ်ယူခြင်း ဖြစ်ပါကြောင်း၊ စားအုန်းဆီတန်ချိန် ၁၂၀၀၀ ဝယ်ယူရေးအတွက် အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း၊ စားအုန်းဆီ သိုလှောင်ရန် နိုင်ငံတော်အနေဖြင့် ဆီသိုလှောင်ကန်များ မရှိသည့်အတွက် Jerry Can နှင့် ဝယ်ယူသိုလှောင်ထားရှိရန် စီစဉ်ရခြင်းဖြစ်ပါကြောင်း၊ ဝယ်ယူထားသည့် စားအုန်းဆီများကို Coronavirus Disease 19 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ ညွှန်ကြားချက်အတိုင်း တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ဖြန့်ဝေရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ပူးပေါင်းကူညီဆောင်ရွက်ပေးမှုကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး ဦးအောင်ထူးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စများကို ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် အကြိမ်ကြိမ် ညှိနှိုင်းတိုင်ပင်ဆွေးနွေးခဲ့ပါကြောင်း၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေး၊ ကုန်စည်စီးဆင်းမှုမှန်ကန်ရေး၊ အရန်ရိက္ခာဝယ်ယူရေးကိစ္စများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရက ရိက္ခာဖြန့်ဝေပေးသည့် ကိစ္စများတွင်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရေးပေါ်ရိက္ခာများတွင် အရေးကြီးသည့် ဆန်နှင့်ဆီဝယ်ယူရန် ဆောင်ရွက်နေပါကြောင်း၊ တစ်နိုင်ငံလုံး၏ ရက်သတ္တ နှစ်ပတ်ခန့်စာ ရိက္ခာဆန်တန်ချိန် ၅၀၀၀၀ နှင့် ဆီတန်ချိန် ၁၂၀၀၀ ဝယ်ယူရန် ဆောင်ရွက်ခဲ့ပါ ကြောင်း၊ အရန်ဆန်ဝယ်ယူရာတွင် ဈေးကွက်တည်ငြိမ်စေရန်အတွက် ပြည်ပဆန်တင်ပို့မှု ပမာဏ၏ ၁၀ ရာခိုင်နှုန်းကို ပြည်ပတင်ပို့သည့် ကုမ္ပဏီများထံမှ ဝယ်ယူခဲ့ပြီး အရန်စားသုံးဆီကို ဈေးနှုန်းသင့်တင့်သည့် စားအုန်းဆီဝယ်ယူရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ စားအုန်းဆီမှာ ပြည်ပမှ တင်သွင်းခြင်းဖြစ်သလို ပြည်တွင်း၌လည်း ဆီကန်လုံလောက်မှု မရှိခြင်းကြောင့် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များမှ ပူးပေါင်းဆောင်ရွက်ခြင်းများအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် လိုအပ်ချက်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### အသေးစိတ်ညှိနှိုင်းဆွေးနွေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် စားအုန်းဆီတင်သွင်းသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၁၂**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က အဖွဲ့ဝင်အဖြစ် ပါဝင်သည့် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) ၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့တွင် အစည်းအဝေး ပထမနေ့အဖြစ် ၂၀၂၀ ပြည့်နှစ်အတွက် အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်လျက်ရှိသော အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်က ဦးဆောင်၍ Video Conferencing ဖြင့် ကျင်းပသည်။ (ယာပုံ)

ဖိုရမ်သို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များပါဝင်တက်ရောက်ခဲ့ကြပြီး အခြားဖိုရမ်အဖွဲ့ဝင်များဖြစ်သည့် မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့မှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်း ကိုယ်စားလှယ်များ၊ အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အင်ဒိုနီးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားရာ၌ လက်ရှိဖြစ်ပွားနေသော ကိုဗစ်–၁၉ ကပ်ရောဂါ အခြေအနေကြောင့် ဖိုရမ်၏ လုပ်ငန်းအဖွဲ့အစည်းအဝေးကို Video Conferencing ပုံစံဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ဖိုရမ်အနေဖြင့် Video Conferencing ဖြင့် အစည်းအဝေးကျင်းပခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ် ဖြစ်ကြောင်း၊ ပါဝင်တက်ရောက်ကြသည့် ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့များကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဖိုရမ် (၁၆) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးအပြီး ဖိုရမ်အဖွဲ့ဝင်များ၏ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် တိုးတက်ဆောင်ရွက်ချက်များကို ဖိုရမ်အဖွဲ့ဝင်ကော်မရှင်များက တင်ပြဆွေးနွေးကြရာ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးပေါ်လွင်စိန်က "ဖိုရမ်၏ (၁၆) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးအပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ တိုးတက်ဆောင်ရွက်ချက်များ" ခေါင်းစဉ်ဖြင့် တင်ပြဆွေးနွေးသည်။

ထို့နောက် ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ဖိုရမ်အဖွဲ့ဝင် ကော်မရှင်များက တင်ပြဆွေးနွေးကြပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်ချက်များကို ဖိုရမ်၏ လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တင်ပြဆွေးနွေးသည်။

ဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေးကို မေ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် Video Conferencing ဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမွေအနှစ်ပစ္စည်းများကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်တတ်စေရန် "အိမ်က အမွေအနှစ်"ဟူသော အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်

**ရန်ကုန် မေ ၁၂**

ကိုဗစ်–၁၉ ကူးစက်ရောဂါ ပြန့်ပွားနေမှုကြောင့် ပြည်သူများ မိမိနေအိမ်၌ နေထိုင်စဉ်ကာလအတွင်း အမွေအနှစ်ပစ္စည်းများကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်တတ်စေရန် ရည်ရွယ်၍ ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့မှ "အိမ်က အမွေအနှစ်"ဟူသော အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် ပါဝင်ရန်အတွက် မိမိနေအိမ်တွင်ရှိသော ၁၅ နှစ်အထက် သက်တမ်းရှိ အမှတ်တရ ပစ္စည်းတစ်ခု သို့မဟုတ် ၁၅ နှစ် သက်တမ်း မရှိသေးသော်လည်း ထင်ရှားသောဖြစ်ရပ်၊ ကာလအပိုင်းအခြား၊ ကြီးမားသော အပြောင်းအလဲတစ်ခုခုနှင့် ဆက်စပ်ပစ္စည်းများကို ဓာတ်ပုံရိုက်ကာ ယင်းပစ္စည်းရောက်ရှိလာပုံ၊ လက်ရှိအချိန်ထိ အသုံးပြုခြင်း ရှိ/ မရှိ၊ ထိန်းသိမ်းထားရသည့် အကြောင်းရင်းကို အကျဉ်းရေးကာ မိမိ၏ ဖေ့ဘွတ်စ်စာမျက်နှာ(သို့) Instagram တွင် တင်ပေးရမည်ဖြစ်သည်။ ထိုသို့ တင်ရာတွင် #heritageathome#yht ဟု ထည့်ကာ Public အဖြစ် တင်ပေးရမည်ဖြစ်သည်။ ထို့ပြင် Yangon Heritage Trust ကို Mention လုပ်ပေးခြင်း (သို့) messenger မှ Link / Screenshot အဖြစ်လည်း ပေးပို့နိုင်ကြောင်း သိရသည်။

မိမိအိမ်ရှိ အမွေအနှစ်ပစ္စည်းများကို ရွေးချယ်ရာတွင် တန်ဖိုးကြီးပစ္စည်းဖြစ်စရာမလိုဘဲ ကင်မရာအဟောင်း၊ ရေဒီယို၊ တူရိယာပစ္စည်း၊ အမှတ်တရ ရင်ထိုး၊ ဆုတံဆိပ်၊ အသုံးအဆောင်၊ နာရီ၊ မျက်မှန်၊စာအုပ်၊ ပို့စကတ်၊ ပန်းကန်ခွက်ယောက်စသည်ဖြင့် ကိုယ်တိုင် (သို့) မိသားစုမှ ထိန်းသိမ်းထားသော ပစ္စည်းများ ပါဝင်ကြောင်း သိရသည်။

"အဓိကအနေနဲ့က အခုလို ကိုဗစ်–၁၉ ရောဂါ ပြန့်ပွားမှုကို တားဆီးနိုင်ဖို့ အိမ်မှာနေရင်းနဲ့ မိမိရဲ့ မိသားစုအမွေအနှစ်တွေကို ပြန်လည်ရှာဖွေဖော်ထုတ်မယ်။ အဲဒီလို မိသားစုပိုင် အမွေအနှစ်ကို ထိန်းသိမ်းရာက တစ်ဆင့် နိုင်ငံရဲ့ အမွေအနှစ်တွေကို ထိန်းသိမ်းရာမှာ စိတ်အားထက်သန်စွာ ပါဝင်လာစေဖို့ ရည်ရွယ်တာပါ" ဟု အိမ်က အမွေအနှစ် အစီအစဉ်နှင့် ပတ်သက်၍ ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ စီမံချက်အရာရှိ ကိုသူရိန်အောင်က ပြောသည်။

အိမ်က အမွေအနှစ် အစီအစဉ်ကို မေ ၈ ရက်က စတင်ခဲ့ပြီး မေလကုန်အထိ လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ယင်းအစီအစဉ်တွင် ပါဝင်သူများအနက်မှ အချို့ကို ရွေးချယ်ကာ Yangon Heritage Trust လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြပေးမည်ဖြစ်ပြီး အမှတ်တရ လက်ဆောင်များလည်း ပေးပို့မည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း**
**(ကမာရွတ်)**

# စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်



ဒီနေ့အချိန်အခါဟာ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်လာတဲ့ အချိန်အခါလည်းဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသားချင်းများ တစ်ဦးချင်းစီရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လဝီရိယ၊ ရိုးသားဖြောင့်မတ်မှုစတဲ့ အရည်အချင်းများ ပိုမိုမြင့်မား၊ ခိုင်မာလာအောင် တည်ဆောက်ရမယ့်အချိန် ဖြစ်ပါတယ်။ ဒါ့အပြင် အချင်းချင်းရိုင်းပင်းကူညီမှု၊ ချစ်ခင်လေးစားမှုများကိုအခြေခံပြီး ငြိမ်းချမ်းရေးကိုအရယူနိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ပါတယ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

◆ *ကျောဖုံးမှ*

COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးစီမံကိန်း (COVID-19 Economic Relief Plan) ချမှတ် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နေရပ်စွန့်ခွာသူများ၏ စခန်းများနှင့် တိုက်ပွဲရှောင် စခန်းများတွင် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို စီမံချက်ချမှတ်ဆောင်ရွက်နေမှုများ၊ သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း၊ လက်သန့်ဆေးရည်၊ ဆပ်ပြာ၊ လက်ဆေးဘေစင်၊ ပါးစပ်နှင့်နှာခေါင်းစည်းများနှင့် အပူချိန်တိုင်းကိရိယာများ ထောက်ပံ့ပေးမှု၊ COVID-19 ကပ်ရောဂါ ကာလအတွင်း သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား အာဟာရ ဖြစ်ထွန်းရေးအတွက် ငွေကြေးထောက်ပံ့ခြင်း ကိစ္စများကို ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက တက်ရောက်သူများမှ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားကြသည်။

ယနေ့ ကျင်းပခဲ့သည့် ရှင်းလင်းပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော COVID-19 ကပ်ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီးများက မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို သီးခြားဖိတ်ကြားထားသည့် ရန်ကုန်မြို့အခြေစိုက် သံတမန်များအား ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်

# ဂျပန်နိုင်ငံမှ ဝယ်ယူထားသည့် RBE ရထားတွဲ ၂၁ တွဲ ရန်ကုန်သို့ ရောက်ရှိ

**နေပြည်တော် မေ ၁၂**

မြန်မာနိုင်ငံရှိ ရထားလမ်းပိုင်းများတွင် ပြေးဆွဲအသုံးပြုရန် ဂျပန်အစိုးရ၏ အထောက်အပံ့အစီအစဉ်ဖြင့် ဝယ်ယူထားသော ရထားတွဲ ၂၁ တွဲသည် ရန်ကုန်သို့ မေ ၁၁ ရက်က ရောက်ရှိပြီဖြစ်ကြောင်း ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါရထားတွဲ ၂၁ တွဲကို ဂျပန်နိုင်ငံတွင် ပြေးဆွဲအသုံးပြုခဲ့ပြီး မြန်မာ့မီးရထားက ပြန်လည်မွမ်းမံပြီးပါက မြန်မာနိုင်ငံရှိ ရထားလမ်းပိုင်းများတွင် အသုံးပြုပြေးဆွဲသွားရန် ရည်ရွယ်ထားကြောင်း၊ မြန်မာ့မီးရထားနှင့် ပူးပေါင်း၍ ရန်ကုန်မြို့ပတ်ရထားလမ်းအတွက် ရထားတွဲအသစ် ၆၆ တွဲ ဝယ်ယူရန် ဆောင်ရွက်နေကြောင်း သိရသည်။ ယင်းမတိုင်မီ ဂျပန်နိုင်ငံ၏ အထောက်အပံ့အစီအစဉ်ဖြင့် ဂျပန်နိုင်ငံတွင် အသုံးပြုခဲ့သည့် ရထားတွဲ ၃၂ တွဲကို ယခုနှစ်အတွင်း လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပြီး ယင်းရထားတွဲများအနက်မှ ဒုတိယအကြိမ်အဖြစ် မြန်မာနိုင်ငံသို့ ရထားတွဲ ၂၁ တွဲ ထပ်မံရောက်ရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသို့ ရထားတွဲ ငါးတွဲမှာ ယခုနှစ် ဖေဖော်ဝါရီလက ပထမအကြိမ် ရောက်ရှိထားပြီး မြန်မာ့မီးရထားက ပြုပြင်မွမ်းမံခြင်း၊ ဆေးသုတ်ခြင်းနှင့် စမ်းသပ်မောင်းနှင်ခြင်းများကို ဆောင်ရွက်ပြီးဖြစ်၍ မကြာမီတွင် ရထားလမ်းပိုင်းများတွင် ပြေးဆွဲအသုံးပြုနိုင်တော့မည်ဖြစ်သည်။

မြန်မာနိုင်ငံအတွက် ဂျပန်နိုင်ငံမှ ရထားတွဲ ၆၆ တွဲ ဝယ်ယူခဲ့ရာတွင် တိုကျိုအိုလံပစ်ရှိသည့် အတွက်ကြောင့် ၂၀၂၃ ခုနှစ်ခန့်မှသာ ရရှိနိုင်မည်ဖြစ်၍ လက်ရှိတွင် ဂျပန်နိုင်ငံအစိုးရမှ RBE ရထားတွဲ ၃၂ တွဲကို ထောက်ပံ့ပေးမည်ဖြစ်ရာ အဆိုပါရထားတွဲများအနက် ယခု ရောက်ရှိသည့် တွဲဆိုင်းများအပါအဝင် စုစုပေါင်း ရထားတွဲ ၂၆ တွဲမှာ မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီးဖြစ်သည်။



ဂျပန်အစိုးရသည် ယခုကဲ့သို့ ရထားတွဲများ လွှဲပြောင်းပေးအပ်ခြင်းအပြင် ရန်ကုန်မြို့ပတ်ရထားလမ်း ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရန်အတွက် ရထားလမ်းအောက်ခံ မြေသားနှင့် လမ်းကြောင်း၊ ရထားလမ်းပိုင်းဆောက်လုပ်ရေး ဆက်စပ်ပစ္စည်းများ၊ ရထားလမ်းအချက်ပြ စသည့် ရန်ကုန်မြို့ပတ် ရထားလမ်းကြောင်း ပြုပြင်မွမ်းမံခြင်းကို ဂျပန်နိုင်ငံ အကြံပေးကုမ္ပဏီနှင့် မြန်မာ့မီးရထားတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဂျပန်နိုင်ငံ ODA ချေးငွေ ဂျပန်ယန်း ၂၄ ဒသမ ၈၆၆ ဘီလီယံနှင့် နိုင်ငံတော်ဘဏ္ဍာ ငွေကျပ် ၅၄ ဘီလီယံဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း ၉၄ ကီလိုမီတာကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါ စီမံကိန်းကို ၂၀၁၇ ခုနှစ် မှ ၂၀၂၁ ခုနှစ်အထိ ငါးနှစ်သတ်မှတ်ကာ ချေးငွေဖြင့် ခေတ်မီအချက်ပြ စနစ်တပ်ဆင်ခြင်းလုပ်ငန်းနှင့် DEMU ၁၁ ဆိုင်း ၆၆ တွဲ ဝယ်ယူခြင်း၊ နိုင်ငံတော်ဘတ်ဂျက်ဖြင့် သံလမ်းနှင့် မြို့ပြဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ စတုတ္ထ(၁)နှစ်တာ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားရာတွင် ထည့်သွင်းပြောကြားထားသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

## လယ်ယာလုပ်ငန်းများတွင်ပေါ်ပေါက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး အသိပေးကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လာမည့် စိုက်ပျိုးရာသီတွင် လယ်ယာထုတ်ကုန်သီးနှံများ ထုတ်လုပ်မှုမကျဆင်းစေရေးနှင့် လတ်တလော ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားနေသည့် ကိုဗစ်ကပ်ရောဂါကြောင့် လယ်ယာလုပ်ငန်းများ ဆောင်ရွက်ရာတွင် တောင်သူလယ်သမားကြီးများ ထွန်ယက်ရေး၊ မျိုးရရှိရေး၊ သွင်းအားစုများ ရရှိသုံးစွဲရေးနှင့် ရင်းနှီးမြှုပ်နှံမှုငွေကြေးအခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာအဖွဲ့အစည်းများ၏ ချေးငွေ၊ အထောက်အပံ့နှင့် နိုင်ငံတော်ဘတ်ဂျက်တို့ဖြင့် နိုင်ငံနှင့်အဝှမ်းရှိ ဧက (၂)သိန်းတွင် သီးနှံစုံ မျိုးစေ့ထုတ်လုပ်ခြင်းနှင့် စံပြကျေးရွာများတွင် သီးနှံစုံစိုက်ပျိုးထုတ်လုပ်ခြင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အစီအစဉ်ဖြင့် တောင်သူများနှင့် အကျိုးတူလယ်ယာစနစ်(Contract Farming) ဧက(၂)သိန်း စိုက်ပျိုးထုတ်လုပ်ခြင်း၊ စုစုပေါင်း ဧက(၄)သိန်း အကောင်အထည်ဖော်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါဧက(၄)သိန်းတွင် ဆောင်ရွက်ရမည့် ပျိုးထောင်ခြင်း၊ မြေယာပြုပြင်ခြင်း၊ ပျိုးနုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ မြေဩဇာထည့်သွင်းခြင်း၊ ပေါင်းသတ်ဆေး/ပိုးသတ်ဆေးများ ပက်ဖျန်းခြင်း၊ ရေသွင်း/ရေထုတ်ပြုလုပ်ခြင်း၊ မျိုးကွဲပယ်နုတ်ခြင်းအပါအဝင် အပင်ပြုစုခြင်း၊ ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်း၊ ခူးဆွတ်ခြင်း၊ သန့်စင်ခြင်း၊ ထုပ်ပိုးခြင်းစသည့်လုပ်ငန်းများတွင် လုပ်သားများစွာလိုအပ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ များစွာပေါ်ပေါက်မည်ဖြစ်ပါသည်။

၃။ သို့ပါ၍ ဖော်ပြပါလယ်ယာလုပ်ငန်းများ၌ အလုပ်လုပ်ကိုင်ရန် စိတ်ပါဝင်စားသူများအနေဖြင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန (နေပြည်တော်၊ ရုံးချုပ်)၊ ဖုန်း-၀၆၇-၄၁၀၅၂၆ သို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးများသို့ ဆက်သွယ်၍ စာရင်းပေးသွင်းထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ကမ္ဘာ့မြစ်ကြီးများ အဟန့်အတားမရှိ လွတ်လပ်စွာ စီးဆင်းကြစေရေး

ကောင်းမွန်

Two-thirds of the longest rivers no longer flow freely—and it's harming us

**ကမ္ဘာပေါ်ရှိ အရှည်လျားဆုံးမြစ်ကြီးများ၏ သုံးပုံနှစ်ပုံမှာ လွတ်လပ်စွာ စီးဆင်းခြင်းမရှိတော့ရာ ယင်းမှာ ကမ္ဘာ့ပြည်သူများကို ထိခိုက်နစ်နာစေပါသည်။**

A new study warns that many of the benefits rivers provide, from water to food to flood control, are increasingly at risk thanks to dams and diversions.

**သောက်သုံးရေမှ အစားအသောက်အထိ၊ ယင်းမှ မြစ်ရေထိန်းသိမ်းမှုအထိ မြစ်များကြောင့်ဖြစ်ပေါ်လာသည့် အကျိုးကျေးဇူးများမှာ ဆည်များ၊ တာတမံများကြောင့် ဆိုးရွားလာသည့် အန္တရာယ်များနှင့် ကြုံတွေ့နေရကြောင်း လေ့လာမှုအသစ်တစ်ရပ်က သတိပေးထားပါသည်။**



ကမ္ဘာပေါ်ရှိ အရှည်လျားဆုံး မြစ်ကြီးများ၏ သုံးပုံတစ်ပုံသာ အဟန့်အတားမရှိဘဲ လွတ်လပ်စွာ စီးဆင်းလျက်ရှိကြောင်း၊ ဥပမာအားဖြင့် အာရှတိုက်ရှိ မိုင် ၁၇၀၀ ကျော် ရှည်လျားသည့် သံလွင်မြစ်ကဲ့သို့ မြစ်ကြီးအနည်းငယ်မျှသာ လွတ်လပ်စွာ စီးဆင်းလျက်ရှိကြောင်း၊ မိုင် ၆၀၀ အထက်ရှည်လျားပြီး လွတ်လပ်စွာ စီးဆင်းနေသည့် မြစ်အများစုမှာ ဝေးလံပြီး အစွန်အဖျားကျသည့် အာတိတ်ဒေသ၊ အမေဇုန်နှင့် ကွန်ဂိုမြစ်ဝှမ်းဒေသတို့၌သာ တွေ့မြင်နိုင်တော့ကြောင်း လေ့လာမှုအသစ်တစ်ရပ်က ဖော်ပြခဲ့ပါသည်။

## မြစ်ကြီးများ၏ လွတ်လပ်စွာ စီးဆင်းခွင့်

လူသားတို့ တည်ဆောက်သည့် ဆည်များ၊ ရေကာတာများကြောင့် ကမ္ဘာ့မြစ်ကြီးများကို အပိုင်းပိုင်းဖြစ်စေခြင်းမှာ လူသားနှင့် တောရိုင်းတိရစ္ဆာန်တို့၏ ရှင်သန်ရေးအတွက် အရေးပါသည့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် ခြိမ်းခြောက်လျက်ရှိသည်ဟု သိပ္ပံပညာရှင်များက သတိပေးလျက်ရှိကြပါသည်။ လွတ်လပ်စွာစီးဆင်းလျက်ရှိသည့် မြစ်များသည် သန်းပေါင်းရာပေါင်းများစွာသော လူတို့အတွက် စားနပ်ရိက္ခာများ ပံ့ပိုးပေးလျက်ရှိပြီး စိုက်ပျိုးရေးအတွက်အရေးပါသည့် အနည်ပို့ချမှုများသာမက ရေကြီးရေလျှံမှုများ၊ မိုးခေါင်မှုများ၏ အကျိုးဆက်များကို လျှော့နည်းစေခြင်းကြောင့် ဇီဝမျိုးကွဲများ၏ ပြည့်စုံကြွယ်ဝမှုကို အထောက်အကူပြုစေပါသည်။

ဖော်ပြပါလေ့လာမှုအသစ်မှာ မြစ်များ၏ ဆက်နွယ်မှုနှင့် ပတ်သက်၍ ပြည့်စုံခိုင်မာစွာ သုတေသနပြုထားသည့် သုံးသပ်ချက်ဖြစ်ပြီး တစ်ချိန်တည်းတွင် လူသားတို့အနေဖြင့် ကမ္ဘာပေါ်ရှိ လွတ်လပ်စွာစီးဆင်းလျက်ရှိသည့် အရှည်လျားဆုံးမြစ်များကို ဆုံးရှုံးလျက်ရှိကြောင်း ပြသနေသည်ဟု ကနေဒါနိုင်ငံ ကွီးဘက်ပြည်နယ်ရှိ မက်ဂီးလ်တက္ကသိုလ်နှင့် ပူးပေါင်း၍ လေ့လာမှုစီမံကိန်းကို ဆောင်ရွက်ခဲ့သည့် ကမ္ဘာ့တောရိုင်းရန်ပုံငွေအဖွဲ့၏ ရေချိုဆိုင်ရာ ဦးဆောင်သိပ္ပံပညာရှင်ဖြစ်သူ မိုက်ကယ်သီယမ်က ပြောကြားခဲ့ပါသည်။

အဆိုပါလေ့လာမှုအရ ကမ္ဘာပေါ်ရှိ အရှည်လျားဆုံး မြစ်ကြီးများ၏ သုံးပုံတစ်ပုံခန့်သာ အဟန့်အတားမရှိဘဲ လွတ်လပ်စွာစီးဆင်းလျက်ရှိကြကြောင်း၊ မိုင် ၆၀၀ အထက်ရှည်လျားပြီး လွတ်လပ်စွာ စီးဆင်းနေသည့် မြစ်အများစုမှာ ဝေးလံခေါင်ဖျားသည့် အမေဇုန်နှင့် ကွန်ဂိုမြစ်ဝှမ်းနှင့် အာတိတ်ဒေသတို့၌သာရှိကြကြောင်း၊ ကမ္ဘာ့တိုက်ကြီးများအလိုက် လွတ်လပ်စွာစီးဆင်းနေသည့် မြစ်ကြီးများကို မြောက်အမေရိကတိုက်၌ ၂၅ ရာခိုင်နှုန်း၊ ဥရောပတိုက်၌ ၁၂ ရာခိုင်နှုန်း၊ အာရှတိုက်၌ ၃၃ ရာခိုင်နှုန်း၊ အာဖရိကတိုက်၌ ၄၇ ရာခိုင်နှုန်း၊ တောင်အမေရိကတိုက်၌ ၅၁ ရာခိုင်နှုန်းနှင့် ဩစတြေးလျတိုက်၌ ၆၀ ရာခိုင်နှုန်းတို့ အသီးသီးတွေ့ရှိနိုင်ကြောင်းလည်း ဖော်ပြခဲ့ပါသည်။

မြောက်အရီဇိုးနားတက္ကသိုလ်ရှိ ရေအရင်းအမြစ်ဆိုင်ရာ ပထဝီပညာရှင်တစ်ဦးဖြစ်သူ ဒင်နီရယ်ပယ်ရီက မြစ်ကြီးများမှာ မြေကမ္ဘာ၏ အသက်သွေးကြောများပင်ဖြစ်ကြကြောင်း၊ မြစ်ကြီးများ လွတ်လပ်စွာစီးဆင်းခြင်း၏ အကျိုးကျေးဇူးများမှာ ရေတွက်၍ပင် မကုန်နိုင်ကြောင်း ပြောကြားခဲ့ပါသည်။

ဂြိုဟ်တုဓာတ်ပုံဖော်ပြချက်များနှင့် အခြားသော အချက်အလက်များကိုအသုံးပြုလျက် နိုင်ငံတကာ သုတေသနပညာရှင် ၃၄ ဦးတို့က ကမ္ဘာတစ်ဝန်းရှိ မြစ်များ၏ အရှည်စုစုပေါင်း မိုင် ၇ ဒသမ ၅ သန်းကို မှတ်တမ်းတင် ဓာတ်ပုံများပြုစုခဲ့ကြပါသည်။ ယင်းလေ့လာမှုကို ဦးဆောင်သည့် မက်ဂီးလ်တက္ကသိုလ်မှ ပထဝီပညာရှင် ဂွန်သာဂရီးလ်က ဆယ်စုနှစ်တစ်ခုစာ မှတ်တမ်းပြုစုထားရှိချက်များနှင့် ပြင်ဆင်ထားရှိမှုများကို စုစည်းသည့်ရလဒ်ပင်ဖြစ်ကြောင်း ၂၀၁၉ ခုနှစ် မေလ ၈ ရက်နေ့ထုတ် သဘာဝသိပ္ပံဂျာနယ်၌ ဖော်ပြခဲ့ပါသည်။

သုတေသနပညာရှင်များ၏ လေ့လာချက်အရ မြစ်ကြီးများမှာ အလျားပိုမိုရှည်လျားသည်နှင့်အမျှ ယင်းတို့အပေါ် (လူသားတို့၏) ပြုပြင်မှု၊ အတားအဆီးပြုမှု ပိုမိုများပြားတတ်ကြောင်း၊ ကမ္ဘာတစ်ဝန်း အရှည် ၆၂ မိုင် (၁၀၀ ကီလိုမီတာ) ထက် ပိုမိုရှည်လျားခြင်း မရှိသည့် မြစ်များ၏ ၉၇ ရာခိုင်နှုန်းမှာ လွတ်လပ်စွာစီးဆင်းနေဆဲဖြစ်သော်လည်း အမေရိကန်ပြည်ထောင်စု၊ တရုတ်နိုင်ငံ၊ အနောက်ဥရောပနှင့် ကမ္ဘာ့အခြားသောဒေသများရှိ အလျားမိုင် ၃၀၀ အထက် ရှည်လျားသည့် မြစ်ကြီးများ အနက် အနည်းငယ်မျှသာ လွတ်လွတ်လပ်လပ် စီးဆင်းလျက်ရှိကြကြောင်း တွေ့ရှိရသည်။

## လွတ်လပ်စွာ စီးဆင်းခွင့်၏ အနှောင့်အယှက်များ

အဆိုပါလေ့လာမှုအရ မြစ်များအပေါ် အဓိကအဟန့်အတားဖြစ်စေသည်မှာ ရေကာတာများ၊ ဆည်များ ဖြစ်ကြသော်လည်း ရေသွယ်ယူမှု၊ အနည်ကျမှုတို့ကလည်း ကမ္ဘာအနှံ့ရှိ မြစ်အများအပြားတို့၏ စီးဆင်းမှုကို အဟန့်အတားဖြစ်စေကြောင်း တွေ့ရှိရပါသည်။ လေ့လာသုံးသပ်ချက်များအရ ကမ္ဘာတစ်ဝန်းလုံး၌ အရွယ်အစားကြီးမားသည့် ဆည်ပေါင်း ၆၀၀၀၀ ကျော်ရှိနေပြီး ဆောက်လုပ်နေဆဲ (သို့မဟုတ်) ဆောက်လုပ်ရန် စီစဉ်ထားသည့် ဆည်ပေါင်း ၃၇၀၀ ကျော်ရှိကြောင်း၊ ဆောက်လုပ်ဆဲ သို့မဟုတ် ဆောက်လုပ်ရန်ပြင်ဆင်လျက်ရှိသည့် အရေအတွက်မှာ ယင်းထက်ပိုမိုများပြားနိုင်ကြောင်း၊ ဥပမာအားဖြင့် “ဥရောပ၏ အသည်းနှလုံးပြာကို ကယ်ဆယ်ရေး” လှုပ်ရှားမှုအုပ်စု၏ အစီရင်ခံစာအရ အရှေ့ဥရောပရှိ ဘော်လ်ကန်ဒေသတစ်ခုတည်း၌ပင် ရေအားလျှပ်စစ်ထုတ်လုပ်မည့် စီမံကိန်းပေါင်း ၃,၀၀၀ ခန့်ရှိနေကြောင်း သိရှိရပါသည်။

လွတ်လပ်စွာစီးဆင်းလျက်ရှိသည့် ရှည်လျားသော မြစ်ကြီးများကို လူသူအရောက်အပေါက်နည်းပါးပြီး ယခင်ကာလများက ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်ရန် မလွယ်ကူလှသည့်ဒေသများ၌ တွေ့ရှိရတတ်ပါသည်။ သို့ရာတွင် အင်ဂျင်နီယာပိုင်းနည်းပညာများ တိုးတက်ဖြစ်ပေါ်လာသည်နှင့်အမျှ ယင်းအနေအထားမှာ ပြောင်းလဲလာလျက်ရှိပါသည်။ ကမ္ဘာ့အရှည်လျားဆုံးမြစ်ဝှမ်းဒေသဖြစ်သည့် တောင်အမေရိကတိုက်မှ အမေဇုန်မြစ်ဝန်းဒေသ၌ ရေအားလျှပ်စစ်စီမံကိန်းပေါင်း ၅၀၀ ခန့် စီစဉ်လျက်ရှိရာ ယင်းသည် ဂေဟစနစ်တစ်ခုလုံးကို လုံးဝပြောင်းလဲစေမည်ဖြစ်ကြောင်း ယင်းဒေသ၌ လုပ်ငန်းကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည့် ပထဝီပညာရှင်ပယ်ရီက ပြောကြားခဲ့ပါသည်။

အာဖရိကတိုက်၌ နိုင်ငံပေါင်းများစွာသည် စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ရေအားလျှပ်စစ်ဘက်သို့ ဦးတည်လာကြပါသည်။ သို့ရာတွင် အချို့သော စီမံကိန်းများမှာ ဆင်ခြင်တုံနည်းပါးစွာ အကြံပြုထားခြင်းဖြစ်ကြောင်း ဝေဖန်သူများက ပြောကြားကြပါသည်။ သာဓကအနေဖြင့် အာဖရိကတိုက်တောင်ပိုင်းရှိ လွတ်လပ်စွာစီးဆင်းနေသည့် ရှည်လျားသော မြစ်ကြီးများအနက် တစ်ခုအပါအဝင်ဖြစ်သည့် ဇမ်ဘီယာနိုင်ငံ၏ လွမ်ဂွါမြစ်ပေါ်၌ တည်ဆောက်မည့် ရေကာတာစီမံကိန်းမှာ ရာသီလိုက် မြစ်ရေအတက်အကျများကြောင့် စီမံကိန်းအကောင်အထည်ဖော်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့ရဖွယ်ရှိသည်ဟု စိုးရိမ်မကင်းဖြစ်လျက်ရှိကြပါသည်။

ယင်းနေရာ၌ ရေကာတာတည်ဆောက်မည့်ကိစ္စမှာ အဓိပ္ပာယ်ကင်းမဲ့ကြောင်း၊ အဆိုပါရေကာတာအနေဖြင့် ကြီးမားသည့် ဒေသနေရာများကို ရေလွှမ်းစေမည့်အပြင် ထောင်ပေါင်းများစွာသော ဒေသခံများကို ရွှေ့ပြောင်းအခြေချစေရုံသာမက ခြသေ့်များ၊ ဆင်များ၊ အခြားသော တောရိုင်းတိရစ္ဆာန်များအတွက် များစွာပျက်စီးမှုမရှိသေးသည့် အဓိကမှီတင်းရာများကိုလည်း ဆုံးရှုံးစေမည်ဖြစ်ကြောင်း ရေချိုဆိုင်ရာသိပ္ပံပညာရှင် မိုက်ကယ်သီယမ်က ပြောကြားခဲ့ပါသည်။

အရှေ့တောင်အာရှဒေသရှိ ရေအားလျှပ်စစ် ဖွံ့ဖြိုးရေးအတွက် အလားအလာကြီးမားသော နေရာတစ်ခုဖြစ်သည့် မဲခေါင်မြစ်နှင့် ယင်း၏ မြစ်လက်တက်များတစ်လျှောက် လာအိုတစ်နိုင်ငံတည်းက ရေကာတာပေါင်း ၅၀ ထက်မနည်း တည်ဆောက်ရန်စီစဉ်ထားကြောင်း၊ အမေရိကန်နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီ၏ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ‘မဲခေါင်မြစ်၏ အံ့သြဖွယ်ရာများ’ဟု အမည်ရသည့် သုတေသနလုပ်ငန်းကို ဦးဆောင်ခဲ့သည့် နီဗားဒါးတက္ကသိုလ်၊ ငါးများဆိုင်ရာ ဇီဝပညာရှင် ဇက်ဘ်ဟိုဂန်က ရေကာတာအများအပြား တည်ဆောက်မှုကြောင့် တဖြည်းဖြည်းချင်း မဲခေါင်မြစ်အပိုင်းပိုင်းဖြစ်လာပြီး ၎င်း၏ လုပ်ငန်းဆောင်ရွက်ချက်များ ပျက်ပြားကာ ယင်းအပေါ် မှီခိုနေသည့် သန်းပေါင်းများစွာ ဒေသခံများ၊ ကြီးမားလှသည့် တောရိုင်းဇီဝမျိုးကွဲများအပေါ် အထောက်အပံ့ ပြုနိုင်ခြင်းမရှိတော့မည်ကို စိုးရိမ်ကြောင်း ပြောကြားခဲ့ပါသည်။

## ငါးအုပ်များအရေအတွက် ကျဆင်းလာခဲ့ခြင်း

ရေအားလျှပ်စစ်မှာ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ရင်းမြစ်တစ်ခုဖြစ်သည့်အားလျော်စွာ အားပေးထောက်ခံသူများက ရေအားလျှပ်စစ်ကို ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအတွက် အစားထိုးတစ်ခုအဖြစ် အသုံးပြုသင့်ကြောင်း မကြာခဏ ဖော်ပြလေ့ရှိကြပါသည်။ သို့ရာတွင် သိပ္ပံပညာရှင်များ၊ အထူးသဖြင့် ငါးများနှင့်ဆက်နွယ်သည့် ကိစ္စရပ်များကို အလေးပေးလုပ်ဆောင်နေသူများက ယင်းအယူအဆကို လက်သင့်မခံကြပေ။ နယ်သာလန်နိုင်ငံ ဂရိုနင်ဂန်ရှိ ငါးများရွှေ့ပြောင်းသွားလာမှုလေ့လာရေးဆိုင်ရာ ကမ္ဘာ့ဖောင်ဒေးရှင်းမှ တီထွင်ဖန်တီးမှုဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဂေဟပညာရှင်တစ်ဦးဖြစ်သူ ဟာမန်းဝမ်နင်ဂမ်က ရေအားလျှပ်စစ်သည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်ကောင်း ဖြစ်နိုင်သော်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုခြင်းမရှိကြောင်း ပြောကြားခဲ့ပါသည်။ ရေကာတာတစ်ခုတည်ဆောက်လိုက်သည့်အခါ လွတ်လပ်စွာစီးဆင်းနေသည့် မြစ်သည် ရုတ်ခြည်းဆိုသလို ကောင်းစွာစီးဆင်းခြင်းမရှိတော့သည့် ရေလှောင်ကန်တစ်ခုဖြစ်သွားပြီး တိရစ္ဆာန်များအတွက် သဘာဝမှီတင်းရာများလည်း ပျောက်ကွယ်ကုန်ကြောင်း၊ ယင်းတို့နှင့်အတူ ငါးများလည်း ပျောက်ဆုံးကုန်ကြောင်း၊ ထို့ထက်ဆိုးရွားသည်မှာ ရေကာတာများ တည်ဆောက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့်ရေလှောင်ကန်များ အတွင်းရှိ ရေများသည် လွတ်လပ်စွာစီးဆင်းရခြင်းမရှိသည့် အလျောက် ပိုမိုပူနွေးလာပြီး ရာသီဥတုပြောင်းလဲမှု ပြဿနာကို ပိုမိုဆိုးရွားစေကြောင်း ဝမ်နင်ဂမ်က ပြောကြားခဲ့ပါသည်။

> **“ရေကာတာတစ်ခု တည်ဆောက်လိုက်သည့်အခါ လွတ်လပ်စွာ စီးဆင်းနေသည့် မြစ်သည် ရုတ်ခြည်း ဆိုသလို ကောင်းစွာစီးဆင်းခြင်းမရှိတော့သည့် ရေလှောင်ကန်တစ်ခု ဖြစ်သွားပြီး တိရစ္ဆာန်များအတွက် သဘာဝမှီတင်းရာများလည်း ပျောက်ကွယ်ကုန်ကြောင်း၊ ယင်းတို့နှင့်အတူ ငါးများလည်း ပျောက်ဆုံးကုန်ကြောင်း၊ ထို့ထက်ဆိုးရွားသည်မှာ ရေကာတာများ တည်ဆောက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရေလှောင်ကန်များ အတွင်းရှိ ရေများသည် လွတ်လပ်စွာစီးဆင်းရခြင်း မရှိသည့်အလျောက် ပိုမိုပူနွေးလာပြီး ရာသီဥတုပြောင်းလဲမှုပြဿနာကို ပိုမိုဆိုးရွားစေ”**

*စာမျက်နှာ ၈ သို့*

# မလေးရှားနိုင်ငံမှ နေရပ်ပြန် မြန်မာနိုင်ငံသား ၂၁ ဦး ထားဝယ်မြို့သို့ ပြန်လည်ရောက်ရှိ

ထားဝယ် မေ ၁၂

မလေးရှားနိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံရပြီးနောက် ပြစ်ဒဏ်ကာလ ကုန်ဆုံးသွားပြီးဖြစ်သော နေရပ်ပြန်မြန်မာနိုင်ငံသား ၂၁ ဦးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် မှန်လုံယာဉ်ဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ ယနေ့ နံနက်ပိုင်းက ရောက်ရှိခဲ့သည်။

၎င်းတို့အား တနင်္သာရီတိုင်းဒေသကြီး မလွဲတောင်စစ်ဆေးရေးဂိတ်၌ ရောဂါကာကွယ် ထိန်းချုပ်ရေးအဖွဲ့များက ခန္ဓာကိုယ်ပိုးမွှားသန့်စင်စက်ဖြင့် ပိုးမွှားသန့်စင်ပေးခြင်း၊ ကိုယ်အပူချိန် တိုင်းတာပေးခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ဆက်လက်၍ ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားခန်းမ၌ နေရပ်ပြန် မြန်မာနိုင်ငံသား ၂၁ ဦးအား မြန်မာရွှေ့ပြောင်း အလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဦးကျော်မင်းနှင့် ကော်မတီအဖွဲ့ဝင်များက ရွှေဝယ်သီရိအားကစားခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကြေညာချက်များ၊ ဒေသအတွင်း ထုတ်ပြန်ထားသည့်ဒေသန္တရအမိန့်များ၊ ဝင်ရောက်လာသူများမှ လိုက်နာရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဇမ္ဗူသီရိ မွန်မြတ်သော ကုသိုလ်ပြုအရေးပေါ်လူနာ (အခမဲ့)ကူညီသယ်ဆောင်ရေးအဖွဲ့နှင့် တာဝန်ရှိသူများက မှန်လုံယာဉ်ဖြင့် ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း ၂၁ ရက်ထားရှိမည့် ထားဝယ်တက္ကသိုလ် ရွှေဝယ်ထိပ်ထားဆောင်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

❑ *ကျောဖုံးမှ*

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာသံရုံး၊ ဗန်ကောက်မြို့နှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းလျက် ထိုင်းနိုင်ငံတွင် အခက်အခဲကြုံတွေ့နေကြသဖြင့် မြန်မာနိုင်ငံသို့ ပြန်လိုသော မြန်မာနိုင်ငံသား ၁၃၅ ဦးအား ပထမ အသုတ်အဖြစ် မေ ၆ ရက်တွင် ပြန်လည်ခေါ်ဆောင်ခဲ့ပြီးဖြစ်ရာ ဒုတိယအသုတ်အဖြစ် ပြန်လည်ရောက်ရှိလာသူများ အပါအဝင် စုစုပေါင်း ၂၀၂ ဦးအား ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တန့်ယန်းမြို့နယ်ရှိ ပြည်ပပြန်များအားစောင့်ကြပ်ကြည့်ရှုသည့် စခန်းများ၌ ပိုးသတ်ဆေးဖျန်း

တန့်ယန်း မေ ၁၂

ရှမ်းပြည်နယ် တန့်ယန်းမြို့နယ်အတွင်းသို့ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား ထားရှိသော အသွားအလာကန့်သတ် စောင့်ကြည့်ရေးစခန်းများ၌ မြို့နယ် အရန်မီးသတ်တပ်ရင်းမှ တပ်ဖွဲ့ဝင်များက မေ ၁၁ ရက်က ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြောင်း သိရသည်။

တန့်ယန်းမြို့နယ်၌ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် အထက(၂)၊ အလကကျောင်းနှင့် အမှတ်(၂)ရပ်ကွက်တို့တွင် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများ ဖွင့်လှစ်ကာ မြို့နယ်မှ တာဝန်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းများနှင့် စေတနာရှင်ပြည်သူများပူးပေါင်း၍ စောင့်ကြည့်ခံနေသူများအတွက် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

## ဖလမ်းမြို့ရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်းဝင်သူများအတွက် စားသုံးကုန်ပစ္စည်းများလှူဒါန်း

ဖလမ်း မေ ၁၂

ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ကာကွယ်နိုင်ရေး ဖလမ်းမြို့ရှိ အသွားအလာကန့်သတ်ထားသူများအတွက် ရန်ကုန်အခြေစိုက် Thomas Gold Travel Agency( Air Ticketing )မှ ထောက်ပံ့လှူဒါန်းသော စားသုံးကုန်ပစ္စည်းများ ယနေ့ နံနက်ပိုင်းက ဖလမ်းမြို့သို့ ရောက်ရှိသည်။

ဖလမ်းမြို့ရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်း ဝင်သူများအတွက် ဆန်အိတ် ၅၀ ၊ ဆီ ပိဿာ ၅၀ ၊ ကြက်သွန်နီ ပိဿာ ၃၀၊ ကုလားပဲ နှစ်အိတ်၊ အာလူး ပိဿာ ၃၀ ၊ ကြက်ဥအလုံး ၂၀၀၀ နှင့် တစ်ခါသုံး ထမင်းထည့်ဘူး အခု ၅၀၀ တို့ကို ရန်ကုန်အခြေစိုက် Thomas Gold Travel Agency(Air Ticketing) မှ ထောက်ပံ့လှူဒါန်းပြီး ZOMI COVID–19 Response Committee က Falam COVID–19 Committee သို့ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဌါန်(ပြန်/ဆက်)**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၂၀၁၉ | ၁၈၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၇၆ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၃၉၈၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၆၄ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၅ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| | စုစုပေါင်း | ၁၈၀ | ၆ |

❖ အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၂-၅-၂၀၂၀ ရက်၊ ည (၈)နာရီ

### ၁၂-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၃၈၇၄၉၉ | ၂၆၂၂၅ | ၈၁၉၃၇ |
| ၂။ | စပိန် | ၂၆၉၅၂၀ | ၁၈၀၄၇၀ | ၂၆၉၂၀ |
| ၃။ | ရုရှား | ၂၃၂၂၄၃ | ၄၃၅၁၂ | ၂၁၁၆ |
| ၄။ | ဗြိတိန် | ၂၂၃၀၆၀ | စိစစ်ဆဲ | ၃၂၀၆၅ |
| ၅။ | အီတလီ | ၂၁၉၈၁၄ | ၁၀၆၅၈၇ | ၃၀၇၃၉ |
| ၆။ | ပြင်သစ် | ၁၇၇၄၂၃ | ၅၆၇၂၄ | ၂၆၆၄၃ |
| ၇။ | ဂျာမနီ | ၁၇၂၆၂၆ | ၁၄၇၂၀၀ | ၇၆၆၁ |
| ၈။ | ဘရာဇီး | ၁၇၀၀၂၁ | ၆၇၃၈၄ | ၁၁၇၀၁ |
| ၉။ | တူရကီ | ၁၃၉၇၇၁ | ၉၅၇၈၀ | ၃၈၄၁ |
| ၁၀။ | အီရန် | ၁၁၀၇၆၇ | ၈၈၃၅၇ | ၆၇၃၃ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၂ - ၅ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၂၄၆၇၁ | ၃၂၂၅ | ၂၁ |
| အင်ဒိုနီးရှား | ၁၄၇၄၉ | ၃၀၆၃ | ၁၀၀၇ |
| ဖိလစ်ပိုင် | ၁၁၃၅၀ | ၂၁၀၆ | ၇၅၁ |
| မလေးရှား | ၆၇၄၂ | ၅၂၂၃ | ၁၀၉ |
| ထိုင်း | ၃၀၁၇ | ၂၇၉၈ | ၅၆ |
| ဗီယက်နမ် | ၂၈၈ | ၂၅၂ | ၀ |
| မြန်မာ | ၁၈၀ | ၇၆ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၄ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၁ | ၀ |
| လာအို | ၁၉ | ၁၃ | ၀ |

# ယခုနှစ်မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို တစ်နှစ်အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးသွားမည်



နေပြည်တော် မေ ၁၂

ယခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို တစ်နှစ်အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် လာမည့် မေ ၁၅ ရက်မှ စတင်ကာ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးချုပ်မှ သိရသည်။

"မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ယခင်နှစ်က အတိုးနှုန်း ရှစ်ရာခိုင်နှုန်းနဲ့ထုတ်ချေးခဲ့ပြီး ဒီနှစ်မှာ အတိုးနှုန်း ငါးရာခိုင်နှုန်းနဲ့သာ ထုတ်ချေးပေးသွားပါမယ်။ နိုင်ငံတစ်ဝန်း မြို့နယ်ပေါင်း ၂၅၀ ခန့်က တောင်သူ ၁၇ သိန်းခန့်ကို မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအနေနဲ့ ယခင်နှစ်က ငွေကျပ် ၁၃၆၅ ဘီလီယံ ထုတ်ချေးပေးခဲ့ရာကနေ ဒီနှစ်မှာ ငွေကျပ် ၁၄၇၁ ဘီလီယံခန့် ထုတ်ချေးပေးသွားဖို့ လျာထားပါတယ်" ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက ပြောသည်။

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို တစ်ဧကလျှင် တစ်သိန်းခွဲနှုန်းဖြင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်များမှ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ရာ ယခင်နှစ် ချေးငွေကြွေးကျန်မရှိသူများကိုသာ ထုတ်ချေးပေးသွားမည်ဖြစ်သည်။ ထို့ပြင် ယခင်နှစ်ချေးငွေများကို နှစ်စဉ်ဧပြီလကုန်တွင် ပြန်လည်ပေးဆပ်ရန် သတ်မှတ်ထားသော်လည်း ကမ္ဘာတစ်ဝန်း ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် ချေးငွေပြန်ဆပ်ကာလကို မေလကုန်အထိ တိုးမြှင့်ပေးထားကြောင်းသိရသည်။

"ယခင်နှစ်က ချေးထားတဲ့ ချေးငွေတွေထဲကနေ ၅၀ ရာခိုင်နှုန်းတော့ ပြန်ရနေပါပြီ။ ချေးငွေပြန်ဆပ်ရမယ့်ကာလက ကိုဗစ်ဖြစ်ပွားတဲ့ ကာလနဲ့တိုက်ဆိုင်နေပါတယ်။ ဒါ့ကြောင့်ချေးငွေပြန်ဆပ်ကာလကို မေလကုန်ထိသက်တမ်းတိုးပေးထားပါတယ်" ဟု ဦးမင်းသူက ပြောသည်။

"မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ဘဏ်ခွဲပေါင်း ၂၀၈ ဘဏ်ကနေ ထုတ်ချေးပေးမှာပါ။ ထုတ်ချေးရာမှာလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကိုဗစ်-၁၉ ရောဂါတားဆီးကာကွယ်ရေးနည်းလမ်းများနဲ့အညီ ထုတ်ချေးပေးသွားမှာပါ။ ဒီအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပါတယ်။

"ထုတ်ချေးပေးမယ့် ဘဏ်ခွဲရဲ့ဝါယာကျဉ်းရင်တော့ သက်ဆိုင်ရာ မြို့နယ်ခန်းမတွေ၊ အားကစားခန်းမတွေနဲ့ စာသင်ကျောင်းတွေမှာ ထုတ်ချေးပေးဖို့ စီစဉ်ထားပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်ပြီး လက်ဆေးဘေစင်တွေ၊ ကျန်းမာရေးဆိုင်ရာအသိပေးချက်တွေ၊ တောင်သူကြီးတွေ တစ်ဦးနဲ့တစ်ဦး ခြောက်ပေခွာပြီးနေထိုင်ဖို့နဲ့ စာအုပ်ထပ်မယ့်နေရာတွေ၊ ငွေထုတ်ရန်နေရာတွေ စသဖြင့် ဆောင်ရွက်ထားမှာပါ။ ဘဏ်တွေကိုလည်း ကာကွယ်ဆေးဖျန်းတာနဲ့ ထုံးဖြူးတာတွေ အကုန်လုံးလုပ်ထားပြီးပါပြီ" ဟု ဦးမင်းသူက ပြောသည်။

တစ်နိုင်ငံလုံးအနေဖြင့် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ငွေကျပ် ၁၄၇၁၅၁၇ ဒသမ ၁ သန်း ထုတ်ချေးပေးသွားမည်ဖြစ်ရာ နေပြည်တော်ကောင်စီနယ်မြေတွင် ၂၀၃၇၆ ဒသမ ၆ သန်း၊ ကချင်ပြည်နယ်တွင် ၂၉၆၂၃ ဒသမ ၃၅ သန်း၊ ကယားပြည်နယ်တွင် ၄၁၈၄ ဒသမ ၁ သန်း၊ ကရင်ပြည်နယ်တွင် ၆၈၂၈ ဒသမ ၆ သန်း၊ ချင်းပြည်နယ်တွင် ၂၃၀၉ ဒသမ ၅ သန်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၄၅၆၆၉ ဒသမ ၁ သန်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၁၆၈၇၁ သန်း၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၈၇၆၀၉ ဒသမ ၇ သန်း၊ မကွေးတိုင်းဒေသကြီးတွင် ၁၄၃၁၇၃ ဒသမ ၇ သန်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၇၂၃၂၂ ဒသမ ၃ သန်း၊ မွန်ပြည်နယ်တွင် ၄၃၂၀၃ ဒသမ ၂၅ သန်း၊ ရခိုင်ပြည်နယ်တွင် ၈၅၄၇၀ ဒသမ ၄ သန်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၉၃၅၃၃ ဒသမ ၄၅ သန်း၊ ရှမ်းပြည်နယ်(တောင်ကြီး)တွင် ၁၈၅၃၀ ဒသမ ၁ သန်း၊ ရှမ်းပြည်နယ်(လားရှိုး)တွင် ၉၅၀၆ ဒသမ ၈ သန်းနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၂၉၂၃၀၅ ဒသမ ၁၅ သန်း အသီးသီးထုတ်ချေးပေးရန် လျာထားကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်**

## ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများတွင် လုပ်သားအင်အားများ လိုအပ်လျက်ရှိကြောင်း အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန က တည်ဆောက်ထိန်းသိမ်းထားသော အောက်ဖော်ပြပါ ဆည်ရေသောက်စနစ် (၅) ခု အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများကို ကမ္ဘာ့ဘဏ်ချေးငွေနှင့် ဂျပန်နိုင်ငံ ODA ချေးငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် လူအင်အား (လုပ်သားအင်အား) ကို အဓိကထား သုံးစွဲဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသောဒေသများတွင် အလုပ်အကိုင် ရရှိဆောင်ရွက်လိုသော ပြည်သူများအနေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများထဲမှ မိမိတို့နှင့် နီးစပ်ရာလုပ်ငန်းခွင်များရှိ တာဝန်ခံများနှင့်ဆက်သွယ်၍ သင့်လျော်ရာလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

| စဉ် | ဆည်ရေသောက်စနစ် | မြို့နယ်/ တိုင်းဒေသကြီး | ဆက်သွယ်ရမည့် တာဝန်ခံ | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ၁။ | သဲကော | လက်ပံတန်း၊ သာယာဝတီ/ပဲခူး | ဦးစပ်ခွန်ဦး | လ/ထညွှန်ကြားရေးမှူး | ၀၉-၂၀၀၂၀၅၉ |
| ၂။ | ဘောနီ | ဒိုက်ဦး/ပဲခူး | ဦးမောင်မောင်မိုးညွန့် | လ/ထညွှန်ကြားရေးမှူး | ၀၉-၂၅၀၀၆၄၉၀၉ |
| ၃။ | ငလိုက် | ဥတ္တရသီရိ/ နေပြည်တော် | ဦးကျော်ကျော်နိုင် | လ/ထညွှန်ကြားရေးမှူး | ၀၉-၂၅၀၆၈၉၁၈၅ |
| ၄။ | ဇီးတော | ကျောက်ဆည်/ မန္တလေး | ဦးအောင်ဇော်မင်း | လ/ထညွှန်ကြားရေးမှူး | ၀၉-၄၃၀၆၄၂၉၇ |
| ၅။ | သဖန်းဆိပ် | ရွှေဘို၊ကန့်ဘလူ/ စစ်ကိုင်း | ဦးဝင်းထိုက် | ဒုတိယညွှန်ကြားရေးမှူး | ၀၉-၄၂၈၆၁၇၃၂၃ |

စာမျက်နှာ ၆ မှ

ဆည်ကြီးများ၊ ရေကာတာများသည် ရာသီအလိုက်ပြောင်းရွှေ့သွားလာတတ်သည့် ငါးအုပ်များကို ယင်းတို့အတွက် အရေးပါသည့် ဥချရန်နေရာများသို့ အရောက်မသွားနိုင်အောင် အကျပ်အတည်းများ ဖြစ်စေပါသည်။ အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းရှိ ကိုလံဘီယာကဲ့သို့ မြစ်များအနေဖြင့် ကမ္ဘာအနှံ့လှည့်လည်သွားလာနေသည့် ဆာလ်မွန်ငါးကြီးများအတွက် တစ်ချိန်က အဓိကမှီတင်းရာဖြစ်ခဲ့သော်လည်း အဆိုပါမြစ်ကြီးများကို ပိတ်၍ ရေကာတာများ ဆောက်လုပ်ပြီးချိန်တွင် ငါးအုပ်များကို မတွေ့ရသလောက်အနေအထားဖြစ်ပေါ်ခဲ့ပါသည်။ တရုတ်နိုင်ငံ၌ ကဲကျူးပါးနှင့် မြစ်ကြီးသုံးသွယ် ရေကာတာများကဲ့သို့ ကြီးမားလှသည့် ရေအားလျှပ်စစ်စက်ရုံများ တည်ထောင်ခဲ့ခြင်းကြောင့် ကမ္ဘာပေါ်၌ အကြီးမားဆုံး ရေချိုမြစ်ကြီးများ မျိုးစိတ်တစ်ခုဖြစ်သည့် ပိုလီယို ဒွန်တီဒေးမျိုးရင်းဝင် လှော်တက်ငါးကြီးများမှာ မျိုးသုဉ်းလုနီးပါး ဖြစ်ခဲ့ရပါသည်။

ကမ္ဘာပေါ်၌ ဝင်ရိုးစွန်းများနှင့်ဝေးကွာပြီး အခြောက်သွေ့ဆုံး တိုက်ကြီးတစ်ခုဖြစ်သည့် ဩစတြေးလျတိုက်ပေါ်၌ မြစ်အများစုကို ရေသွယ်ယူရေးလုပ်ငန်းများအတွက်ပြောင်းလဲအသုံးချထားသဖြင့် မြစ်အတွင်းမှ ငါးများသည် မကြာခဏဆိုသလို ပိုမိုသစ်လွင်ပြီး အရည်အသွေး ပိုနိမ့်သော မှီတင်းရာများသို့ ပြောင်းရွှေ့ရတတ်ပါသည်။ ၂၀၁၉ ခုနှစ်ဆန်းပိုင်းတွင် ဩစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်း မာရေး-ဒါလင် မြစ်ဝှမ်းဒေသအတွင်း ရေစီးရေလာနှေးကွေးမှုကြောင့် မျိုးသုဉ်းတော့မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် မာရေးကော့ဒ်ငါးများအပါအဝင် ငါးပေါင်း တစ်သန်းခန့်သေဆုံးမှုအတွက် တွန်းအားပေးခဲ့ကြောင်း၊ ရေများ အလွန်အကျွံထုတ်ယူသုံးစွဲမှုကလည်း မြစ် ရေစီးရေလာနှေးကွေးမှု၌ အကြောင်းရင်းတစ်ရပ်အဖြစ် ပါဝင်ကြောင်း သိရှိရပါသည်။

ဆစ်ဒနီမြို့ရှိ ချားလ်စတက်တက္ကသိုလ်မှ ရေချိုငါးဆိုင်ရာ ဂေဟပညာရှင် လီဘောင်းဂျဲသ်နာက ဩစတြေးလျနိုင်ငံ၏ လက်ရှိအချိန်ရှိ ရေချိုငါးအရေအတွက်မှာ စက်မှုလုပ်ငန်း တိုးတက်ဖြစ်ပေါ်မှုမတိုင်မီကရှိခဲ့သည့် အရေအတွက်၏ ၁၀ ရာခိုင်နှုန်းခန့်သာရှိတော့ကြောင်း၊ စက်မှုလုပ်ငန်း တိုးတက်ဖြစ်ပေါ်မှုများ စတင်ခြင်းနှင့်အတူ ဩစတြေးလျနိုင်ငံ၏ မြစ်ကြီးများမှာလည်း ပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

**အခြေအနေ ပြောင်းလဲလာမှု**

ကမ္ဘာ့ဒေသအချို့၌ ရေအားလျှပ်စစ်ဖွံ့ဖြိုးရေး စီမံကိန်းများမှာ အရှိန်အဟုန်မြင့်မားဆဲ ဖြစ်သော်လည်း အချို့သောဒေသများ၌ အရှိန်အဟုန်လျော့ကျလာလျက်ရှိပါသည်။ တစ်ချိန်က အခြားသောနိုင်ငံများထက် ရေကာတာအရေအတွက် ပိုမိုများပြားခဲ့သည့် တရုတ်နိုင်ငံ၌ သံလွင်မြစ်အထက်ပိုင်းရှိ စီမံကိန်းများအပါအဝင် ပြည်တွင်းရေအားလျှပ်စစ်စီမံကိန်း အများအပြားကို ဖျက်သိမ်းခဲ့ပါသည်။

ယခုအချိန်အထိ ဥရောပတိုက်၌ လွတ်လပ်စွာစီးဆင်းနေသည့် မြစ်များကို ဘော်လ်ကန်ဒေသ၏ အချို့သောအစိတ်အပိုင်းများ၌ အများဆုံးတွေ့နေရပြီး ယင်းဒေသများ၌ ရေကာတာအမြောက်အမြားတည်ဆောက်မည့် စီမံကိန်းများရှိနေပါသည်။ အချို့သောရေကာတာ စီမံကိန်းများမှာ အမျိုးသားဥယျာဉ်များအတွင်းနှင့် အခြားသော ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုဒေသများအတွင်း ကျရောက်နေသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လှုပ်ရှားတက်ကြွသူများက ကန့်ကွက်မှုများပြုလုပ်ခဲ့ကြပြီး အောင်မြင်မှုအချို့လည်း ရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ် စောစောပိုင်းက ကိုဆိုဗို၌ ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်မှုစီမံကိန်းအပေါ် ကြီးမားသည့် လူစုလူဝေးဖြင့် ကန့်ကွက်မှုများကြောင့် တာဝန်ရှိသူတို့မှ ရေကာတာအသစ်များ တည်ဆောက်မှုအပေါ် တားမြစ်မိန့်ထုတ်ပြန်ခဲ့ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။

ဘော်လ်ကန်ဒေသ၌ ငါးများပြန်လည်ထိန်းသိမ်းရေးကိစ္စများအပေါ် ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိသည့် သဘာဝသယံဇာတထိန်းသိမ်းရေးအဖွဲ့မှ ဇီဝမျိုးကွဲများဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဂျွန်ဇာဘာလော့ခီက ယင်းအချက်ကို ကြိုဆိုခဲ့သော်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လှုပ်ရှားတက်ကြွသူများအနေဖြင့် လက်တွေ့ကျသည့် ချဉ်းကပ်မှုမျိုး ချမှတ်သင့်ကြောင်း၊ အယ်ဘေးနီးယားကဲ့သို့ အရှေ့ဥရောပနိုင်ငံ တစ်နိုင်ငံအနေဖြင့် ယင်း၏ လျှပ်စစ်ဓာတ်အား ၁၀၀ ရာခိုင်နှုန်းနီးပါးကို ရေအားလျှပ်စစ်မှရရှိနေရာ ယင်းကဲ့သို့ အခြေအနေမျိုးတွင် ရေအားလျှပ်စစ်ကို လုံးဝဖယ်ရှားရေးမှာ လက်တွေ့မကျလှကြောင်း၊ သို့ဖြစ်၍ အခြားသောရွေးချယ်ရာများကို ရှာဖွေရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စု၌ အရွယ်အစားမျိုးစုံသည့် ရေကာတာပေါင်း ၈၀,၀၀၀ ကျော်ရှိပြီး နိုင်ငံ၏ စွမ်းအင် ၇ ရာခိုင်နှုန်းကို ရေအားလျှပ်စစ်မှရရှိပါသည်။ အမေရိကန်ပြည်ထောင်စုအတွင်း ရေအားလျှပ်စစ် စက်ရုံအသစ်များ ထပ်မံတည်ဆောက်ရန် စီမံကိန်းများမရှိတော့သည့်အပြင် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ဆည်များ၊ ရေကာတာများကို ဖျက်သိမ်း၍ မြစ်များကို မူလအနေအထားရောက်ရှိစေရန် အားကျိုးမာန်တက်ကြိုးပမ်းခဲ့ကြရာ ယခုအချိန်အထိ တစ်နိုင်ငံလုံးမှ ရေကာတာပေါင်း ၁၅၀၀ နီးပါးကို ဖျက်သိမ်းခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

ယင်းတို့အနက် ပစိဖိတ်အနောက်မြောက်ဘက် အယ်လ်ဝါမြစ်ပေါ်၌ တည်ဆောက်ထားသည့် အယ်လ်ဝါနှင့် ဂလိုင်းစ်လျှိုမြောင် ရေကာတာနှစ်ခုတို့ကို ၂၀၁၂ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် အသီးသီးဖယ်ရှားခဲ့ပြီးဖြစ်ရာ ယင်းနောက်ပိုင်းတွင် မြောက်ပစိဖိတ်ဒေသ အသားနီ ဆာလ်မွန်ငါးများ၊ ဘူးလ်ထရောက်ငါးများအပါအဝင် ငါးမျိုးစိတ်အများအပြား အယ်လ်ဝါမြစ်အတွင်းသို့ ပြန်လည်ရောက်ရှိလာကြပါသည်။

အနောက်ဥရောပနိုင်ငံများ၌ အဆိုပါဆည်များ၊ ရေကာတာများကိုဖယ်ရှားမည့် စီမံကိန်းများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိကြသည်။ သာဓကအားဖြင့် ပြင်သစ်နိုင်ငံ၌ နော်မန်ဒီဒေသရှိ ဆယ်လွမ်းမြစ်ကို အခြေပြုတည်ဆောက်ထားသည့် ရေကာတာနှစ်ခုကို မကြာမီကာလတွင် ဖယ်ရှားသွားရန် ပြင်ဆင်လျက်ရှိပါသည်။ "ဥရောပရှိ ရေကာတာများ ဖယ်ရှားရေး" အမည်ရှိသည့် စီမံကိန်းတစ်ခုမှာလည်း ဥရောပတစ်ခွင်ရှိ ဟောင်းနွမ်းနေသည့် (သို့မဟုတ်) ခေတ်နှင့်လိုက်လျောညီထွေမရှိတော့သည့် ရေကာတာပေါင်း ၃၀၀၀၀ တို့အား ရှင်းလင်းမှုအပေါ် အလေးဂရုပြုလျက်ရှိပါသည်။ အဆိုပါစီမံကိန်း၌ ပါဝင်ပတ်သက်လျက်ရှိသည့် ဝမ်နင်ဂမ်က ယင်းစီမံကိန်းကို အကောင်အထည်ဖော်ပြီးချိန်တွင် မြစ်ကြောင်းတစ်လျှောက် သဘာဝမှီတင်းရာနေရာသစ်များ ကီလိုမီတာထောင်နှင့်ချီ၍ ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆွီဒင်နိုင်ငံ အူမေယာတက္ကသိုလ်မှ မြေပြင်အသွင်အပြင်ဆိုင်ရာ ပတ်ဝန်းကျင်ပညာရှင်တစ်ဦးဖြစ်သူ ခရိုက်စ်တာ နီလ်ဆင်က ကမ္ဘာတစ်ဝန်း မြစ်ကြီးများ ဆက်နွှယ်မှုဆိုင်ရာ အခြေခံအချက်အလက်များသည် အစိုးရအဖွဲ့များနှင့် အခြားသောတာဝန်ရှိသူများအတွက် ကမ္ဘာ့မြစ်ကြီးများကို ရေရှည်တည်တံ့ကောင်းမွန်အောင် ထိန်းသိမ်းရေး အစီအစဉ်များရေးဆွဲရန် အထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

လူတို့သည် မြစ်ကြီးများ၏ စီးပွားရေး၊ လူမှုရေးနှင့် ဂေဟစနစ်ဆိုင်ရာ တန်ဖိုးများကို ယခင်ကထက် ပိုမိုနားလည်လာသည့်အပြင် ဆည်များ၊ ရေကာတာများ တည်ဆောက်မှုအတွက် တန်ဖိုးတစ်စုံတစ်ရာ ပေးဆပ်ရမည်ကိုလည်း သဘောပေါက်လာကြပါသည်။ ယင်းကဲ့သို့ တည်ဆောက်မှုများမှာ ကောင်းမွန်သည့် အယူအဆမဟုတ်ကြောင်း နားလည်သဘောပေါက်လာချိန်တွင် အတော်များများ ပျက်စီးနေပြီး ဖြစ်သည်ဆိုသည်မှာ ဝမ်းနည်းစရာကောင်းသည့်အချက်ပင်ဖြစ်တော့သည်။ ။

Ref:
Stefan Lovgren. "Two-thirds of World's longest rivers no longer flow freely--and it's harming us." National Geographic: 08 May 2019.

# အစိုးရကိုယ်စားလှယ်များနှင့် မွန်ပြည်သစ်ပါတီ တို့၏ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

## မွန်ပြည်သစ်ပါတီအနေဖြင့် ကိုဗစ် - ၁၉ ကာကွယ်ထိန်းချုပ် ကုသရေးတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်မည်



အစိုးရ ကိုယ်စားလှယ်များနှင့် မွန်ပြည်သစ် ပါတီတို့၏ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပစဉ်။

ဓာတ်ပုံ- ဖိုးထောင်

**ရန်ကုန် မေ ၁၂**

ကိုဗစ် – ၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် မွန်ပြည်သစ်ပါတီ (NMSP) နှင့် Online Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ "ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး" ကို ကျင်းပသည်။

### တက်ရောက်ဆွေးနွေး

ယနေ့ဆွေးနွေးပွဲသို့ အစိုးရကိုယ်စားလှယ်များအဖြစ် ကိုဗစ် – ၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦးနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မွန်ပြည်သစ်ပါတီ(NMSP) မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင် နိုင်ဗညားလယ် ဦးဆောင်၍ ဗဟိုကော်မတီဝင်များ တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေးတွင် ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မေ ၈ ရက်က NCA–S EAO ၁၀ ဖွဲ့ နှင့် ဆွေးနွေးခဲ့သည့် သဘောတူညီချက် ၇ ချက်ကို အခြေခံ၍ NMSP နှင့် ဆက်လက်ဆွေးနွေးကြသည်။

### ကောင်းမွန်တဲ့ဆွေးနွေးမှု

ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက " ဒီနေ့ဆွေးနွေးမှုထဲမှာ ပိုပြီးတော့ ထူးခြားတဲ့အရာတွေကတော့ မွန်ပြည်သစ်ပါတီ(NMSP) အနေနဲ့ သူတို့ရဲ့ ဒေသတွေမှာ ကိုဗစ်–၁၉ ကာကွယ်တားဆီးရေးအတွက် စစ်ဆေးတဲ့စခန်း (Screen Point) ၁၈ ခု ရှိတယ်လို့ သိရတယ်။ အဲဒီ ၁၈ ခုကနေပြီးတော့ ကိုဗစ်–၁၉ ကို ကာကွယ်တားဆီးဖို့အတွက် ဝိုင်းဝန်းကာကွယ် တားဆီးမယ့်ကိစ္စကို ရှင်းပြတယ်။ ပြီးတော့မှ အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်မယ့်ကိစ္စရပ်တွေကို ဆွေးနွေးနိုင်ခဲ့တယ်။ ဒီနေရာမှာ သူတို့ ရှင်းပြတာကို ပိုပြီးသိရတာက အဲဒီနေရာတွေမှာလည်း တပ်မတော်နဲ့ ဆက်စပ်နီးစပ်တဲ့နေရာတွေမှာ မွန်အမျိုးသားဝတ်စုံဝတ်ပြီး ဆောင်ရွက်တယ်လို့ ရှင်းပြပါတယ်။ နောက်ထပ်ထူးခြားတာကတော့ ကိုဗစ်–၁၉ ကာလနဲ့ အဲဒီကာလအလွန်မှာ လူမှုစီးပွားအတွက် ရိုက်ခတ်လာမယ့်ကိစ္စရပ်တွေကို ဆွေးနွေးဖြစ်ပါတယ်။ ဒီနေ့မှာ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်တွေကိုပါ ဆွေးနွေးဖြစ်တဲ့အတွက် ကောင်းမွန်တဲ့ဆွေးနွေးမှုပါ။ ဒီနေ့ ဆွေးနွေးပွဲမှာ နှစ်ဖက်စလုံး တော်တော်လေး ရင်းရင်းနှီးနှီးနဲ့ ဆွေးနွေးနိုင်ခဲ့ပါတယ်" ဟု ပြောသည်။

### ဆက်လက်ဆွေးနွေးသွားမည်

ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် မေလ တတိယပတ်တွင် မွန်ပြည်သစ်ပါတီ (NMSP) နှင့် ပြန်လည်တွေ့ဆုံ၍ ကိုဗစ်–၁၉ နှင့်ပတ်သက်သည့် အသေးစိတ်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။

### အပြုသဘောဆောင်ပြီး ဆွေးနွေး

မွန်ပြည်သစ်ပါတီ (NMSP) နှင့် ဆက်လက် ဆွေးနွေးသွားမည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ဦးလှမောင်ရွှေက "ဒီနေ့ ဆွေးနွေးထားတာကိုတော့ မွန်ပြည်သစ်ပါတီ(NMSP) ထဲမှာလည်း ပြန်လည်စဉ်းစားတာရှိမယ်။ နောက်တစ်ပတ်ထဲမှာတော့ လုပ်ငန်းစဉ်တွေကို အသေးစိတ်ဆွေးနွေးတာတို့၊ ညှိနှိုင်းတာတို့ ရှိမယ်။ သူတို့ ရှင်းပြတဲ့အထဲမှာ မွန်ပြည်နယ်အစိုးရဘက်က မြဝတီဂိတ်တစ်ခုပဲ တရားဝင်ဖွင့်ထားတာရှိတဲ့အတွက် တကယ်လို့ အကြောင်းကြောင်းကြောင့် သူတို့ဆီ ရောက်လာခဲ့ရင် စာရင်းဇယားကိစ္စ၊ သံသယလူနာကိစ္စ၊ အဲဒီကနေ Positive လူနာကိစ္စတွေအထိ အပြည့်အဝ ပူးပေါင်းဆောင်ရွက်မယ်လို့ အပြုသဘောဆောင်ပြီး ဆွေးနွေးခဲ့တာတွေ ရှိပါတယ်။ လိုအပ်တဲ့အကူအညီတွေ တောင်းဆိုတာရှိပေမယ့် ကော်မတီဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌတို့က သူတို့ဆောင်ရွက်ပေးနိုင်တာတွေ အကြမ်းဖျင်း ရှင်းပြတယ်။ အကူပေးတဲ့ကိစ္စတွေကတော့ လာမယ့်အပတ်ထဲမှာ စနိုင်ဖို့တော့ရှိမယ်" ဟု ဖြေကြားသည်။

### အဖွဲ့အစည်း ၁၅ ဖွဲ့ရှိ

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement– NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၈ ဖွဲ့ရှိသည့်အနက် ယနေ့အချိန်ထိ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသို့ တိုက်ရိုက်ဆက်သွယ်လာသည့် အဖွဲ့အစည်း ၁၅ ဖွဲ့ရှိပြီဖြစ်ကြောင်း သိရသည်။

ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် မေ ၁၄ ရက်တွင် ချင်းအမျိုးသားတပ်ဦး (CNF) နှင့် လည်းကောင်း၊ မေ ၁၅ ရက်တွင် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) နှင့် လည်းကောင်း "ကိုဗစ်–၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး"ကို ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါကော်မတီမှ သိရသည်။ **သတင်း – ရဲခေါင်ညွန့်**

---

# တိုင်းဒေသကြီး၊ ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်ခတ်၊ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ





**နေပြည်တော် မေ ၁၂**

မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များ ဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားလျက်ရှိရာ မေ ၁၁ ရက်တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် မြို့နယ် သုံးခု၌ နေအိမ် ငါးလုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၀၀ အမိုးအကာလန်ပျက်စီးခြင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်၌ နေအိမ် ၁၀ လုံးနှင့် ဘာသာရေးအဆောက်အဦ တစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ကရင်ပြည်နယ် မြို့နယ် ငါးခု၌ နေအိမ် ခြောက်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၅၅ လုံးနှင့် ဘာသာရေးအဆောက်အဦ ငါးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ် လေးခု၌ နေအိမ် နှစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၆ လုံး အမိုးအကာလန် ပျက်စီးခြင်း၊ တနင်္သာရီတိုင်းဒေသကြီး မြို့နယ်နှစ်ခု၌ နေအိမ် နှစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် တစ်လုံးနှင့် ဘာသာရေးအဆောက်အဦ တစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ပဲခူးတိုင်းဒေသကြီး မြို့နယ် လေးခု၌ နေအိမ် ၁၄၇ လုံး ပြိုကျပျက်စီးပြီး နေအိမ် ၆၂၀ အမိုးအကာလန်ပျက်စီးခြင်း ဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

### ထောက်ပံ့မှုများဆောင်ရွက်

အလားတူ မကွေးတိုင်းဒေသကြီး မြို့နယ် ရှစ်ခု၌ နေအိမ် ၂၀ ပြိုကျပျက်စီးပြီး နေအိမ် ၉၇၄ လုံးနှင့် ဘာသာရေးအဆောက်အဦ ကိုးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ မန္တလေးတိုင်းဒေသကြီး မြို့နယ် ခုနစ်ခု၌ နေအိမ် တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၂၇၅ လုံးနှင့် ဘာသာရေးအဆောက်အဦ ခြောက်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ မွန်ပြည်နယ် ရေးမြို့နယ်၌ နေအိမ် တစ်လုံး ပြိုကျပျက်စီးခြင်း၊ ရှမ်းပြည်နယ် မြို့နယ် ငါးခု၌ နေအိမ် နှစ်လုံးနှင့် ဘာသာရေးအဆောက်အဦ တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၅၀ နှင့် ဘာသာရေးအဆောက်အဦ တစ်လုံး အမိုးအကာလန် ပျက်စီးခြင်း၊ ဧရာဝတီတိုင်းဒေသကြီး မြို့နယ် နှစ်ခု၌ နေအိမ် သုံးလုံးနှင့် ဘာသာရေးအဆောက်အဦ တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၆၂ လုံး အမိုးအကာလန် ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့ကာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်ရုံးများမှ ထောက်ပံ့မှုများ အမြန်ဆုံး သွားရောက်ဆောင်ရွက်သည်။

### ထောက်ပံ့ခဲ့

သို့ပါ၍ မေ ၉ ရက်မှ မေ ၁၂ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း၌ လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ် ၆၈၉ လုံးနှင့် ဘာသာရေးအဆောက်အဦ ၁၈ လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၉၃၅၁ လုံးနှင့် ဘာသာရေးအဆောက်အဦ ၁၆၉ လုံး အမိုးအကာလန်ပျက်စီးခြင်းများဖြစ်ပွားခဲ့ပြီး လူ ခြောက်ဦး သေဆုံးခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းဖိုးများနှင့် သေဆုံးသူထောက်ပံ့ခြင်းများအတွက် စုစုပေါင်း ငွေကျပ် ၄၄၉ ဒသမ ၅ သန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot–line ဖုန်းများဖြစ်သော ၀၆၇–၃၄၀၄၆၆၆ နှင့် ၀၆၇–၃၄၀၄၇၇၇တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# COVID-19 ရောဂါနှင့်ပတ်သက်၍ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် ဆေးအဖွဲ့များအား လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည့် တပ်ဖွဲ့ဝင်များကို AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက အဝေးထိန်းမိုင်းနှစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်

**နေပြည်တော် မေ ၁၂**

တပ်မတော်အနေဖြင့် COVID-19 ရောဂါ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများကို နိုင်ငံအတွင်း နယ်မြေဒေသအသီးသီး၌ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။


ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ရခိုင်ပြည်နယ် ကျောက်တော်မြို့တွင်းရှိ မြို့နယ်ပြည်သူ့ဆေးရုံနှင့် မဟာကံကြီးရှင်ဘုရားတို့၌ မေ ၁၁ ရက်တွင် COVID-19 ရောဂါ ကာကွယ်ရေးအထောက်အကူပြု ဆေးပစ္စည်းများသွားရောက်ပေးအပ်လှူဒါန်းခဲ့ပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းနှင့် ဆေးဖျန်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများနှင့် ကျောက်တော်မြို့တွင်း လုံခြုံရေးကို ဆောင်ရွက်ပေးနေသည့် တပ်ဖွဲ့ဝင်များ မြို့တွင်းမှ အခြေပြုနေရာသို့ ပြန်လည်ထွက်ခွာလာရာ ကစ္ဆပနဒီတံတား အနောက်ဘက် မီတာ ၃၀၀ ခန့်အကွာသို့ ညနေ ၅ နာရီခန့်တွင်ရောက်ရှိစဉ် AA အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့များက ရန်ကုန်-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီး၏ ညာဘက် လမ်းပခုံးတွင် ထောင်ထားသည့် အဝေးထိန်းမိုင်း နှစ်လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း။

တပ်မတော်မှ COVID-19 ရောဂါကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများကို အမျိုးသားအရေး၊ နိုင်ငံ့အရေးအဖြစ် သတ်မှတ်၍ ပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်နေချိန်တွင် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ယခုကဲ့သို့ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လာခြင်းသည် လက်မခံနိုင်ဖွယ်ရာဖြစ်ကြောင်းနှင့် ဒေသခံများ၏ အကျိုးအတွက် ဆောင်ရွက်မှုများကို နှောင့်ယှက်ဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း။

အဆိုပါမိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ၎င်းနေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

**AA အကြမ်းဖက်သောင်းကျန်းသူများ မိုင်းဖောက်ခွဲတိုက်ခိုက်သည့် ဖြစ်စဉ်နေရာပြ မြေပုံ**




ရည်ညွှန်းချက်
မိုင်းဖောက်ခွဲတိုက်ခိုက်သည့်နေရာ

## ကျောက်တော်မြို့နယ်အတွင်း AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွှယ်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၂**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မေ ၈ ရက်တွင် ကန်စောက်ကျေးရွာအနီး၌ မော်တော်ယာဉ်ဖြတ်သန်းသွားလာမှုများကို စစ်ဆေးဆောင်ရွက်လျက်ရှိစဉ် AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွှယ်သူ သုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပူးပေါင်းအဖွဲ့သည် ကန်စောက်ကျေးရွာအနီး မော်တော်ယာဉ် ဖြတ်သန်းသွားလာမှုများကို စစ်ဆေးလျက်ရှိစဉ် မေ ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ကျောက်တော်မြို့ဘက်မှ စစ်တွေမြို့ဘက်သို့ မောင်းနှင်လာသော Super Custom အမျိုးအစား မော်တော်ယာဉ်တစ်စီးကို ရပ်တန့်စစ်ဆေးရာ ဦးဆန်းကြည် အသက် ၃၃ နှစ်နှင့် ဦးစံလင်း အသက် ၃၄ နှစ်တို့ နှစ်ဦးကို ၎င်းတို့ယူဆောင်လာသည့် ကျောပိုးအိတ်အတွင်းမှ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ ဆက်ကြေးငွေများ၊ စာရွက်စာတမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

ဖမ်းဆီးရမိသူများအား စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့ရာ ငှက်ပျောချောင်းကျေးရွာမှ ဦးအောင်ကြာဇံသည်လည်း AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွှယ်မှုများရှိကြောင်း သိရှိရပြီး ၎င်းနေ့ ညနေပိုင်းတွင် စစ်ဆေးရေးဂိတ်အနီး ဦးအောင်ကြာဇံ အသက် ၅၈ နှစ်အား ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း။

အဆိုပါ AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွှယ်ပြီး ကျေးရွာသူ၊ ကျေးရွာသားများအား ဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်းများ ပြုလုပ်ခဲ့သည့် ဖမ်းဆီးရမိသူ သုံးဦးကို တရားဥပဒေအရအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## AA အကြမ်းဖက်သောင်းကျန်းသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အဖွဲ့အစည်းများ၏ အဆောက်အဦ၊ ပစ္စည်းများအား အကြောင်းမဲ့နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် မေ ၁၂**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကုလားဘာကျေးရွာအနီး ရန်ကုန်- ကျောက်ဖြူသွား ကားလမ်း၊ မိုင်တိုင်အမှတ်၊ ၁၀၈/၁၀၉ အကြား ကားလမ်း၏ တောင်ဘက်ပေ ၁၀၀ ခန့်အကွာရှိ PSC စက်ယန္တရားကုမ္ပဏီပိုင် အဆောက်အဦအား AA အကြမ်းဖက်သောင်းကျန်းသူများက မေ ၈ ရက် ညပိုင်းတွင် မိုင်းဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ဖြူမြို့နယ် မင်းပြင်ရဲစခန်းသို့ ၎င်းအဆောက်အဦ၏ အစောင့်ဖြစ်သူ ဦးဌေးမြင့် က မေ ၈ ရက် ည ၉ နာရီခွဲခန့်တွင် ဖုန်းဆက် အကြောင်းကြားလာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ PSC စက်ယန္တရားကုမ္ပဏီပိုင် အဆောက်အဦ၏ ရှေ့မျက်နှာစာ ညာဘက်အခြမ်းတွင် ကာထားသည့် အထပ်သားများ၊ ပြတင်းပေါက်မှန်များ ပေါက်ကွဲပျက်စီးနေသည်ကို တွေ့ရှိရပြီး အနီးဝန်းကျင်တစ်ဝိုက်မှ ပါဝါခေတ်ခဲအပြာရောင် နှစ်လုံး၊ Dianwei ခေတ်ခဲအနီရောင် တစ်လုံးနှင့် ကွန်ကျူပိုက်အပိုင်းအစများကို တွေ့ရှိခဲ့ကြောင်း။

အဆိုပါ PSC စက်ယန္တရားကုမ္ပဏီပိုင် အဆောက်အဦမှာ ၂၀၁၁ ခုနှစ်တွင် ဂုံချိန်-ကျောက်ဖြူ လမ်းခင်းသည့် လုပ်ငန်းဆောင်ရွက်စဉ် စက်ယန္တရားများ ထားရှိရန် ယာယီဆောက်လုပ်ခဲ့သည့် အဆောက်အဦဖြစ်ကြောင်းနှင့် လက်ရှိတွင် လူနေထိုင်ခြင်းမရှိကြောင်း။

အလားတူ ချင်းပြည်နယ် ပလက်ဝမြို့၏ အနောက်ဘက် မီတာ ၃၀၀ ခန့်အကွာ တောင်ကုန်းပေါ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံထပ်ဆင့်လွှင့်တာဝါတိုင်အား မေ ၇ ရက် ည ၁၀ နာရီခန့်တွင် AA အကြမ်းဖက်သောင်းကျန်းသူများက ဖြိုချဖျက်ဆီးသွားခဲ့ကြောင်း။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးပျက်ပြားစေရန် ရည်ရွယ်၍ မိုင်းထောင်၊ မိုင်းဆွဲတိုက်ခိုက်ခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ယခုကဲ့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများ၏ အဆောက်အဦ၊ ပစ္စည်းများကိုပါ အကြောင်းမဲ့နှောင့်ယှက် ဖျက်ဆီးလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်

**နေပြည်တော် မေ ၁၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ရေရှားပါးသည့်ကျေးရွာသို့ သောက်သုံးရေလှူဒါန်း

**နောင်တရား မေ ၁၂**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် နောင်တရားမြို့နှင့် ၁၂ မိုင်ဝေးသည့် လွယ်မောကျေးရွာအုပ်စု ထီသပြေကျေးရွာ၌ သောက်သုံးရေ ရှားပါးလာသဖြင့် နောင်တရားမြို့ မီးသတ်ဦးစီးဌာနက ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ် သုံးစီးဖြင့် သောက်သုံးရေ ဂါလန် ၄၈၀၀ ကို ယနေ့ နံနက်က သွားရောက်လှူဒါန်းခဲ့သည်။ ထီသပြေကျေးရွာ၌ အိမ်ခြေ ၄၅ အိမ်ရှိပြီး ယခင်က စိမ့်စမ်းရေသွယ်ယူခြင်းမှ ရရှိသည့်ရေကို အသုံးပြုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြုလုပ်ပေးသည့် ရေလှောင်ကန်လည်းရှိကြောင်း၊ ယခုအခါ စိမ့်စမ်းရေထွက်ရှိမှု နည်းလာသောကြောင့် ရေရှားပါးလာခြင်းဖြစ်ကြောင်း၊ ထပ်မံလှူဒါန်းလိုသည့် အလှူရှင်များရှိပါက လာရောက်လှူဒါန်းစေလိုကြောင်း ကျေးရွာရပ်မိရပ်ဖတစ်ဦးက ပြောသည်။

**ခွန်အောင်(နောင်တရား)**

# ရွှေကူ၊ ရေဦး၊ ပြင်ဦးလွင်၊ သာစည်နှင့် မူဆယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော်  မေ  ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၁ ရက် မွန်းလွဲ ၃ နာရီက ရွှေကူမြို့နယ် ညောင်ကုန်းကျေးရွာအနီး ညောင်ကုန်း-နွှတ်ချိုကျေးရွာ ကားလမ်းပေါ်တွင် မင်းမင်းစိုး မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ရဲဟွာ မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကိုရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၀၉ ကီလိုနှင့် ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ ညနေပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေဦးမြို့နယ် ပြုပ်တုံကျေးရွာအနီး မုံရွာ-ရေဦး ကားလမ်းတွင် နေလင်းမောင် (ခ)ကိုမောင်မောင်းနှင်ပြီး သက်နိုင်ဦး လိုက်ပါလာသည့် ဆိုင်ကယ်နှင့် ဇော်လင်း မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၆၀ နှင့် ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၂) ရေချမ်းအိုးရပ် ဇမ္ဗူဒီပါလမ်းတွင် မဇွဲ(ခ)ဂေါ်လေး မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၄ ပြားနှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၈) ယုဇနလမ်းတွင် စောသန်းနိုင် ကို ကရောင်းယာဉ်နှင့်အတူ တွေ့ရှိသဖြင့် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ဆက်လက်၍ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၈) ဇမ္ဗူဒီပါလမ်းရှိ စောသန်းနိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ မျိုးခန့်(ခ)အသေးလေး ကို တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၁၄၀ ကိုလည်းကောင်း။

ထို့အတူ မေ ၁၀ ရက် ည ၁၁နာရီခွဲက သာစည်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သာစည်မြို့နယ် ငှက်မင်းကုန်းကျေးရွာအနီးတွင် ဆိုင်ကယ်နှစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသူ စိုးအောင်(ခ)ဖက်လို (ခ)စိုးမိုးနိုင်နှင့် ပေါလုတို့ကို ရှာဖွေရာ ဘိန်းစိမ်း ၄၀ ကီလို၊ ဆိုင်ကယ် နှစ်စီး၊ ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ မေ ၁၁ ရက် နံနက် ၁၀ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ ကောင်းမှုလွယ်ရပ်ကွက်ရှိ မထက်ထက် (ခ)ဝိုင်းလေး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၅၁ ပြား၊ ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ အဆိုပါနေအိမ်သို့ ရောက်ရှိလာသူ မောင်မောင်လေး (ခ) မောင်လေး ကို ဆိုင်ကယ်တစ်စီး၊ ဖုန်းတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



မင်းမင်းစိုးနှင့် ရဲဟွာ တို့အား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့် အတူတွေ့ရစဉ်။

## ပဲခူးတိုင်းဒေသကြီး လက်စွပ်ကျကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအေးကိုကို အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော်  မေ  ၁၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် လက်စွပ်ကျကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအေးကိုကိုသည် လက်စွပ်ကျကျေးရွာအုပ်စုအတွင်း အုတ်လုပ်ငန်းလုပ်ကိုင်သူများအား အုတ်လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းမရှိစေဘဲ ငွေကြေးရယူ၍ လုပ်ကိုင်ခွင့်ပြုခြင်းအား အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပဲခူးတိုင်းဒေသကြီး လက်စွပ်ကျကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအေးကိုကိုသည် အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်သူများထံမှ ငွေကြေးများနှင့် အုတ်များအား ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တံစိုးလက်ဆောင်အဖြစ် လက်ခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၇ အရ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့မရဲစခန်း၌ မေ ၁၁ ရက်တွင် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြောက်ဥက္ကလာပမြို့နယ်အတွင်း လူသတ်မှုကျူးလွန်သူ နှစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန်  မေ  ၁၂**

မြောက်ဥက္ကလာပမြို့နယ် (၁)ရပ်ကွက် မီးရထားဝင်း ကျွန်းတော(ကျူး)အတွင်းနေ ဦးအောင်ကျော်နှင့် အောင်ပိုင်သူတို့သည် မေ ၁၁ ရက် ညနေ ၅ နာရီက နေအိမ်သို့ ရေသွယ်သည့်ကိစ္စဖြင့် စကားများရန်ဖြစ်ရာ ဦးအောင်ကျော်၏ သားဖြစ်သူ အောင်ဖြိုးမြင့်မြတ်နှင့် မင်းသူထက်တို့က အောင်ပိုင်သူကို တူနှင့်ထု၊ ဓားနှင့်ထိုးသဖြင့် ဒဏ်ရာရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားသောကြောင့် အမှုဖွင့်အရေးယူခဲ့သည်။

ပြစ်မှုကျူးလွန်သူ အောင်ဖြိုးမြင့်မြတ်နှင့် မင်းသူထက်တို့မှာ အခင်းဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရှိရသဖြင့် မြောက်ဥက္ကလာပမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ၎င်းတို့နှစ်ဦးကို အမြန်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ယင်းနေ့ ညနေ ၆ နာရီခန့်တွင် သုဓမ္မာလမ်းမရှိ ဘုန်းကြီးလမ်းမီးပွိုင့်အနီးမှ ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## မူဆယ်မြို့အဝင် အေးရှားဝေါလ်တိုးဂိတ်၌ လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွား

**နေပြည်တော်  မေ  ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့အဝင် အေးရှားဝေါလ်တိုးဂိတ်၌ မေ ၁၁ ရက် ည ၈ နာရီခွဲခန့်တွင် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း။

ဖြစ်စဉ်မှာ ၁၀၅ မိုင်ဘက်မှ မူဆယ်ဘက်သို့ ဆိုင်ကယ်မောင်းနှင်လာသူနှစ်ဦးက တိုးဂိတ်တန်ပိုချိန်သည့်နေရာကို လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ချဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်းနှင့် ၎င်းတို့နှစ်ဦးသည် မူဆယ်မြို့တွင်းသို့ ထွက်ပြေးသွားကြောင်း။

အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် တိုးဂိတ်ကောင်တာ အဆောက်အဦ မျက်နှာကြက် ပြိုကျပျက်စီးခဲ့ပြီး တန်ပိုကတ္တား၊ မှန်များနှင့် မော်နီတာတစ်လုံးတို့ ကွဲအက်ပျက်စီးခဲ့ကာ ညစောင့်ဝန်ထမ်းတစ်ဦး မှန်ကွဲစ ထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မူဆယ်မြို့ ဝင်၊ ထွက်လမ်းများကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## မရမ်းကုန်းမြို့နယ်အတွင်း လက်တော့ပ်နှင့် ဖုန်းအမျိုးမျိုး ခိုးယူမှုကျူးလွန်သူတစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန်  မေ  ၁၂**

ရန်ကုန်အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဦးဆောင်သည့် အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် မေ ၈ ရက် ညနေပိုင်းက မရမ်းကုန်းမြို့နယ်တွင် လက်တော့ပ်နှင့် ဖုန်းများ ခိုးယူသူတစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း မြိုင်ဟေဝန်အိမ်ရာ အမှတ်(၃၆) MGL အမြန်ချောပို့လုပ်ငန်းကုမ္ပဏီမှ အသုံးပြုလျက်ရှိသော လက်တော့ပ် ခြောက်လုံးနှင့် ဖုန်းအမျိုးမျိုး ၂၁ လုံး ပျောက်ဆုံးသွားကြောင်း သတင်းအရ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ယင်းကုမ္ပဏီ၌ အလုပ်လာလျှောက်ဖူးသူ ကမာရွတ်မြို့နယ် (၈)ရပ်ကွက်နေ စိုးမင်းထွေး(ခ) အထွေးကို မသင်္ကာသဖြင့် ခေါ်ယူစစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ MGL ကုမ္ပဏီမှ ဖုန်းနှင့် လက်တော့ပ်များကို မေ ၅ ရက်က ခိုးယူခဲ့ပြီး ၎င်း၏နေအိမ်တွင် သိမ်းဆည်းထားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ခိုးမှုကျူးလွန်သူ စိုးမင်းထွေး (ခ)အထွေးကို ဥပဒေနှင့်အညီ အမြန်တရားစွဲဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## စဥ့်ကိုင်မြို့နယ်၌ မိုးသည်းထန်စွာရွာ မိုးကြိုးပစ်ခြင်းကြောင့် သုံးဦးသေဆုံး

**စဥ့်ကိုင်  မေ  ၁၂**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်၌ မေ ၁၁ ရက် မွန်းလွဲ ၃ နာရီခွဲက မိုးသည်းထန်စွာရွာခဲ့ပြီး မိုးကြိုးပစ်ခြင်းကြောင့် ကျေးရွာနှစ်ရွာတွင် လူသုံးဦး သေဆုံးခဲ့ကြောင်း သိရသည်။

စဥ့်ကိုင်မြို့နယ် မုန့်ပေါင်းကျေးရွာသွား လမ်းဘေး ဇရပ်အတွင်း၌ လူနှစ်ဦးသေဆုံးနေကြောင်း သတင်းအရ မြို့မရဲစခန်း ဒုရဲမှူး စိုးဝင်းသန်းနှင့် အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ စဥ့်ကိုင်မြို့နေသူများဖြစ်ကြသည့် စိုးဝင်းအောင်(၂၂ နှစ်) နှင့် သဲသဲ(ခ) မြသင်္ဂီဝင်း(၂၈ နှစ် ) တို့ဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်အားစုံစမ်းရာ သေဆုံးသူများနှင့်အတူ ရှိနေသည့် စဥ့်ကိုင်မြို့နေသူ ပိုင်ခန့်ကို(၂၂ နှစ်) ၏ ပြောပြချက်အရ ၎င်းနှင့်အတူ မြသင်္ဂီဝင်းနှင့် စိုးဝင်းအောင်တို့သုံးဦး ဇရပ်ပေါ်တွင်ရှိနေစဉ် မိုးရွာပြီး လျှပ်စီးနှင့်အတူ မိုးကြိုးများပစ်ခဲ့ရာ မြသင်္ဂီဝင်းနှ င့် စိုးဝင်းအောင်တို့နှစ်ဦးမှာ သေဆုံးသွားကြောင်းနှင့် ၎င်းမှာ သတိလစ်မေ့မျောသွားခဲ့ပြီး သတိရချိန်တွင် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်က ရေကင်းကုန်းကျေးရွာအနီး လယ်ကန်သင်းပေါ်တွင် ယင်းကျေးရွာနေသူ လှိုင်ဝင်းအောင် (၂၇ နှစ်) မှာ သေဆုံးနေသဖြင့် အဆိုပါ သေဆုံးမှုများနှင့် ပတ်သက်၍ စဥ့်ကိုင်မြို့နယ်မြို့မရဲစခန်းက သေမှုသေခင်းများဖွင့် စစ်ဆေးထားကြောင်း သိရသည်။

**ဝင်းဝင်းသန်း(ပြန်/ဆက်)**

## ယင်းမာပင်မြို့နယ် မင်းမကုန်းကျေးရွာတွင် မီးလောင်မှုဖြစ်

**ယင်းမာပင်  မေ  ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် မင်းမကုန်းကျေးရွာတွင် မေ ၁၁ ရက် ည ၁၁ နာရီ မိနစ် ၂၀ က မီးဖိုမီးကွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ကြောင်း သိရသည်။

မီးလောင်ရာသို့ ယင်းမာပင် မြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိဦးအောင်ဇေမိုး ဦးဆောင်သော သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်း၍ ကပိုင်နယ်မြေစခန်း၊ ပုလဲမြို့နယ်၊ ပုထိုးသာနယ်မြေစခန်း၊ စည်ပင်သာယာနှင့် အမျိုးသားဥယျာဉ်တို့မှ မီးငြိမ်းသတ်ယာဉ်၊ ရေသယ်ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ည ၀၀:၃၀ နာရီတွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်သည့်အကြောင်းရင်းမှာ မင်းမကုန်းကျေးရွာ ဒေါ်ပို၏နေအိမ် မီးဖိုမီးကွင်းမီးကျန်မှုတစ်ဆင့် နွားစာတဲသို့ ကူးစက်ရာမှ မီးစတင်လောင်ခဲ့ခြင်းဖြစ်ပြီး နေအိမ် ငါးလုံး၊ နွားစာတဲ ရှစ်လုံးနှင့် မီးဖိုချောင် နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မကွေးမြို့ ကမ္ဘောဇဘဏ်(၁) ATM ငွေထုတ်စက် မီးလောင်မှုဖြစ်

**မကွေး  မေ  ၁၂**

မကွေးမြို့ အောင်ချမ်းသာရပ်ကွက် ရန်မျိုးအောင်ရပ် ပြည်တော်သာလမ်းနှင့် ခွာညိုလမ်းထောင့်ရှိ ကမ္ဘောဇဘဏ်(၁) ATM ငွေထုတ်စက်တွင် ယနေ့ နံနက် ၆ နာရီ ၄၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားသည်။

မီးလောင်ရာသို့မကွေးခရိုင်မီးသတ်တပ်ဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်စိုး ဦးစီးသော မကွေးမြို့နယ်မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးငြိမ်းသတ်ယာဉ်များဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၇ နာရီတွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ ကမ္ဘောဇဘဏ်(၁) ATM ငွေထုတ်စက်တွင် တပ်ဆင်ထားသော အဲကွန်း မီးထိန်းညှိစက် အလုပ်မလုပ်ရာမှ အပူလွန်၍ လောင်ခဲ့ခြင်းဖြစ်ပြီး 70 V ဘက်ထရီ ရှစ်လုံး၊ အဲကွန်း တစ်လုံးနှင့် 220 V အင်ဗာတာ တစ်လုံး ဆုံးရှုံးသဖြင့် ကမ္ဘောဇဘဏ်(၁)၏ မန်နေဂျာကို မကွေးမြို့ အမှတ်(၂)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ဂျပန်နိုင်ငံ၌ အသွားအလာကန့်သတ်ပိတ်ဆို့မှုတစ်စိတ်တစ်ပိုင်းကို ဖယ်ရှားပေးမည်

တိုကျို မေ ၁၂

**ဂျပန်အစိုးရသည် နိုင်ငံတစ်ဝန်းချမှတ်ထားသော အရေးပေါ်အခြေအနေ ကြေညာချက်ကို သတ်မှတ်ကာလမရောက်မီ ပြန်လည်ရုပ်သိမ်းပေးရန် မေ ၁၄ ရက်တွင် ဆုံးဖြတ်မည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။**

အသွားအလာ ကန့်သတ်ပိတ်ဆို့မှုများကို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှုန်းကျဆင်းခဲ့သော မြို့ပေါင်း ၃၀ ကျော်တွင် လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ကြေညာချက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း မေ ၁၁ ရက်က ပြောကြားလိုက်သည်။

အဆိုပါ ကျွမ်းကျင်သူများအဖွဲ့တွင် စီးပွားရေး ကျွမ်းကျင်သူများပါဝင်ပြီး စီးပွားရေးပြန်လည်ဖွင့်လှစ်မှုနှင့် ကိုဗစ်-၁၉ ကာကွယ်မှုကြား အကျပ်ရိုက်မည့် အစိုးရ၏ အခြေအနေကိုလည်း ကူညီသွားမည်ဖြစ်သည်။

ဂျပန်အစိုးရသည် တိုကျိုနှင့် အခြားမြို့ ၆ မြို့တွင် ဧပြီ ၇ ရက်က အရေးပေါ်အခြေအနေတစ်ရပ်ကြေညာခဲ့သည်။

ယင်းနောက် အဆိုပါ အရေးပေါ်အခြေအနေကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြေညာလိုက်ရသည် အထိဖြစ်သွားကာ မေ ၃၁ ရက်အထိကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ အသွားအလာကန့်သတ်ပိတ်ဆို့မှုများသည် တိုကျိုအပါအဝင် ဂျပန်နိုင်ငံ၏ တချို့မြို့များတွင် ဆက်လက်ထားရှိမည်ဖြစ်ကြောင်း သိရသည်။ မေ ၁၁ ရက်က မြို့တော် တိုကျိုတွင် ကိုဗစ်-၁၉ ထပ်မံဖြစ်ပွားသူ ၁၅ ဦးရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ မြို့တော်ဝန် ကိုအီကဲ ယူရီကိုက ဒေသခံများကို နိုးနိုးကြားကြားနေရန် တိုက်တွန်းထားသည်။

ကိုအီကဲက ဂျပန်နိုင်ငံနှင့် ပင်လယ်ရပ်ခြားနိုင်ငံများ၏ ဥပမာများကိုကြည့်လျှင် ဘယ်အချိန်တွင် ကိုဗစ်- ၁၉ ဒုတိယလှိုင်းထပ်မံပေါ်ပေါက်လာဦးမည်ဆိုသည်ကို မသိရကြောင်း၊ ထို့အတူ ကိုဗစ်-၁၉ ပထမလှိုင်းဂယက်သည် ရပ်စဲသွားပြီလား၊ ပျောက်ပျက်သွားပြီလားဆိုသည်ကို မသိ ရသေးကြောင်း၊ ထို့ကြောင့် လူတိုင်းမိမိတို့နှင့်အတူတကွ ပါဝင်လုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်းနှင့် လူတိုင်းကို ကာကွယ်စောင့်ရှောက်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

တိုကျိုတွင် လတ်တလော ပီစီအာရ်စမ်းသပ်မှုအပြင် ပဋိပစ္စည်းစမ်းသပ်ရန် လုပ်ဆောင်နေကြောင်း ကိုအီကဲက ပြောကြားလိုက်သည်။



ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး

ပဋိပစ္စည်းစမ်းသပ်မှုသည် လူတစ်ဦးယခင်က ကိုဗစ်-၁၉ ကူးစက်ခံရခြင်း ရှိ မရှိကို ခွဲခြားဆုံးဖြတ်ရာတွင် အကူအညီပေးမည်ဖြစ်ပြီး ပဋိပစ္စည်းစမ်းသပ်ခြင်းက ကိုဗစ်-၁၉ ကို မြန်မြန်ဆန်ဆန်ရှာဖွေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၆၀၀၀ နီးပါးမြင့်တက်လာကြောင်းသိရပြီး သေဆုံးသူ ၆၅၀ ကျော်လွန်လာပြီဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ တစ်ကျော့ပြန် ဖြစ်ပွားနိုင်မှု သတိပြုရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တိုက်တွန်း

**ဂျီနီဗာ မေ ၁၂**

ယခုလတ်တလော အခြေအနေတွင် ကမ္ဘာ့နိုင်ငံအများစုက ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်၊ ထိန်းချုပ်ရေး နည်းလမ်းများကို တစ်စတစ်စ ပြန်လည်ဖြေလျှော့မှုများ ပြုလုပ်လျက်ရှိရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) က ကိုဗစ်- ၁၉ ဒုတိယလှိုင်း ပြန်လည်ရိုက်ခတ်လာမည်ကို သတိမူရန် ကမ္ဘာ့နိုင်ငံ အသီးသီးအား တိုက်တွန်းနှိုးဆော်လိုက်ကြောင်း သိရသည်။

ရောဂါကာကွယ်၊ ထိန်းချုပ်ရေး နည်းလမ်းများ ဖြေလျှော့ပြီးနောက် ရင်ဆိုင်ရမည့်စိန်ခေါ်မှုများကို ဖြေရှင်းရန်၊ ပြည်သူ့ကျန်းမာရေးအာမခံချက်ရှိမည့်နည်းလမ်းများကို လုပ်ဆောင်ရန်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံအသီးသီးရှိ အစိုးရများနှင့် နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်နေကြောင်း၊ ထို့အပြင် ကာကွယ်ဆေးသုတေသန ပြုထုတ်လုပ်နိုင်ခြင်းမရှိသေးမီ ဘက်စုံကာကွယ်၊ ထိန်းချုပ်ခြင်းသည် ဗိုင်းရပ်စ်အန္တရာယ်ကို ကာကွယ်သည့် အထိရောက်ဆုံးနည်းလမ်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ်က ဗီဒီယို သတင်းစာရှင်းလင်းပွဲ တစ်ခုတွင် ပြောကြားလိုက်သည်။

သက်ဆိုင်ရာ စမ်းသပ်မှုများအရ လူအနည်းစု၏ ခန္ဓာကိုယ်တွင်သာ ကိုဗစ်-၁၉ ကို ခုခံနိုင်သည့် ပဋိဇီဝပစ္စည်းရှိကြောင်း၊ ဆိုလိုသည်မှာ လူအများစုတွင် ရောဂါပိုးကူးစက်လွယ်သည်ကို ဖော်ညွှန်းခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားလိုက်သည်။

မူဝါဒချမှတ်အကောင်အထည် ဖော်ဆောင်ရွက်သူများသည် စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်ရန်နှင့် မည်သို့သော နည်းလမ်းများဖြင့် သင်ကြားပို့ချမည်ဟု ဆုံးဖြတ်ခြင်း မပြုမီ ကလေးငယ်များ၏ ကိုဗစ်-၁၉ ကူးစက်မှုအခြေအနေနှင့် ကူးစက်ခံရပါက ဆိုးရွားနိုင်မှုအခြေအနေများကို ရှင်းရှင်းလင်းလင်းသိထားရန်၊ စာသင်ကျောင်းတည်နေရာ ဝန်းကျင်တွင် ကပ်ရောဂါအခြေအနေဆိုးရွားမှု ရှိ မရှိနှင့် စာသင်ကျောင်းများ၏ ရောဂါကြိုတင်ကာကွယ်ရေးနှင့် စီမံထိန်းချုပ်နိုင်မှုအခြေအနေစသည့်အချက်သုံးချက်ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ်

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားသည့်အချိန်တွင် ကမ္ဘာတစ်ဝန်းဆေးဘက်ဆိုင်ရာလိုအပ်ချက်များထွက်ပေါ်လာရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် မေ ၁၂ ရက်တွင် နည်းပညာရရှိမှုဆိုင်ရာ မိတ်ဖက်ဆက်ဆံရေး အစီအစဉ်ကို စတင်မည်ဖြစ်ကြောင်း သိရပြီး ယင်းအစီအစဉ်က ဖွံ့ဖြိုးဆဲနိုင်ငံဒေသများတွင် အရေးကြီး ကျန်းမာရေးဆိုင်ရာ ပစ္စည်းများဖြစ်သည့် နှာခေါင်းစည်းနှင့် အသက်ရှူအထောက်အကူပြုကိရိယာ စသည်တို့ကို ပိုမိုထုတ်လုပ်စေနိုင်မည် ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆက်လက်ပြောကြားသည်။ **ဆင်ဟွာ**

## ရမ်ဒီဆီဗာဆေးကို ဆေးရုံများသို့ စတင်ဖြန့်ချီ

**တိုကျို မေ ၁၂**

အတည်ပြုထောက်ခံချက်ပေးထားသည့် ရမ်ဒီဆီဗာဆေးကို ဂျပန်အစိုးရက ကိုဗစ်-၁၉ လူနာများအား ကုသမှုဆောင်ရွက်ပေးနေသည့် ဆေးကုသရေးအဖွဲ့အစည်းများထံသို့ စတင်ဖြန့်ချီနေပြီဖြစ်ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီး ခါတိုခတ်ဆုနိုဘူက ပြောကြားခဲ့သည်။

ဗိုင်းရပ်စ်တိုက်ဖျက်သည့် ရမ်ဒီဆီဗာဆေးကို စတင်ဖြန့်ဝေနေပြီဖြစ်ကြောင်း ခါတိုခတ်ဆုနိုဘူက မေ ၁၂ ရက်က ပြောကြားခဲ့သည်။ အမေရိကန်ပြည်ထောင်စု၌ အဆိုပါဆေးကို အရေးပေါ်ကုသမှုအတွက် အသုံးပြုရန် ခွင့်ပြုချက်ပေးလိုက်ပြီးနောက်တွင် အဆိုပါဆေးကိုသုံးရက်ကြာစစ်ဆေးမှုများလုပ်ဆောင်ပြီးနောက် ပြီးခဲ့သည့်ရက်သတ္တပတ်တွင် ဂျပန်က ထောက်ခံချက်ပေးခဲ့သည်။ ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ရမ်ဒီဆီဗာဆေးကို ရောဂါလက္ခဏာပြင်းထန်သည့်လူနာများ၌သာ အသုံးပြုရန် စီစဉ်ထားသည်။ ဆေးရုံတက်ရောက်နေကြသည့် လူနာများနှင့် ပတ်သက်သည့် အွန်လိုင်းဒေတာများကိုလည်း အာဏာပိုင်များက စစ်ဆေးမည်ဖြစ်ပြီး သို့မှသာ လိုအပ်သည့်နေရာများသို့ ဆေးဝါးများဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ခါတိုခတ်ဆုနိုဘူက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## တရုတ် - အမေရိကန်တင်ပို့ကုန်များအပေါ် အပိုဆောင်း အခွန်တိုးကောက်ခံမှုမှ ကင်းလွတ်ခွင့်ပေးလိုက်ကြောင်းကြေညာ

**ပေကျင်း မေ ၁၂**

တရုတ်နိုင်ငံ၏ ဒုတိယအကျော့ အခွန်တိုးကောက်ခံမည့်စာရင်းမှ ကင်းလွတ်ခွင့်ပေးမည့် အမေရိကန်တင်ပို့ကုန်များစာရင်းကို တရုတ်နိုင်ငံက မေ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အခွန်တိုးကောက်ခံမှုဆိုင်ရာ တရုတ်နိုင်ငံတော်ကောင်စီမှ ဖော်ပြချက်အရဒုတိယအကျော့အခွန်တိုးကောက်ခံမှုမှကင်းလွတ်ခွင့်ပေးမည့် အမေရိကန်တင်ပို့ကုန်များ ဒုတိယအသုတ်စာရင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အခွန်တိုးကောက်ခံမှုသည် ၂၀၂၀ ပြည့်နှစ် မေ ၁၉ ရက်မှ ၂၀၂၁ခုနှစ် မေ ၁၈ ရက်အထိ အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။တရုတ်နိုင်ငံ၏ ဒုတိယအကျော့ အပိုဆောင်းအခွန်တိုးကောက်ခံမှုစာရင်းတွင် ထည့်သွင်းမည့် ကျန်အမေရိကန်တင်ပို့ကုန်များကိုမူ ကင်းလွတ်ခွင့်ပေးမည်မဟုတ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ၈၇ ဦး ထပ်မံသေဆုံးမှုနှင့် အတူ ရောဂါကူးစက်ခံရသူပေါင်း ၇၀၇၅၆ အထိမြင့်တက်

**နယူးဒေလီ မေ ၁၂**

အိန္ဒိယနိုင်ငံ၌ မေ ၁၂ ရက်နံနက်ပိုင်းအထိ ကိုဗစ်-၁၉ ကြောင့် ၈၇ ဦး ထပ်မံသေဆုံးခဲ့ပြီး သေဆုံးသူ စုစုပေါင်း ၂၂၉၃ ဦးအထိ ရောက်လာကြောင်း၊ မေ ၁၁ ရက်မှစကာ ကိုဗစ်-၁၉ အတည်ပြုလူနာ ၃၆၀၄ ဦး ထပ်မံတိုးလာပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၇၀၇၅၆ ဦးအထိ မြင့်တက်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက် သည်။

အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ဆက်စပ်သေဆုံးသူဦးရေ မေ ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီအချိန်အထိ ၂၂၉၃ ဦး ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံတွင် မေ ၁၁ ရက်နံနက်ပိုင်းအထိ ကိုဗစ်-၁၉ ဖြစ်ပွားသူ ၆၇၁၅၂ဦးရှိပြီး သေဆုံးသူ ၂၂၀၆ ဦး ရှိခဲ့သည်။ ယခုအချိန်အထိ လူပေါင်း ၂၂၄၅၅ ဦး ရောဂါအခြေအနေပြန်လည်ကောင်းမွန်သွားပြီဖြစ်သောကြောင့် ဆေးရုံမှဆင်းသွားကြပြီဖြစ်ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

အိန္ဒိယနိုင်ငံ ဗဟိုအစိုးရသည် ကူးစက်ရောဂါပြန့်ပွားမှုကို ထိန်းချုပ်ရန် နိုင်ငံတစ်ဝန်း အသွားအလာကန့်သတ်ပိတ်ဆို့မှု အစီအစဉ်ကို ချမှတ်ထားခဲ့သည်မှာ မေ ၁၂ ရက်တွင် ၄၉ ရက်ရှိပြီဖြစ်ကြောင်း သိရသည်။

အသွားအလာကန့်သတ်ပိတ်ဆို့မှု အစီအစဉ်ကို မတ် ၂၅ ရက်တွင် ပထမဆုံးအကြိမ် စတင်ကြေညာခဲ့ပြီးနောက် မေ ၁၇ ရက်အထိ သက်တမ်းတိုးမည့်အမိန့်ကို မေ ၁ ရက်တွင် ဒုတိယအကြိမ် ထပ်မံကြေညာခဲ့သည်။ **ဆင်ဟွာ**



အိန္ဒိယနိုင်ငံရှိ ဘူတာရုံတစ်ခုတွင် ခရီးသည်များ ဥဒဟိုသွားလာနေသည်ကိုတွေ့ရစဉ်။

# ထိုင်းနိုင်ငံတွင် နိုင်ငံတော်အဆင့်အရေးပေါ်အခြေအနေကြေညာမှုကို မေလကုန်နောက်ပိုင်းတွင် ထပ်မံတိုးမြှင့်သွားဖွယ် မရှိဟုဆို



လူအချင်းချင်းခပ်ခွာခွာနေသည့်စနစ်ကို ကျင့်သုံးနေသော ဘန်ကောက်မြို့ရှိ ကော်ဖီဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

**ဘန်ကောက် မေ ၁၂**

ထိုင်းနိုင်ငံ၏ အရေးပေါ်အခြေအနေကြေညာမှုကို မေ ၃၁ ရက်တွင် အဆုံးသတ်ဖွယ်ရှိသည်ဟု အမျိုးသားလုံခြုံရေးကောင်စီက မီဒီယာသမားများကို မေ ၁၁ ရက်က ပြောကြားခဲ့သည်။

အမျိုးသားစုံစမ်းထောက်လှမ်းရေးအေဂျင်စီ (NIA) နှင့် ပြည်တွင်းလုံခြုံရေးစီမံကွပ်ကဲမှုဌာန (ISOC) တို့ ပူးပေါင်းပြီး နိုင်ငံအတွင်းပိတ်ဆို့ကန့်သတ်မှု ပြုလုပ်ထားသည့်ကာလအတွင်း စစ်တမ်းကောက်ယူမှု လေ့လာမှုတို့ ပြုလုပ်ခဲ့သည်ဟု အမျိုးသားလုံခြုံရေးကောင်စီမှ အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ် ဆမ်ဆက်ရှွန်ဆီတာကပြောသည်။

အဖွဲ့အစည်းနှစ်ခုစလုံးမှကောက်ယူမှုသည် ပြည်သူကျန်းမာရေးနှင့် လုံခြုံရေးအစီအမံများအပေါ် ကျေနပ်အားရမှုရှိသည်ဟု အဖြေထွက်သည်။

NIA နှင့် ISOC တို့သည် ကိုဗစ် -၁၉ ကူးစက်ခံရမှုများ တဖြည်းဖြည်းလျော့ကျလာမှုကို အသိအမှတ်ပြုကြောင်း၊ ယေဘုယျအားဖြင့် ထိုင်းပြည်သူများသည် လူချင်းခပ်ခွာခွာနေရသည့် အကျိုးကျေးဇူးများကို နားလည်လာပြီဟု ယူဆရကြောင်း ဆမ်ဆက်က ပြောသည်။

ထို့ကြောင့် နိုင်ငံတော်အဆင့် အရေးပေါ်အခြေအနေကြေညာမှုကို မတ် ၃၁ ရက်နောက်ပိုင်းတွင် တိုးမြှင့်သွားဖွယ်မရှိကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရမှုနှုန်းမှာ အကျဘက်သို့ ဦးတည်နေပြီး မေ ၁၁ ရက်တွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ခြောက်ဦးသာ ထပ်မံတွေ့ရှိခဲ့သည်။

**ဆင်ဟွာ**

# ဝူဟန်တွင် ကိုဗစ် -၁၉ အစုလိုက်ကူးစက်ခံရပြီးနောက် ဒေသခံများအားလုံးကို ရောဂါစစ်ဆေးပေးမည်



ဝူဟန်မြို့တွင် နှာခေါင်းစည်းတပ်ဆင်ကာ သွားလာနေကြသည့် ပြည်သူများကို တွေ့ရစဉ်။

**ပေကျင်း မေ ၁၂**

ကိုဗစ် -၁၉ စတင်ဖြစ်ပွားရာ ဝူဟန်မြို့တွင် ကိုဗစ် - ၁၉ အစုလိုက်ကူးစက်ခံရမှုများ ဖြစ်ပေါ်ပြီးနောက် နိုင်ငံသားအားလုံးကို ကိုဗစ် -၁၉ ရှိ မရှိ စစ်ဆေးပေးသွားရန် ဆုံးဖြတ်ခဲ့ကြသည်။

၇၆ ရက်ကြာ ပိတ်ဆို့ကန့်သတ်ထားမှုများကို ဖယ်ရှားပြီးနောက်ပိုင်း ဝူဟန်မြို့တွင် ပထမဆုံးအကြိမ်အဖြစ် အစုလိုက်ကူးစက်ခံရမှု ပြန်လည်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်ဟု တရုတ်မီဒီယာများက မေ ၁၂ ရက်တွင် ဖော်ပြခဲ့သည်။

ဝူဟန်မြို့တွင် ယခုလအစောပိုင်းက ဒေသခံခြောက်ဦးတွင် ကိုဗစ် -၁၉ ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့သည်။ ဟူပေပြည်နယ်ရှိ ခရိုင်များတွင် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရှိ မရှိ ၁၀ ရက်တာအတွင်း စစ်ဆေးသွားရန် မေ ၁၁ ရက်က အာဏာပိုင်များက ပြောကြားခဲ့သည်။

ဝူဟန်မြို့ကို ဇန်နဝါရီ ၂၃ ရက်က စတင်ပိတ်ဆို့ခဲ့ပြီး ဧပြီ ၈ ရက်တွင် ပိတ်ဆို့ကန့်သတ်မှုကို ဖယ်ရှားပေးခဲ့သည်။ ရောဂါလက္ခဏာမပြသည့် လူနာများ ထွက်ပေါ်နေသဖြင့် ဟူပေပြည်နယ်အတွင်းရှိ ပြည်သူများအားလုံးကို ကိုဗစ် -၁၉ ရှိ မရှိ စစ်ဆေးပေးရန် ကျန်းမာရေးကျွမ်းကျင်သူများက တိုက်တွန်းခဲ့ကြသည်။ တရုတ်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၈၃၀၀၀ ရှိပြီး ၄၆၀၀ ကျော် သေဆုံးခဲ့ရသည်ဟု ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

**ကျိုဒိုနယူးစ်**

# တူရကီနိုင်ငံတွင် ပိတ်ဆို့ကန့်သတ်မှုများ စတင်ဖြေလျှော့

**အစ္စတန်ဘူလ် မေ ၁၂**

တူရကီနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရမှုများ ရှိနေသော်လည်း ကိုဗစ် -၁၉ ကြောင့် ချမှတ်ထားသည့် ပိတ်ဆို့ကန့်သတ်မှုများကို စတင်ဖြေလျှော့တော့မည်ဟု သိရသည်။

ကူးစက်ခံရသူ အရေအတွက် လျော့ကျလာပြီးနောက် စီးပွားရေးလုပ်ငန်းများနှင့် နေ့စဉ်သွားလာလှုပ်ရှားမှုများအပေါ် ပိတ်ဆို့ကန့်သတ်ထားမှုများကို ဖြည်းဖြည်းချင်း လျှော့ချပေးရန် အစိုးရက ဆုံးဖြတ်ထားခဲ့သည်။

မေ ၁၁ ရက်မှစတင်ကာ စတိုးဆိုင်အချို့ ပြန်ဖွင့်ခွင့်ရခဲ့ပြီး မတ်လနှောင်းပိုင်းမှစတင်ကာ စီးပွားရေးလုပ်ငန်းများ ပိတ်ထားရပြီး ပထမဆုံးအကြိမ် ဆံပင်ညှပ်ဆိုင်များ ပြန်ဖွင့်ခွင့်ပေးလိုက်ခြင်းပင်ဖြစ်သည်။

ရောဂါကူးစက် ခံရမှုကို ကာကွယ်နိုင်ရေးအတွက် အလှပြင်ဆိုင်များသည် ကြိုတင်ချိန်းဆိုထားသည့် ဧည့်သည်များကိုသာ လက်ခံရမည်ဖြစ်သည်။

ဆံပင်ညှပ်ဆိုင်များ၊ အလှပြင်ဆိုင်များ ပိတ်ထားရသော်လည်း ဆိုင်ပိုင်ရှင်ကမူ ဝန်ထမ်းများကို လစာပေးထားရပြီး ဆိုင်ခန်းငှားရမ်းခလည်း ပေးရသည်ဟု ပြောသည်။

ထို့ကြောင့် ယခုလိုဆိုင်များ ပြန်ဖွင့်ခွင့်ရသည့်အတွက် ဝမ်းသာရသည်ဟုပြောသည်။

ဈေးဝယ်စင်တာများ ပြန်ဖွင့်ခွင့်ရသော်လည်း အုပ်စုဖွဲ့ဈေးဝယ်ခြင်းနှင့် ဈေးဝယ်သည့်အချိန်ကန့်သတ်ခြင်းတို့ ပြုလုပ်ထားသည်။

စားသောက်ဆိုင်အတွင်း အစားအသောက် မှာယူစားသောက်ခြင်းကိုမူ ဆက်လက်တားမြစ်ထားဆဲဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# နယူးယောက်စီးတီး၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၀၀၀ ကျော်ရှိနိုင်ကြောင်း ကျန်းမာရေးအာဏာပိုင်များပြော

**နယူးယောက် မေ ၁၂**

နယူးယောက်မြို့၌ ကိုဗစ်-၁၉ နှင့်ဆက်နွယ်သည့် ရောဂါလက္ခဏာများ ကြောင့် သေဆုံးသူအရေအတွက် ၅၀၀၀ ကျော်အထိ ရှိနိုင်ပြီး တရားဝင်ဖော်ပြ ထားသည့် အရေအတွက်ထက်ပိုများနိုင်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

မြို့တွင်း၌ ရောဂါကူးစက်ဖြစ်ပွားသည့်အရေအတွက်မှာ မတ် ၁၁ ရက်နှင့် မေ ၂ ရက်အထိ အတောအတွင်း တစ်ဟုန်ထိုးမြင့်တက်လာခဲ့ကြောင်း သိရသည်။ အာဏာပိုင်များက ပုံမှန်ခန့်မှန်းထားသည့် အရေအတွက်ကို ကျော်လွန်ကာ နောက်ထပ်မည်မျှ သေဆုံးခဲ့ကြောင်း သိရှိရန် ယခုလက်ရှိရရှိထားသည့် အချက်အလက်များနှင့် ယခင်ကအချက်အလက်များကို နှိုင်းယှဉ်ခဲ့ကြသည်။

ယခုနှစ်မတ်လမှ မေလအထိ အတောအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက်စုစုပေါင်း ၃၂၁၀၇ ဦးရှိခဲ့ကြောင်း ဖော်ပြသည်။ ကျန်သည့် သေဆုံးသူ ၂၄၀၀၀ မှာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်နှင့် ဆက်နွယ်နေသည့် လက္ခဏာများကြောင့် နောက်ထပ်သေဆုံးရသူများဖြစ်ကြောင်း သိရသည်။

သေဆုံးသူများထဲတွင် ဗိုင်းရပ်စစ်ဆေးစမ်းသပ်ခဲ့စဉ် ရလဒ်မှားယွင်းခဲ့သူများနှင့် ကျန်းမာရေးစစ်ဆေးမှုမခံရသေးသူ သို့မဟုတ် ကုသမှုခံယူခြင်းမရှိဘဲ နေအိမ်၌ သေဆုံးခဲ့ရသူများပါဝင်ကြောင်း အာဏာပိုင်များက ပြောသည်။

**အင်န်အိတ်ချ်ကေ**



နယူးယောက်မြို့၌ နှာခေါင်းစည်းတပ်ဆင်သွားလာနေသည့် မိသားစုတစ်စုကို တွေ့ရစဉ်။

# ယူအေအီးတွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၇၈၃ ဦးတိုးလာ

**ဒူဘိုင်း မေ ၁၂**

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး ) တွင် ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၇၈၃ ဦးတိုးလာခဲ့သည်ဟု မေ ၁၂ ရက်တွင် ကြေညာခဲ့သည်။ ထို့ကြောင့် ယူအေအီးတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ စုစုပေါင်း ၁၉၆၆၁ ဦး ရှိလာသည်ဟု သိရသည်။

အသစ်ကူးစက်ခံရသူများတွင် နိုင်ငံသားများစွာပါဝင်နေသည်ဟု ယူအေအီးကျန်းမာရေးဝန်ကြီးဌာနကပြောသည်။ ကူးစက်ခံရသူများအားလုံး ကျန်းမာရေးအခြေအနေတည်ငြိမ်ပြီး ဆေးဝါးကုသမှုခံယူနေကြသည်ဟု ပြောသည်။ ပြန်လည်ကျန်းမာလာသူ စာရင်းတွင် ၆၃၁ ဦးထပ်တိုးလာသည့်အတွက် စုစုပေါင်းပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၆၀၁၂ ဦးအထိရှိလာပြီဖြစ်သည်။ ကိုဗစ် -၁၉ ကြောင့် နောက်ထပ်နှစ်ဦးထပ်မံသေဆုံးခဲ့ရာ သေဆုံးသူစုစုပေါင်း အရေအတွက်သည် ၂၀၃ ဦးအထိ ရှိလာပြီဟု သိရသည်။ **ဆင်ဟွာ**

# ကိုဗစ်-၁၉ ဒုတိယလှိုင်း စိုးရိမ်ရမှုကြောင့် စတော့ရှယ်ယာဈေးကွက် ထိခိုက်လာ

ခြူးစန္ဒီနွေး



တူရကီနိုင်ငံတွင် ပိတ်ဆို့ကန့်သတ်မှုများ ဖြေလျှော့ပြီးနောက် အပြင်ထွက်လာသည့် ပြည်သူများကို တွေ့ရစဉ်။

အခုဆိုရင် ကိုဗစ် -၁၉ ဒုတိယလှိုင်းရိုက်ခတ်မှာကို စိုးထိတ်နေရမှုက မေ ၁၂ ရက်မှာတော့ စတော့ရှယ်ယာဈေးကွက်အပေါ် အကြီးအကျယ် သက်ရောက်မှုရှိလာပါတယ်။

**တစ်ဖန်ကျဆင်း**

ဥရောပနိုင်ငံတွေအပါအဝင် နိုင်ငံအချို့မှာ ပိတ်ဆို့ကန့်သတ်မှုတွေ ဖြေလျှော့ပေးလိုက်တဲ့အတွက် စီးပွားရေးတွေပြန်လည်စတင်နိုင်တော့မယ်ဆိုတဲ့မျှော်လင့်ချက်နဲ့ စတော့ရှယ်ယာဈေးကွက်အပေါ် မျှော်လင့်ချက်ကြီးကြီးထားခဲ့ပေမယ့် ဒုတိယလှိုင်းလုံးရိုက်ခတ်တော့မယ်ဆိုတဲ့ စိုးရိမ်ထိတ်လန့်မှုတွေကြား ရှယ်ယာဈေးတွေဟာ တစ်ဖန်ပြန်ပြီး ကျဆင်းသွားပါတယ်။

**စီးပွားရေးလုပ်ငန်းတွေ ပြန်ခွင့်ပြု**

ကိုဗစ် -၁၉ ကို အဆိုးရွားဆုံးရင်ဆိုင်ခဲ့ရတဲ့ စပိန်၊ အီတလီနဲ့ ပြင်သစ်နိုင်ငံတို့မှာတော့ သေဆုံးမှုနှုန်းလျော့လာတာရယ်၊ ကူးစက်မှုနှုန်းလျော့လာတာရယ်ကြောင့် စီးပွားရေးလုပ်ငန်းတွေကို ဖြည်းဖြည်းချင်းပြန်ဖွင့်ခွင့်ပေးလိုက်ပါတယ်။ ဒါပေမယ့်လည်း တောင်ကိုရီးယားနဲ့ တရုတ်နိုင်ငံတို့မှာ လူနာသစ်ထပ်တိုးလာတာကြောင့် ကုန်သွယ်ရေးလုပ်ငန်းတွေ ပြန်ဖွင့်ဖို့အတွက် ထိတ်လန့်စရာဖြစ်ခဲ့ပြီး ဒေသတွင်းဈေးကွက်ကိုပါ ထိခိုက်စေခဲ့ပါတယ်။

**ရေနံထုတ်လုပ်မှုလျှော့ချဖို့ သဘောတူ**

တိုကျိုမှာ စတော့ရှယ်ယာဈေး မတည်မငြိမ်ဖြစ်ပြီး ရှယ်ယာဈေး ၀ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းသွားကာ ဟောင်ကောင်၊ ဆစ်ဒနီနဲ့ ဆိုးလ်တို့မှာလည်း ၁ ရာခိုင်နှုန်းအောက် ကျဆင်းသွားပါတယ်။ မနီလာနဲ့ ဂျကာတာမှာလည်း အသီးသီး ကျဆင်းရတာပါပဲ။ ဒုတိယလှိုင်းလုံးဟာ စီးပွားရေးပြန်လည်နာလန်ထူဖို့ အဟန့်အတားတစ်ခု ဖြစ်လာခဲ့ပါတယ်။ အဆုံးစွန်အထိကျဆင်းနေတဲ့ ရေနံဈေးဟာလည်း ဆော်ဒီအာရေဗျဆီက သတင်းစကားကြောင့် အားတက်စရာဖြစ်ခဲ့ပါတယ်။ အဲဒါကတော့ ဆော်ဒီဟာ ဇွန်လအတွင်းမှာ နောက်ထပ်ရေနံစည်ပေါင်း သန်းနဲ့ချီပြီး ထုတ်လုပ်မှုလျှော့ချမယ်ဆိုတဲ့ သတင်းပါပဲ။ ကူဝိတ်နဲ့ယူအေအီးတို့ဟာလည်း အလားတူပြုလုပ်မယ်လို့ ပြောကြားခဲ့ကြပါတယ်။

**သုညအောက်ထိ ကျဆင်း**

လွန်ခဲ့တဲ့လအတွင်းကတော့ ရေနံအဓိကထုတ်လုပ်သူနိုင်ငံတွေဟာ မေလ ၁ ရက်ကစပြီး တစ်နေ့မှာရေနံစည်ပေါင်း ၁၀ သန်းထုတ်လုပ်မှုလျှော့ချမယ်လို့ သဘောတူခဲ့ကြပါတယ်။ တစ်ကမ္ဘာလုံးအနှံ့ ပိတ်ဆို့ကန့်သတ်မှုတွေခံရပြီးတဲ့နောက် ရေနံလိုအပ်ချက်ဟာ ကျဆင်းလာပြီး ရေနံဈေးလည်း သုညအောက်ထိတောင် ကျဆင်းသွားခဲ့ရပါတယ်။

**ပြင်သစ်နဲ့စပိန်တို့ ကန့်သတ်မှုဖြေလျှော့**

ပြင်သစ်နဲ့ စပိန်နိုင်ငံတို့ဟာ ပိတ်ဆို့ကန့်သတ်မှုတွေကို အနည်းငယ်ဖြေလျှော့ပေးလိုက်တဲ့အတွက် သန်းပေါင်းများစွာသော ပြည်သူတွေဟာ အပြင်မထွက်ဘဲ အိမ်ထဲမှာ နေရတဲ့ကာလကနေ အနည်းငယ်သာ သက်သာရာရလာကြပါတယ်။ ဒါပေမယ့် ဗြိတိန်ကတော့ ပြင်သစ်နဲ့စပိန်လို မဟုတ်ပါဘူး။ ပိတ်ဆို့ကန့်သတ်မှုကာလကို တိုးမြှင့်လိုက်ပါတယ်။

**နိုင်ငံတိုင်းစိုးရိမ်ပူပန်နေရ**

ဗြိတိန်နိုင်ငံဟာ ကိုဗစ် -၁၉ ကူးစက်ခံရမှုကို အလူးအလဲခံခဲ့ရတဲ့နိုင်ငံဖြစ်ပြီး သူ့အတွက် ပိတ်ဆို့ကန့်သတ်မှုတွေ ဖြေလျှော့ပေးဖို့ဆိုတာ တော်တော်လေး သတိထားရမယ့် အခြေအနေမှာရှိပါတယ်။ တစ်ကမ္ဘာလုံးအနှံ့ လူပေါင်း ၂၈၀၀၀၀ ကို သေဆုံးစေခဲ့ပြီး တစ်ကမ္ဘာလုံးစီးပွားပျက်စေခဲ့တဲ့ ကိုဗစ် -၁၉ ဟာ လူတစ်ဦးတစ်ယောက်မှမချန် ခြိမ်းခြောက်မင်းမူနေပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ဒုတိယမြောက်လှိုင်း ထပ်ပြီးရိုက်ခတ်လာမှာကို နိုင်ငံတိုင်း နိုင်ငံတိုင်း စိုးရိမ်ပူပန်နေရပါတယ်။

**လူပေါင်းများစွာ အလုပ်လက်မဲ့ဖြစ်ရ**

လူပေါင်းများစွာ အလုပ်လက်မဲ့ဖြစ်ရပြီး စီးပွားရေးအရလည်း အကျဘက်ကိုဦးတည်စေခဲ့ပါတယ်။ တစ်ကမ္ဘာလုံးမှာ လူပေါင်း သန်း ၂၀ ကို ဧပြီလအတွင်းမှာ အလုပ်လက်မဲ့ဖြစ်စေခဲ့ပါတယ်။ အစိုးရတွေဟာလည်း စီးပွားရေးပြန်စတင်နိုင်ဖို့ မျှော်လင့်ချက်နည်းနေပြီး အချို့တွေကတော့ တဖြည်းဖြည်းချင်း တက်လှမ်းသွားမယ့်နည်းကို ရွေးချယ်ထားကြပါတယ်။ ပြင်သစ်နိုင်ငံမှာတော့ မေ ၁၁ ရက်မှာ လူတွေဟာ စာရွက်စာတမ်းမှာ ဖြည့်စရာမလိုဘဲ လွတ်လွတ်လပ်လပ် အပြင်ထွက်ခွင့်ရပါတယ်။ ဒါဟာ သီတင်းပတ်ရှစ်ပတ်တာ ကာလအတွင်းမှာ ပထမဆုံးအကြိမ်ပါပဲ။ ဆံပင်ညှပ်ဆိုင်အပါအဝင် အခြားသောဆိုင်တွေကို ပြန်ဖွင့်ခွင့်ပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း အရက်ဆိုင်တွေ၊ ဘားတွေ၊ ရုပ်ရှင်ရုံနဲ့ ကဇာတ်ရုံတွေကိုတော့ ဆက်လက်ပိတ်ထားဆဲပါပဲ။ တူရကီနိုင်ငံမှာလည်း မေ ၁၁ ရက်ကစပြီး ကန့်သတ်မှုတွေကို စတင်ဖြေလျှော့ပေးခဲ့ပါတယ်။

**သတိထားကိုင်တွယ်နေရ**

စပိန်နိုင်ငံမှာ ရောဂါအဓိကကူးစက်ပျံ့နှံ့ရာဒေသတွေဖြစ်တဲ့ မက်ဒရစ်နဲ့ ဘာစီလိုနာကလွဲရင် အချို့သော အရပ်ဒေသကလူတွေဟာ ဘားမှာမိသားစုဝင်တွေ၊ သူငယ်ချင်းတွေနဲ့ တွေ့ဆုံကြဖို့ ပြင်ဆင်နေကြပါပြီ။ ဒါပေမယ့် ဗြိတိန်နိုင်ငံမှာလည်း နိုင်ငံတစ်ဝန်းလုံးက ပြည်သူတွေ နေအိမ်မှာပဲနေကြဖို့ အမိန့်ထုတ်ထားတာ ခုနစ်ပတ်နီးပါးရှိပါပြီ။ ဗြိတိန်နိုင်ငံမှာ ကိုဗစ်-၁၉ ကြောင့် လူပေါင်း ၃၁၈၀၀ သေဆုံးခဲ့ရပါတယ်။ ဒါဟာ ဥရောပမှာ အဆိုးရွားဆုံး လူသေဆုံးမှုနှုန်း ပါပဲ။ အမေရိကန်ပြီးရင် ဒုတိယမြောက်လူသေဆုံးမှုများတဲ့နိုင်ငံပါ။ ဗြိတိန်ဝန်ကြီးချုပ်ကိုယ်တိုင်လည်း ကိုဗစ်-၁၉ ကြောင့် ဆေးရုံတက်ခဲ့ရပါတယ်။ ဒါကြောင့်လည်း ကိုဗစ်-၁၉ နဲ့ပတ်သက်ရင် ဗြိတိန်အနေနဲ့ သတိကြီးကြီးထား ကိုင်တွယ်နေရတာပါ။ အခုသီတင်းပတ်ဟာ ပိတ်ဆို့ကန့်သတ်မှုတွေ အဆုံးသတ်ရမယ့်ကာလမဟုတ်သေးဘူးလို့ ဝန်ကြီးချုပ်က ပြောပါတယ်။ ဒါပေမယ့်လည်း အင်္ဂလန်မှာ ကန့်သတ်မှုတွေဖြေလျှော့ဖို့ ခြွင်းချက်နဲ့ အစီအစဉ်ရှိတယ်လို့တော့ ပြောကြားခဲ့ပါတယ်။

**အရဲစွန့်လာကြ**

အချို့သော ဥရောပနိုင်ငံက အရာရှိတွေကတော့ လူသေဆုံးမှုနှုန်းတွေ လျော့ကျလာတဲ့အတွက် အရဲစွန့်လာကြပါတယ်။ မေ ၁၀ ရက်ကဆိုရင် ပြင်သစ်နိုင်ငံမှာ သေဆုံးသူ ၇၀ ရှိခဲ့ပါတယ်။ ဒီနှုန်းဟာ ဧပြီလအစောပိုင်းကာလကစလို့ အနည်းဆုံးပမာဏလို့ ပြောရမှာပါပဲ။ အလားတူပါပဲ။ စပိန်နိုင်ငံရဲ့ နေ့စဉ်သေဆုံးမှုနှုန်းဟာလည်း ၂၀၀ အောက်ကို လျော့ကျလာပါတယ်။ ဒါပေမယ့်လည်း တောင်ကိုရီးယားမှာ ဒုတိယလှိုင်းလုံးရဲ့ ရိုက်ခတ်မှုကို မျက်ဝါးထင်ထင်ပြသခဲ့ပါပြီ။ ကိုဗစ် -၁၉ ကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းပုံနဲ့ပတ်သက်ပြီး တောင်ကိုရီးယားကို ဝိုင်းဝန်းချီးမွမ်းခဲ့ကြပေမယ့် နောက်ထပ်အစုလိုက် အပြုံလိုက်ကူးစက်ခံရမှုပေါ်ပေါက်လာတဲ့အခါမှာတော့ ဆိုးလ်မြို့မှာရှိတဲ့ ဘားတွေ ကလပ်တွေအားလုံးကို ပိတ်ပစ်လိုက်ရပါတယ်။ တောင်ကိုရီးယားမှာ ကလပ်တွေ ဘားတွေနဲ့ဆက်စပ်ပြီး အစုလိုက်ကူးစက်ခံရသူအရေအတွက်ဟာ ၁၂၀ အထိ တိုးသွားတယ်လို့ တောင်ကိုရီးယားရောဂါကာကွယ်ရေးနဲ့ ထိန်းချုပ်ရေးဌာနက ပြောပါတယ်။

**ကူးစက်မှုပြန်လည်မြင့်တက်လာနိုင်**

ဂျာမနီမှာလည်း အလားတူပါပဲ။ အသားထုတ်လုပ်ရေးစက်ရုံမှာ ကူးစက်ခံရမှုတွေ့တဲ့နောက်ပိုင်း ပိတ်ဆို့ကန့်သတ်မှုတွေ ပြန်ပြုလုပ်ဖို့ တွန်းအားဖြစ်လာခဲ့ပါတယ်။ ဂျာမနီနိုင်ငံမှာ ပိတ်ဆို့ကန့်သတ်မှုတွေ ဖြေလျှော့လိုက်ပြီးဖြစ်ပေမယ့် နောက်ဆုံးရရှိတဲ့အချက်အလက်ဒေတာတွေအရ ကူးစက်ခံရမှုနှုန်း ပြန်လည်မြင့်တက်လာနိုင်တယ်လို့ ညွှန်ပြလျက်ရှိပါတယ်။

ကိုးကား -အေအက်ဖ်ပီ

---

## နိုင်ငံတကာသတင်းတိုထွာ

### နှာခေါင်းစည်းများတပ်ဆင်ကြရန် အိမ်ဖြူတော်ဝန်ထမ်းများကို ထရမ့် အမိန့်ထုတ်

ဝါရှင်တန် မေ ၁၂

အိမ်ဖြူတော်ရှိ ဝန်ထမ်းနှစ်ဦးတွင် ကိုဗစ်–၁၉ စမ်းသပ်တွေ့ရှိပြီးနောက် အိမ်ဖြူတော်မှဝန်ထမ်းများ နှာခေါင်းစည်းတပ်ဆင်ကြရန် သမ္မတထရမ့်က အမိန့်ထုတ်ခဲ့သည်။ လွန်ခဲ့သည့်သီတင်းပတ်အတွင်း သမ္မတထရမ့်နှင့် ဒုတိယသမ္မတ မိုက်ပန့်စ်တို့ လက်အောက်တွင် အလုပ်လုပ်ကိုင်သည့် ဝန်ထမ်းနှစ်ဦးမှာ ကိုဗစ် –၁၉ ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့သည်။

မေ ၁၁ ရက်တွင် သမ္မတထရမ့်က အိမ်ဖြူတော်မှဝန်ထမ်းအားလုံး နှာခေါင်းစည်းတပ်ဆင်ကြရန်တောင်းဆိုခဲ့သည်။ ကူးစက်ခံထားရသည့်ဝန်ထမ်းနှင့် ထိတွေ့သူများကို စစ်ဆေးကြည့်ရာ ကူးစက်ခံထားရခြင်းမရှိဟု သိရသည်။ ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးစင်တာက နှာခေါင်းစည်းတပ်ဆင်ကြရန် တောင်းဆိုထားသော်လည်း အမေရိကန်သမ္မတထရမ့်နှင့် မိုက်ပန့်စ်တို့အပါအဝင် ၎င်းတို့နှင့်အနီးကပ်နေသူများသည် အများပြည်သူရှေ့ထွက်သည့်အခါတွင် နှာခေါင်းစည်းတပ်ဆင်ရန် ဆန္ဒမရှိသည့်အတွက် ဝေဖန်ခံနေရသည်။

ဆင်ဟွာ

### နယူးဇီလန်တွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူမတွေ့သဖြင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်မည်

ဝယ်လ်လင်တန် မေ ၁၂

နယူးဇီလန်နိုင်ငံတွင် မေ ၁၂ ရက်က ကိုဗစ် –၁၉ နောက်ထပ်ကူးစက်ခံရသူ မတွေ့ရှိခဲ့ပေ။ ထို့ကြောင့် စုစုပေါင်းကူးစက်ခံရသူမှာ ၁၄၉၇ ဦး ကျန်ရှိနေသေးသည်၊ နောက်ထပ်ကူးစက်ခံရမှုမတွေ့ရှိရသဖြင့် နယူးဇီလန်တွင် စီးပွားရေးလုပ်ငန်းများပြန်လည်စတင်ရန် အသင့်ဖြစ်နေပြီဟု သိရသည်။

သေဆုံးသူ ၂၁ ဦးရှိပြီး ကူးစက်ခံရသူများတွင် ၉၃ ရာခိုင်နှုန်းမှာ ပြန်လည်ကျန်းမာလာပြီဖြစ်ကြောင်း ကျန်းမာရေးညွှန်ကြားရေးမှူးချုပ် အက်ရှ်လေ ဘလွန်းဖီးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မေ ၁၂ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့တွင် နယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါ အာဒန်က ကိုဗစ် –၁၉ တိုက်ဖျက်ရေးတွင် ရှေ့တန်းမှ ပါဝင်ခဲ့ကြသည့်သူနာပြုများကို ဂုဏ်ပြုကြောင်း ပြောကြားခဲ့သည်။ ကျန်းမာရေးဌာနအတွက် ၂၀၂၀ ပြည့်နှစ် ဘတ်ဂျက်ကို အသိပေးခဲ့ပြီး ယခင်နှုန်းထားထက် များစွာ တိုးမြှင့်ထားသည်။

နယူးဇီလန်နိုင်ငံ၌ ကိုဗစ် –၁၉ အတွက် သတိပေးမှုအဆင့်ကို မေ ၁၄ ရက်တွင် အဆင့် ၂ အထိ လျှော့ချသွားမည်ဖြစ်ပြီး ၁၀ ရက်အတွင်း စီးပွားရေးအများစု ပြန်လည်ဖွင့်လှစ်နိုင်မည်ဟု ဝန်ကြီးချုပ်က မေ ၁၁ ရက်တွင် ကြေညာခဲ့သည်။

ဆင်ဟွာ

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၂-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၂-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၉၄) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၀၃) ခု၊ စုစုပေါင်း (၁၉၇)ခုတွင် –

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၁၂-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာ (၁၈၀) ဦးရှိပြီဖြစ်ပါသည်။

၃။ (၁၂-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၂) ဦး (Case-82,102) ရှိသဖြင့် စုစုပေါင်း (၇၆)ဦးရှိပြီး ၎င်းတို့အနက် (၆၄)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၁-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၂-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၆၇) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၁၂-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၂-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ် ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၄) ခု |
| (၁၂-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၁၂-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၁၈၀) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၇၆) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

# မန္တလေးမြို့ရှိ ဈေးများတွင် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရန် အသိပေးနှိုးဆော်မှုများနှင့်အတူ အရေးယူမှုများ စတင်

**မန္တလေး မေ ၁၂**

မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ဈေးများ၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ဈေးရောင်းချသူနှင့် ဝယ်ယူသူအားလုံး နှာခေါင်းစည်းများ မဖြစ်မနေတပ်ဆင်ကြရန် အသိပညာပေးစာတန်းပါ ဗီနိုင်းများ ကိုင်ဆောင်၍ အသံချဲ့စက်ဖြင့် လှည့်လည် နှိုးဆော်မှုများနှင့်အတူ လိုက်နာခြင်း မရှိသူများကိုလည်း အရေးယူမှုများ စတင်လုပ်ဆောင်လျက်ရှိသည်။ (အောက်ပုံ)

ထိုသို့ အရေးယူမှုများ လုပ်ဆောင်ရာတွင် ဈေးများအတွင်း နှာခေါင်းစည်း လုံးဝ တပ်ဆင်ခြင်းမရှိသူများနှင့် စနစ်တကျ တပ်ဆင်ထားခြင်းမရှိသည့် ဈေးရောင်းချသူများကို ပထမအကြိမ်အဖြစ် သတိပေးဝန်ခံချက် ရေးထိုးကာ ထပ်မံတွေ့ရှိပါက ဈေးရောင်းချခွင့်ကို ပိတ်သိမ်းသွားမည့်အပြင် နှာခေါင်းစည်း တပ်ဆင်ထားခြင်းမရှိသည့် ဈေးရောင်းချသူနှင့် ဝယ်သူများကိုလည်း မေ ၁၅ ရက်အထိ ငွေကျပ် ၁၀၀၀ ဖြင့် နှာခေါင်းစည်း နှစ်ခု ဝယ်ယူတပ်ဆင်ခြင်းနှင့် မေ ၁၅ ရက်နောက်ပိုင်းတွင် ငွေကျပ် ၅၀၀၀ ဖြင့် နှာခေါင်းစည်း နှစ်ခု ဝယ်ယူတပ်ဆင်ခြင်းများဖြင့် ဒဏ်ရိုက်အရေးယူမှုများ စတင်လုပ်ဆောင်နေကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

“မန္တလေးမြို့က ဈေးတွေမှာ နှာခေါင်းစည်းမတပ်ဘဲ ဒါမှမဟုတ် စနစ်တကျမတပ်ဘဲ နားရွက်မှာချိတ်ထားပြီး ဝယ်ယူရောင်းချသူ လုံးဝမရှိစေဖို့ ကြပ်မတ်ဆောင်ရွက်နေပါတယ်။ ဒီလိုလုပ်ဆောင်တဲ့နေရာမှာ အရေးယူမှုတွေအနေနဲ့ မေ ၉ ရက်ကနေ ၁၁ ရက်အထိ ဈေး ၁၀ ဈေးမှာ နှာခေါင်းစည်းမတပ်လို့ ဈေးရောင်းချသူနဲ့ လာရောက်ဝယ်သူပေါင်း ၁၂၀ ကို ဝန်ခံကတိရေးထိုးပြီး ငွေကျပ် ၁၀၀၀ နဲ့ နှာခေါင်းစည်း နှစ်ခု ဝယ်ပြီး တပ်ဆင်ခိုင်းခဲ့သလို နှာခေါင်းစည်း မတပ်ဘဲ ကုန်စိမ်းရောင်းတဲ့ ဈေးသည် တစ်ဦးကို မေ ၁၂ ရက်ကနေ ၁၄ ရက်အထိ ဈေးရောင်းချခွင့် ပိတ်ခဲ့ပါတယ်။ ဒီလို အရေးယူရတာကလည်း မိမိရဲ့ လိုက်နာမှုအားနည်းချက်ကို သတိထားပြုပြင်နိုင်အောင် ဒဏ်ရိုက်တဲ့သဘောပါပဲ” ဟု ၎င်းက ပြောသည်။




မန္တလေးတိုင်း ဒေသကြီးတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ပြင်ပသို့သွားလာသူများ အနေဖြင့် မေ ၉ ရက်မှစ၍ နှာခေါင်းစည်းများ မဖြစ်မနေ စနစ်တကျ တပ်ဆင်သွားလာကြရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြေညာချက်ထုတ်ပြန်ထားပြီး လိုက်နာခြင်းမရှိပါက မေ ၁၅ ရက်အထိ အသိပညာပေးကာလအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် အသိပေးထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



နေရပ်ပြန်ပြည်သူများအား ကျန်းမာရေး စစ်ဆေးပေးစဉ်။

# နမ့်ဆန်၌ ဝူဟန်မြို့မှ နေရပ်ပြန်လာသူများအား အသွားအလာကန့်သတ် စောင့်ကြည့်လျက်ရှိ

**နမ့်ဆန် မေ ၁၂**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ တရုတ်နိုင်ငံ ဝူဟန်မြို့မှ နေရပ်ပြန်ပြည်သူ ၅၂ ဦးအား မူဆယ်မြို့သို့ သွားရောက်ကြိုဆိုခဲ့ရာ ယမန်နေ့က နမ့်ဆန်သို့ရောက်ရှိသည်။

အဆိုပါ နေရပ်ပြန်ပြည်သူများကို မြို့နယ်ကြက်ခြေနီအသင်းခွဲ ဥက္ကဋ္ဌ ဦးကျားတီနှင့် တပ်ခွဲမှူး ဦးခင်မောင်ပါ လေးဦး လိုက်ပါသည့် အုပ်ချုပ်မှုယာဉ် တစ်စီး၊ လူနာတင်ယာဉ် တစ်စီး၊ ကုသိုလ်ပြု ကြိုဆိုပို့ဆောင်ပေးသည့် နမ့်ဆန်မြို့နယ် ဒို့ပလောင်ကားဂိတ်မှ ယာဉ်ငါးစီးတို့ဖြင့် မူဆယ်မြို့မှ နမ့်ဆန်မြို့သို့ ကြိုဆိုလာခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ယမန်နေ့ ညနေ ၅ နာရီတွင် နမ့်ဆန်မြို့နယ်သို့ ပြန်လည်ရောက်ရှိလာခဲ့ရာ နပ်စပ်ဒေသတိုင်းရင်းသားများဖွံ့ဖြိုးတိုးတက်ရေး လူငယ်သင်တန်းကျောင်းတွင် အမျိုးသား ၃၃ ဦး၊ လူသားအရင်းအမြစ်ဘော်ဒါဆောင်တွင် အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၅၂ ဦးတို့အား ကန့်သတ်စောင့်ကြည့်ထားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ နေရာချထားပေးခဲ့သည်။ ထို့နောက် နေရပ်ပြန်ပြည်သူများကို ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထက်ဖြိုးဝေတို့က အားပေးစကားများ ပြောကြားကာ စားသောက်နေထိုင်ရေး၊ လုံခြုံရေးအစီအမံများကို ကူညီဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်မိုး (နမ့်ဆန် ပြန်/ဆက်)**

# COVID-19 ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရန် သီးသန့်စောင့်ကြည့်ရမည့်သူများအား နေပြည်တော်နှင့် ရန်ကုန်မြို့တို့ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ဆက်လက်လက်ခံ

**နေပြည်တော် မေ ၁၂**

Coronavirus Disease 2019 (COVID-19) ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ရန် သီးသန့်စောင့်ကြည့်ရမည့်သူများအား နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတို့၌ လက်ခံ၍ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးခဲ့ရာ ယမန်နေ့တွင် နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား ငါးဦး၊ နယ်စပ်ဒေသမြို့များဖြစ်သည့် ဆီလူးမြို့နှင့် တာချီလိတ်မြို့တို့မှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား ငါးဦးနှင့် အမျိုးသမီး ငါးဦး ရောက်ရှိခဲ့ကြောင်း။

လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး သုံးဦး၊ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသား တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်မှ ရောက်ရှိလာသူ အမျိုးသား တစ်ဦး ထပ်မံရောက်ရှိလာကြောင်း။

ထို့ပြင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် COVID-19 ရောဂါနှင့် ပတ်သက်၍ စောင့်ကြည့်ထားသူများအနက်မှ ၂၁ ရက်ပြည့်မြောက်သည့် စောင့်ကြပ်ကြည့်ရှုထားသူ ၂၇ ဦးကို လည်းကောင်း၊ လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းမှ နှစ်ဦးကို လည်းကောင်း ယမန်နေ့က ကျန်းမာရေးဦးစီးဌာနနှင့် စောင့်ကြပ်ကြည့်ရှုရေးစခန်းတို့မှ Quarantine စောင့်ကြည့် ၂၁ ရက်ပြည့်ပြီးကြောင်း လက်မှတ်များနှင့် COVID-19 ရောဂါနှင့် ပတ်သက်၍ ဆောင်ရန်ရှောင်ရန် စာရွက်စာတမ်းများကို တာဝန်ရှိသူများက ပေးအပ်ပြီး သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများသို့ တပ်မတော်ကစီစဉ်ပေးသည့် မော်တော်ယာဉ်များဖြင့် လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း။

ယမန်နေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် စုစုပေါင်းပြည်သူ ၂၉၆ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် စုစုပေါင်းပြည်သူ ၂၃၅ ဦးတို့ကို လက်ခံထားရှိပြီး အဆိုပါစောင့်ကြည့်လူနာများအားလုံးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# တရုတ်နိုင်ငံမှပြန်လာသူ အမျိုးသား ၁၀ ဦးအား စနစ်တကျလက်ခံပြီး ရေနံချောင်းမြို့နယ် အသွားအလာကန့်သတ်စောင့်ကြည့်နေရာများတွင် ဆက်လက်ထားရှိ

**ရေနံချောင်း မေ ၁၂**

တရုတ်နိုင်ငံ မန်စီမြို့နှင့် လုံပါးမြို့တွင် ကြံခုတ်လုပ်ငန်းလုပ်ကိုင်ပြီး မေ ၁၁ ရက် ညနေပိုင်းက ရေနံချောင်း မြို့နယ်သို့ ပြန်လည်ရောက်ရှိလာသည့် စိန်ပန်းပင်ကျေးရွာအုပ်စု ခြံကန်(တောင်)ကျေးရွာမှ အမျိုးသားနှစ်ဦး၊ နဂါးကျေးရွာအုပ်စု ကံရွာကျေးရွာမှ အမျိုးသားခြောက်ဦးနှင့် ချောင်းဆုံကျေးရွာအုပ်စု မကျီးကုန်းကျေးရွာမှ အမျိုးသားနှစ်ဦး စုစုပေါင်း အမျိုးသား ၁၀ ဦးအား မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်၊ထိန်းချုပ်၊ ကုသရေးအဖွဲ့ တာဝန်ရှိသူများက စနစ်တကျလက်ခံပြီး (ယာပုံ) အသွားအလာကန့်သတ်စောင့်ကြည့်နေရာတွင် ၂၁ ရက် ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အမျိုးသား ၁၀ ဦးသည် မိုးမောက်မြို့နယ် လွယ်ဂျယ်(အ.ထ.က) ကျောင်းတွင် အသွားအလာကန့်သတ်စောင့်ကြည့် ခြောက်ရက်နေခဲ့ပြီး မေ ၁၁ ရက် ညနေပိုင်းက မကွေးတိုင်းဒေသကြီး နေရပ်ပြန်များ ကြိုဆိုရေးယာဉ်ဖြင့် ရေနံချောင်းမြို့နယ်သို့ ပြန်လည်ရောက်ရှိလာရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန့်စင်၊ ဦးမော်ကြီး (သူနာပြုငြိမ်း) တို့က သုံးဆယ့်ခြောက် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအနီးတွင် စနစ်တကျလက်ခံပြီး ခရီးသွားရာဇဝင်နှင့် ကိုယ်ရေးအချက်အလက်များ ကောက်ယူခြင်း၊ အပူချိန်တိုင်းတာခြင်းတို့ ပြုလုပ်ခဲ့ရာ ကျန်းမာရေးကောင်းမွန်ကြောင်း သိရသည်။ ထို့နောက် အေးကုန်းလူငယ်ပရဟိတ မော်တော်ယာဉ်ဖြင့် မြို့ရှောင်လမ်းအတိုင်း ဝွေးကုန်းလမ်းဆုံအထိ ပို့ဆောင်ပေးပြီး ရွာခွဲတာဝန်ခံများထံ စနစ်တကျအပ်နှံခဲ့သည်။

ရေနံချောင်းမြို့နယ်တွင် ဇန်နဝါရီ ၁၇ ရက်မှ မေ ၁၂ ရက်အထိ ပြည်ပမှ ပြန်လာသူ ၃၉၂ ဦးရှိပြီး ၃၇၀ မှာ စောင့်ကြည့်ကာလပြည့်ပြီးဖြစ်၍ ပြန်လည်စေလွှတ်ခဲ့ပြီး ၂၂ ဦးမှာ အသွားအလာကန့်သတ်စောင့်ကြည့်နေရာများတွင် ဆက်လက်နေထိုင်လျက်ရှိရာ ကျန်းမာရေး ကောင်းမွန်လျက်ရှိကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကုသ၊ ကာကွယ်၊ ထိန်းချုပ်ရေး သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ သိရသည်။

**ကိုစိုးကြီး**





# ကိုဗစ် -၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး အသိပညာပေး

**မြောက်ဦး မေ ၁၂**

မြောက်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှ ဝန်ထမ်းများသည် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရန်နှင့် ကူးစက်ပြန့်ပွားမှုများ မဖြစ်ပေါ်စေရန်အတွက် ယနေ့ နံနက် ၈ နာရီက အများပြည်သူ နေ့စဉ်ဝင်ထွက်သွားလာနေရသော နေရာများ၌ ကိုယ်အပူချိန်တိုင်းပေးခြင်း၊ နှာခေါင်းစည်းများပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ လက်ကိုစနစ်တကျဆေးကြောတတ်စေရန် ပြသပေးခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်မှုကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်/ မြို့နယ်ဦးစီးမှူးများက ဦးဆောင်ကာ ဝန်ထမ်းများက အများပြည်သူ နေ့စဉ်ဝင်ထွက်သွားလာနေရသော လူစည်ကားရာနေရာများဖြစ်သည့် လမ်းဆုံ၊ လမ်းခွနေရာများ၊ မြို့အဝင်၊ အထွက် ကားဂိတ်နေရာများ၊ ဈေးအနီးနားပတ်ဝန်းကျင်နေရာများတွင် သွားလာလှုပ်ရှားနေသော ပြည်သူများကို ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ နှာခေါင်းစည်းများ ဝေငှပေးခြင်း၊ လက်ကိုစနစ်တကျ ဆေးကြောတတ်စေရန် ပြသပေးခြင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ထုတ်ဝေသည့် "Covid-19 မပြန့်ပွားဖို့ မိမိကစ၍ကာကွယ်စို့" အသိပညာပေးသတင်းစကား လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခြင်း၊ နံရံကပ်ဘုတ်များဖြင့် အသိပညာပေးကြော်ငြာ ဗီနိုင်းပိုစတာများကို အများပြည်သူမြင်သာသောနေရာများ၌ ချိတ်ဆွဲပြသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကာ မြောက်ဦးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပြန်/ဆက် ဝန်ထမ်းများက အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(ပြန်/ဆက်)**

# မြန်မာ-တရုတ် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**ရန်ကုန် မေ ၁၂**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေ၊ ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ယမန်နေ့က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း၏ ပူးပေါင်းဆက်သွယ်ကူညီပေးမှုအရ မြန်မာ-တရုတ် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များဖြစ်ကြသည့် Myanmar Shwe Nagar Agricultural Group Co.,Ltd (မြန်မာ့ရွှေနဂါး) နှင့် China Merchants Group တို့ ပူးပေါင်း၍ ငွေကျပ်သိန်း တစ်ထောင့် ငါးရာ တစ်ဆယ့်ငါးသိန်းတန်ဖိုးရှိ ရောဂါကာကွယ်ရေးဝတ်စုံ ၄၀၀၀၊ ကျန်းမာရေးသုံး မျက်မှန် ၄၀၀၀၊ နှာခေါင်းစည်း ၄၅၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြသည်။

လှူဒါန်းပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်၊ Myanmar Shwe Nagar Agricultural Group Co.,Ltd (မြန်မာ့ရွှေနဂါး ကုမ္ပဏီ)ကိုယ်စား ဦးမင်းစည်သူ၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှ ဒေါ်စိုးယုလှိုင်နှင့် ဒေါ်ဂျူဂျူးတို့ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

**အာကာစိုး**

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

**နေပြည်တော် မေ ၁၂**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မေ ၁ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၇၃ မြို့နယ်ရှိ နေရာ ၁၆၈ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၁၆၅ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၁၉ ကီလိုဂရမ်၊ ရေ ဂါလန် ၁၁၀၄၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့သည်။



၁-၅-၂၀၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၁၀) တောင်ရပ်ကွက်တွင် စက်ယန္တရားများဖြင့် COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။



၁-၅-၂၀၂၀ ရက်က ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းတွင် တပ်ဖွဲ့ဝင်များ COVID-19 ကာကွယ် ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။

အလားတူ မေ ၂ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၇၅ မြို့နယ်ရှိ နေရာ ၁၅၈ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၂၈၁ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၂၄ ကီလိုဂရမ်၊ ရေဂါလန် ၁၈၃၀၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့သည်။



၂-၅-၂၀၂၀ ရက်က ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ် ကျိုင်းတုံပြည်သူ့ဆေးရုံကြီးဝင်းအတွင်း စက်ယန္တရားများဖြင့် COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။



၂-၅-၂၀၂၀ ရက် ချင်းပြည်နယ် တီးတိန်မြို့ Facility Quarantine Center (အ.ထ.က)(၁) စာသင်ကျောင်းတွင် တပ်ဖွဲ့ဝင်များ COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။

မေ ၄ ရက်တွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၅၇ မြို့နယ်ရှိ နေရာ ၁၄၀ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၁၀၇ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၃၄ ကီလိုဂရမ်၊ ရေ ဂါလန် ၈၄၆၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



၄-၅-၂၀၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်အတွင်း စက်ယန္တရားဖြင့် COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။



၄-၅-၂၀၂၀ ရက်က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ ရွာဦးကျောင်းတွင် တပ်ဖွဲ့ဝင်များ COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်**"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများ စာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

နေပြည်တော် မေ ၁၂

ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Centerအား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ထိုင်းနိုင်ငံမှ မြန်မာလုပ်သားများ မြဝတီချစ်ကြည်ရေးအမှတ် (၂) တံတားမှ ယနေ့တွင် ၄၁ ဦး ဆက်လက်ဝင်ရောက်

မြဝတီ မေ ၁၂

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မြန်မာနိုင်ငံမှ မေ ၁ ရက်မှစပြီး လက်ခံခဲ့ရာ ယနေ့တွင် မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ၄၁ ဦး ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။ **(အောက်ပုံ)**

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်က ၆၀၊ ၂ ရက်က ၅၄ ဦး၊ ၃ ရက်က တစ်ဦး၊ ၄ ရက်က ၄၄ ဦး၊ ၅ ရက်က ၂၃ ဦး၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဝင်ရောက်ခြင်းမရှိဘဲ ၈ ရက်က ၁၀၀၊ ၉ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၀ ရက်တွင် ၄၄ ဦး၊ မေ ၁၁ ရက်တွင် ၁၃ ဦး၊ ယနေ့တွင် ၄၁ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၃၈၀ အထိ ပြန်လည်ဝင်ရောက်ခဲ့သည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် ကရင်ပြည်နယ် တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ၁၈ ဦး၊ မကွေးတိုင်းဒေသကြီး ၁၀ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး ခြောက်ဦး၊ နေပြည်တော် လေးဦး စုစုပေါင်း ၄၁ ဦးရှိကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် ကိုဗစ်–၁၉ ရောဂါအကြောင်း အသိပညာပေး လက်ကမ်းစာစောင်များကို မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စုစုသွယ်နှင့် ဝန်ထမ်းများက ပြန်လည်ဝင်ရောက်လာသူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**





## စပါးစိုက်နည်းနှင့် ရေထိန်းစနစ်တို့အပေါ်မူတည်၍ ဖန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိမှုအပေါ်လေ့လာခြင်း သုတေသနဆောင်ရွက်

နေပြည်တော် မေ ၁၂

စိုက်ပျိုးရေ ရှားပါးလာသည်နှင့်အမျှ ရွှေ့ပြောင်းစိုက်ပျိုးနည်းစနစ်အစား တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနည်းစနစ်ကို ပြန်လည်ကျင့်သုံးလာသည့်အတွက် စိုက်ပျိုးနည်းစနစ်များ၏ ဖန်လုံဓာတ်ငွေ့ထွက်ရှိမှုအပေါ် အကျိုးသက်ရောက်မှုနှင့် အနာဂတ်စိုက်ပျိုးရေးကဏ္ဍအနေဖြင့် အမျိုးသားဖန်လုံအိမ်ဓာတ်ငွေ့ သိုလှောင်ရုံ(National GHG Inventories) ဆိုင်ရာ ထုတ်လွှတ်မှုစာရင်းတွက်ချက်မှုများတွင် အထောက်အကူပြုမည့် သုတေသနရလဒ်များ ဖော်ဆောင်နိုင်မည်ဖြစ်ရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေအသုံးချရေးသုတေသနဌာနစုမှ သုတေသနပညာရှင်များက စပါးစိုက်ပျိုးနည်းစနစ်နှင့် ရေထိန်းစနစ်တို့အပေါ်မူတည်၍ ဖန်လုံအိမ်ဓာတ်ငွေ့ထွက်ရှိမှုအပေါ်လေ့လာခြင်း သုတေသနဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သုတေသနကို ယခုနှစ် နွေရာသီတွင် စမ်းသပ်ကွက်ဆောင်ရွက်ကာ သုတေသနပညာရှင်များက နွေစပါးအဖြစ် စိုက်ပျိုးရန်သင့်လျော်သော သီးထပ်ရင်စပါးမျိုးအား အသုံးပြုစမ်းသပ်ထားကြောင်း၊ စိုက်ပျိုးနည်းစနစ်များမှာ တိုက်ရိုက်အစေ့ချစိုက်ပျိုးနည်းစနစ်နှင့်ရွှေ့ပြောင်းစိုက်ပျိုးနည်းစနစ်တို့ဖြစ်ပြီး ရေထိန်းနည်းစနစ်များမှာ တောင်သူသမားရိုးကျ ရေသွင်းနည်းစနစ်နှင့်ရေစိုတစ်လှည့်၊ ခြောက်တစ်လှည့်ပေးသွင်းခြင်းနည်းစနစ်တို့ကို သုတေသနပြုထားခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သိရသည်။

ထို့အပြင် သီးနှံပင်၊ ရာသီဥတု၊ စိုက်ပျိုးရေးနှင့်မြေဆီလွှာတို့၏ ဆက်စပ်မှု၊ သီးနှံပင်များ၏ ရေလိုအပ်မှု၊ စိုက်ပျိုးရေအရည်အသွေး၊ ရေချွေတာသုံးစွဲရေး၊ မြေဆီလွှာနှင့် ရေတိုက်စားမှုကာကွယ်ရေးတို့တွင် ခေတ်နှင့်လျော်ညီသော သုတေသနလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးစသည့် လုပ်ငန်းများကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေအသုံးချရေးသုတေသနဌာနစု တာဝန်ခံဒေါက်တာခင်မာဌေးနှင့်သုတေသနပညာရှင်များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်**

## ခရီးသွားလာကန့်သတ်ထားသည့်ကာလအတွင်း ပြန်လည်မထွက်ခွာနိုင်သေးသည့် ပြည်ပနိုင်ငံသားများအားကူညီပေး

မြဝတီ မေ ၁၂

ကိုဗစ်-၁၉ ရောဂါကြောင့် လေကြောင်းခရီးစဉ်များနှင့် နယ်စပ်ဂိတ်များ ယာယီကန့်သတ်ထားသည့် ကာလအတွင်းတွင် မိမိတို့သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်မထွက်ခွာနိုင်သေးသည့် ပြည်ပနိုင်ငံခြားသားအချို့ ရှိနေကြရာ မြဝတီမြို့ရှိ လိုင်စင်ရဟိုတယ်များတွင်လည်း အဆိုပါနိုင်ငံခြားသားများ ရှိ မရှိ မေ ၁၀ ရက်က စစ်ဆေးသည်။

“အခုလိုလိုက်လံစစ်ဆေးတာက ခရီးသွားကန့်သတ်လိုက်တဲ့အတွက် ဒီဟိုတယ်တွေမှာ ပြန်ဖို့ခက်သွားတဲ့ နိုင်ငံခြားသားတွေရှိခဲ့ရင်သူတို့ရဲ့ ဗီဇာသက်တမ်းတိုးတာတွေ၊ သက်တမ်းလွန်နေတာတွေနဲ့ အခြားလိုအပ်တာတွေကို ညှိနှိုင်းကူညီ ဆောင်ရွက်ပေးနိုင်ဖို့ကို ဆောင်ရွက်တာဖြစ်ပါတယ်” ဟု မြဝတီခရိုင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ခံ ဦးစီးအရာရှိ ဒေါ်ချောကြည်ကြည်က ပြောသည်။

ထိုသို့ စစ်ဆေးခဲ့ရာ တည်းခိုနေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံခြားသား စုစုပေါင်း ၃၆ ဦးတွေ့ရှိရပြီး ၂၆ ဦးမှာ ဗီဇာသက်တမ်းကုန်ဆုံးနေကြောင်း တွေ့ရှိရသည့်အတွက် အဆိုပါ ၂၆ ဦးအား ဗီဇာသက်တမ်းတိုးနိုင်ရေးအတွက် မြို့နယ်လဝကညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ခံ ဌာနမှ ကူညီဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် တည်းခိုနေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံခြားသားများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ဒေသန္တရထုတ်ပြန်ချက်များနှင့် အခြားဆောင်ရန်၊ ရှောင်ရန် အချက်များကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## အလုပ်ရှင် အလုပ်သမားလိုက်နာမှုဖြင့် ရွှေပြည်သာစက်မှုဇုန်(၁)အပါအဝင် ဇုန်လေးခု ၇၀ ရာခိုင်နှုန်းလည်ပတ်

ရန်ကုန် မေ ၁၂

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကိုလိုက်နာသော ရွှေပြည်သာစက်မှုဇုန်နှင့်ဇုန်သုံးခုကို ဧပြီ ၂၀ ရက်မှစ၍ ကွင်းဆင်းစစ်ဆေးပြီး ခွင့်ပြုပြီးစက်ရုံများမှာ အလုပ်ရှင်နှင့်အလုပ်သမားလိုက်နာမှုဖြင့် ဇုန်လေးခုမှ စက်ရုံ ၇၀ ရာခိုင်နှုန်း လည်ပတ်လျက်ရှိရာ နှစ်ဦးနှစ်ဖက်အဆင်ပြေလျက်ရှိကြောင်း ရွှေလင်ပန်းစက်မှုဇုန်(၁)ကော်မတီရုံးမှ သိရသည်။

စက်ရုံပေါင်း ၄၀၀ ခန့်ရှိသော ရွှေပြည်သာစက်မှုဇုန် (၁)၊ ဇုန်(၂)၊ သာခုကန်စက်မှုဇုန်နှင့်ဝါးတစ်ရာစက်မှုဇုန်တို့တွင် အလုပ်သမား ၇၀၀၀၀ ခန့်ရှိပြီး ကိုဗစ်-၁၉ရောဂါကာကွယ်၊ထိန်းချုပ်ရေးပူးပေါင်းဆောင်ရွက်မှုတွင် နိုင်ငံတော်မှ လမ်းညွှန်မှုနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားမှုတို့ကို အလုပ်ရှင်များနှင့်စက်ရုံအလုပ်သမားများ လိုက်နာရမည့်အချက်တို့ သိရှိနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့်စည်ပင်သာယာနှင့်စက်မှုဇုန်ကော်မတီတို့ တစ်ပတ်လျှင်တနင်္ဂနွေ တစ်ရက်မှအပ နေ့စဉ်ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

“ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဧပြီ ၂၀ ရက်နောက်ပိုင်းမှာ စက်ရုံတွေကို စစ်ဆေးပြီး ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်မှုနဲ့ကိုက်ညီတဲ့ စက်ရုံတွေကို ဖွင့်ခွင့်ပြုတာကြောင့် ဧပြီ ၂၁ ရက်က စပြီးစစ်ဆေးခဲ့တာ ယနေ့အထိပါပဲ။ ရွှေပြည်သာ စက်မှုဇုန် (၁) မှာ စက်ရုံ ၁၄၈ ရုံ၊ သာခုကန်ကစက်ရုံ ၈၀၊ ဝါးတစ်ရာစက်မှုဇုန်က စက်ရုံ ၈၂ ရုံ၊ ရွှေပြည်သာစက်မှုဇုန်(၂) က ၅၅ ရုံနဲ့ စုစုပေါင်း ၃၆၅ ရုံကို စစ်ဆေးပြီးပါပြီ”ဟု ရွှေပြည်သာစက်မှုဇုန် (၁)၊ (၂) နှင့် ဝါးတစ်ရာ၊ သာခုကန်စက်မှုဇုန် ဥက္ကဋ္ဌဦးမျိုးသိန်းက ပြောသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလမ်းညွှန်မှုကိုလိုက်နာသော စက်ရုံအား(A)အဆင့်သတ်မှတ်၍ လည်ပတ်ခွင့်ပြုကာ စက်ရုံလည်ပတ်ခွင့်ပြုသော်လည်း ညွှန်ကြားထားသောစည်းကမ်းချက်များကို ဆက်လက်ဆောင်ရွက်ရန် (B) အဆင့်နှင့်လိုက်နာမှုအားနည်းသောစက်ရုံများကို(C)အဆင့်ဖြင့် ဖွင့်လှစ်နိုင်ရန် ဇုန်ကော်မတီတို့ တွေ့ဆုံဆွေးနွေးနေသောစက်ရုံတို့ကို အဖွဲ့လေးဖွဲ့မှကိုးဖွဲ့အထိ ရှောင်တခင်ဝင်ရောက်စစ်ဆေးလျက်ရှိသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားထားသောရောဂါကာကွယ်၊ ထိန်းချုပ်ရေးနည်းလမ်းကောင်းများကို စက်ရုံနှင့်အလုပ်သမားများတိကျသေချာစွာ ဆက်လက်လိုက်နာရန် လိုအပ်နေဆဲဖြစ်သော်လည်း ယခုလိုစက်ရုံများ လည်ပတ်နိုင်မှုသည် နိုင်ငံတော်၊ လုပ်ငန်းရှင်နှင့် စက်ရုံအလုပ်သမားများအတွက် ကိုဗစ်-၁၉ ကာလ၌ ကောင်းမွန်သောပူးပေါင်းဖော်ဆောင်မှုကို ပြသခြင်းဖြစ်ကြောင်း ဥက္ကဋ္ဌ ဦးမျိုးသိန်းက ပြောကြားသည်။

**သန်းထိုက်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၅ - ၂၀၂၀

| ရွှေ | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၉၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၂၁၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၂၀/၄၈၅ | ကျပ် | ၄၅၀/၄၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၄၃၀/၄၉၅ | ကျပ် | ၄၆၅/၄၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၃၂၀/၃၅၀ | ကျပ် | ၃၈၀/၃၉၅ | ကျပ် |
| အောက်တိန်း ၉၅ | ၄၆၀/၅၀၀ | ကျပ် | ၅၂၅/၅၄၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၇ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၃ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၃ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၃ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၉ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၃ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၈ . ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၆၄၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၉၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၄ . ၇၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၈၀၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၅၃၃၉ | ၅၆၀၄၈၅၀၀ |
| MTSH | ၃၆၀၀ | ၃၆၀၀ | ၉၂၁၇ | ၂၂၁၇၁၃၅၀ |
| MCB | ၈၆၀၀ | ၈၃၀၀ | ၅၈၁ | ၄၉၆၇၅၀၀ |
| FPB | ၂၃၅၀၀ | ၂၄၀၀၀ | ၁၃၅၀ | ၃၁၉၈၅၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၉၇၈ | ၂၇၃၆၇၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

## အဝေးပြေးကုန်တင်ကားများ လမ်းခရီးတွင် ကန့်သတ်ချက်အချို့ရှိသောကြောင့် အခက်အခဲများ ကြုံတွေ့နေရဟုဆို

မြိတ် မေ ၁၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းမှ ရန်ကုန်သို့ အသွားအပြန် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ပေးလျက်ရှိသော အဝေးပြေးကုန်တင် ယာဉ်အများစုသည် ကိုဗစ် - ၁၉ ကူးစက်ရောဂါကာလအတွင်း လမ်းခရီးတွင် ကန့်သတ်ချက်အချို့ ရှိနေသောကြောင့် အခက်အခဲများ ကြုံတွေ့နေရကြောင်း ကုန်တင်ယာဉ်မောင်းသူအချို့ထံမှ သိရသည်။

မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး စသည့်တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များသို့ အသွားအပြန်ကုန်စည်များ ပို့ဆောင်ပေးနေသည့် အဝေးပြေးကုန်တင်ယာဉ် အများစုမှာ ညဘက်များတွင် မောင်းနှင်ကြလေ့ရှိသည်။ လက်ရှိအချိန်တွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ မြို့နယ်အသီးသီးတို့တွင် ညမထွက်ရအမိန့်ထုတ်ပြန်ထားသည့်အတွက် ညပိုင်းအချိန်များမှာ သွားလာခွင့်မရသောကြောင့် ကုန်စည်စီးဆင်းတင်ပို့မှုများ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်နေကြောင်း ကုန်တင်ယာဉ်ကားမောင်းသူအချို့က ပြောသည်။

“လက်ရှိထုတ်ပြန်ထားတဲ့ ညမထွက်ရအမိန့်ကို ကုန်တင်ယာဉ်မောင်းနှင်သူတွေအနေနဲ့ သတ်မှတ်ချက်တစ်စုံတစ်ရာထားပြီး ခြွင်းချက်အနေနဲ့ ခွင့်ပြုပေးစေချင်ပါတယ်” ဟု မြိတ်မြို့မှ ကုန်တင်ယာဉ်မောင်းတစ်ဦးက ပြောသည်။

လတ်တလောကာလ၌ ခရီးသည်တင်ယာဉ်လိုင်းများ ပြေးဆွဲခွင့်ကို မေ ၁၅ ရက်အထိ ပိတ်ထားပြီး ကုန်တင်ယာဉ်များကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပုံမှန်အတိုင်း ဝင်ရောက်ခွင့်ပြုထားကြောင်းနှင့် မြိတ်မြို့တွင် ကုန်စည်ပို့ဆောင်ရေး အသင်းပေါင်း ၂၀ ရှိပြီး နေ့စဉ်ကုန်တင်ယာဉ်အစီးရေ ၂၀ ကျော်ခန့် ကုန်တင်ကုန်ချပြုလုပ်မှုရှိနေကြောင်း အဆိုပါကုန်တင်ယာဉ်မောင်းနှင်သူများထံမှ သိရသည်။

**မြင့်ဦး(မြိတ်)**

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အဆိုတော်အိမ့်ချစ်က ဂီတရပ်ဝန်းမှ စက်အဖွဲ့သား ၂၀၀ ကျော်အား တစ်ဦးလျှင် ထောက်ပံ့ငွေ ကျပ်တစ်သောင်းခွဲနှင့် စားနပ်ရိက္ခာများ ကူညီထောက်ပံ့

အဆိုတော် အိမ့်ချစ်သည် ဂီတရပ်ဝန်းမှ စက်အဖွဲ့သား ဝန်ထမ်းများအတွက် စားနပ်ရိက္ခာ မျှဝေပေးသည့် အလှူအဖြစ် တစ်ဦးလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ငရုတ်သီး၊ ကြက်သွန်၊ ကြက်ဥ၊ ကော်ဖီမစ်၊ ကွေကာ စသည့် စားသောက်ကုန်များနှင့် တစ်ဦးလျှင် ထောက်ပံ့ငွေ ကျပ် ၁၅၀၀၀ စီကို လူပေါင်း ၂၁၁ ဦးအတွက် မေ ၁၀ ရက်က ပေးအပ်လှူဒါန်း ခဲ့ကြောင်းသိရသည်။

"ကိုယ့်လောကသားတွေကို ပြန်ကြည့်ဖို့ နည်းနည်းလေးတော့ လိုအပ်တယ်လို့ အိမ့်ချစ်ကတော့ ယူဆပါတယ်၊ ဥပမာ အဆိုတော်တွေဆိုရင် အရင်တုန်းက သီချင်းတွေဆိုထားတဲ့ပိုက်ဆံတွေ စုထားတာမျိုး ရှိကြမယ်လို့ ထင်တယ်လေ၊ ပိုက်ဆံမရှိဘူးလို့ညည်းနေကြပေမယ့် အဆိုတော်တွေ အကုန်လုံးက စားနိုင်သောက်နိုင်ကြသေးတယ်လေ၊ ဒီနေ့လုပ်မှ ဒီနေ့စားရတဲ့ အခြေခံလူတန်းစားတွေကတော့ အခုအလုပ်မရှိတော့ဘူးဆိုတာနဲ့ အခုပဲ စားစရာမရှိသလောက် ဖြစ်သွားတာပေါ့နော်၊ အဲဒါက တကယ်ကို ပြဿနာကြီးတစ်ခုပါပဲ၊ စက်အဖွဲ့သားတွေထဲမှာ အလုပ်လုပ်တဲ့ လူငယ်လေးအချို့ဆို တစ်နေ့လုပ်မှ တစ်နေ့စားရတာလေ၊ အိမ့်ချစ်တို့က သာသာလေး စင်ပေါ်မှာ သီချင်းဆိုပြီး ပြန်သွားရတာ၊ အဲဒီ ကလေးတွေက စက်တွေဖြုတ်၊ ပစ္စည်းတွေသယ်၊ ကားပေါ်အိပ်ပြီး ကားပေါ်တင် စားရတာမျိုးပါ။ အခုချိန်ဆို ပွဲတွေကလည်းမရှိ၊ အလုပ်ကလည်း ရပ်သွားတာဆိုတော့ ညီမအနေနဲ့ ဒီအချိန်မှာ သူတို့အတွက် စားနပ်ရိက္ခာလေး ထောက်ပံ့ကူညီဖြစ်တာပါ"ဟု အိမ့်ချစ်က ပြောသည်။

အိမ့်ချစ်သည် ယခုလို စက်အဖွဲ့သားများအား ထောက်ပံ့လှူဒါန်းမှု ပြုလုပ်နိုင်ရန် We Love Yangon အဖွဲ့က လိုအပ်သည်များကို ကူညီလုပ်အားပေးခဲ့ကြောင်း သိရသည်။ "လုပ်အားပေးဝိုင်းဝန်းကူညီကြတဲ့ We Love Yangon အဖွဲ့သားတွေနဲ့ Audio 5 က ဦးအောင်တို့ကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ ထောက်ပံ့မယ့်အကြောင်းကို စက်ပိုင်ရှင်တွေဆီ တတ်နိုင်သမျှတော့ ဖုန်းတွေဆက်ပြီး အကြောင်းကြားခဲ့ပါတယ်။ မရလိုက်တဲ့သူတွေရှိရင်လည်း နားလည်ခွင့်လွှတ်ပေးဖို့ တောင်းပန်ပါတယ်ရှင်"ဟု အိမ့်ချစ်က ဆက်လက်ပြောကြားသည်။

**ကိုလင်း**



# အဆိုတော် နီတာ ဆေးရုံမှဆင်းသော်လည်း ဖောင်ကြီး၌ နှစ်ပတ်ကြာ စောင့်ကြည့်ခံ နေထိုင်ရမည်

ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိကြောင်း ဧပြီ ၁၇ ရက်က အတည်ပြုခံခဲ့ရသည့် အဆိုတော် နီတာ အနေဖြင့် လက်ရှိအချိန်တွင် ပိုးမတွေ့ နှစ်ကြိမ်ပြသည့်အတွက် တောင်ဥက္ကလာပဆေးရုံမှ မေ ၉ ရက်တွင် ဆင်းခွင့်ရခဲ့ပြီဖြစ်သော်လည်း ကျန်းမာရေးအတွက် ဖောင်ကြီး၌ အသွားအလာ ကန့်သတ် စောင့်ကြပ်ကြည့်ရှုမှုကို နှစ်ပတ်ကြာ ခံယူသွားမည်ဖြစ်သလို မိမိ၏သွေးကို သွေးရည်ကြည်ကုထုံးအတွက် စမ်းသပ်အသုံးပြုနိုင်ရန်လည်း ပြန်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။



"ဆေးရုံမှာလည်း သွေးရည်ကြည်ကုထုံးတွေနဲ့ ကုသဖို့ စပြီးတော့ စမ်းသပ်နေပြီဆိုတော့ ကျွန်တော်လည်း သွေးလှူချင်တာပါ။ ကျွန်တော်က Positive ကနေ Negative နှစ်ကြိမ်ထွက်ပြီး ပြန်ကောင်းလာတဲ့ လူနာဖြစ်တာကြောင့် ကျွန်တော့်သွေးနဲ့ သူများတွေကို ပြန်ကုဖို့ စမ်းသပ်မယ်ဆိုတော့ ဝမ်းသာပါတယ်။ ဒါကြောင့် ပြန်လှူဖို့လည်း ဆုံးဖြတ်ထားတယ်။ ဒီမှာ နှစ်ပတ်စောင့်ကြည့်ခံနေပြီးရင် ဝေဘာဂီဆေးရုံကို ပြန်သွားပြီး သွေးလှူသွားမှာပါ"ဟု နီတာက ပြောသည်။

ရောဂါပိုး တွေ့ရှိပုံနှင့် ကုသမှုခံယူခဲ့ရသည့် ကိုယ်တွေ့အခြေအနေများနှင့် ပတ်သက်၍လည်း နီတာက"စောင့်ကြည့်လူနာအဖြစ် စဝင်တာက ဧပြီ ၁၄ ရက်က စပြီး ဝင်ပါတယ်။ အင်းစိန်ဆေးရုံကြီးမှာ စပြီး စောင့်ကြည့်လူနာအဖြစ် ဝင်ခဲ့ရပါတယ်၊ အဲဒီကနေ ၁၇ ရက်မှာ ဆေးစစ်ချက် အဖြေထွက်လာတယ်၊ ပိုးတွေ့တယ်ပေါ့နော်၊ အဲဒီနောက် ဝေဘာဂီဆေးရုံကိုပြောင်းပြီး ၁၀ ရက် တက်ခဲ့ရတယ်၊ ဧပြီ ၂၇ ရက်မှာ ဒုတိယအကြိမ် ထပ်စစ်တယ်၊ အဲဒီမှာလည်း ပိုးထပ်တွေ့သေးတယ်ပေ့ါ၊ နောက် မေလ ၃ ရက်မှာ ထပ်ပြီးတော့ သွေးဖောက်စစ်တာမျိုးတွေ၊ နှာခေါင်းက စစ်ဆေးချက်ယူတာတွေ လုပ်တယ်၊ အဲဒီမှာတော့ လုံးဝပိုးမတွေ့တော့ဘူးလို့ အဖြေထွက်လာတယ်။ ဒါပေမယ့် ပိုးက တစ်ကြိမ်တည်းစစ်ရုံနဲ့ မရဘူး၊ ပျောက်လိုက် ပြန်ပေါ်လာလိုက် ဖြစ်တတ်လို့ ပိုးမရှိကြောင်း နှစ်ကြိမ်အဖြေထွက်မှ လုံးဝပျောက်ကင်းကြောင်း အာမခံနိုင်မှာဆိုတော့ ဆေးရုံကနေ ဆင်းခွင့်မပေးဘူး၊ မေ ၅ ရက်မှာ ထပ်စစ်ရတယ်။ ၇ ရက်မှာ ပိုးမတွေ့ရဘူးဆိုပြီး အဖြေထွက်လာတယ်။ အဲဒီတော့မှ ဆေးရုံက ဆင်းခွင့်ရပါတယ်၊ ဒါပေမယ့်လည်း ကျွန်တော့်ကို ပိုပြီး စိတ်ချသေချာရအောင် နှစ်ပတ်ကြာ စောင့်ကြည့်လူနာအဖြစ် စောင့်ကြည့်ခံရမယ်၊ ပြီးရင် အိမ်မှာပဲ အပြင်မထွက်ဘဲ ထပ်ပြီး တစ်ပတ်လောက် နေရမယ်၊ အားလုံး သုံးပတ်လောက်တော့ စောင့်ကြည့်ခံအဖြစ် နေရဦးမှာပါ၊ အဲဒါတွေပြီးရင်တော့ ပုံမှန်လူတွေလိုပဲ နေလို့ရပါပြီ။ ကိုဗစ်-၁၉ ပေါ့စတစ်လို့ သိတဲ့အချိန်ကစပြီး ဆေးရုံမှာ ဆရာဝန်တွေရဲ့ ညွှန်ကြားချက်တွေအတိုင်းနေတယ်၊ အိပ်တယ်၊ ရေများများသောက်တယ်၊ အားရှိတဲ့ အစားအသောက်တွေ အကုန်စားသောက်ခဲ့တယ်"ဟု ဆက်ပြောပြသည်။

**ကိုလင်း**

## ပြည်သူတစ်ဦးလျှင် ကျပ်တစ်သောင်းလှူဒါန်းမည့် အစီအစဉ်ကို ဇော်ခီ ဦးဆောင်၍ ပြုလုပ်သွားမည်

ကိုဗစ်-၁၉ ဖြစ်ပွားနေသည့် ကာလအတွင်း ငွေကြေး အဆင်မပြေသူများအတွက် ရည်ရွယ်လျက် ဆက်သွယ် အကူအညီတောင်းခံလာသူတိုင်းအား တစ်ဦးလျှင် ငွေကျပ်တစ်သောင်း ပေးပို့လှူဒါန်းမည့် အစီအစဉ်ကို ပြုလုပ်မည်ဖြစ်ကြောင်း သရုပ်ဆောင် ဇော်ခီ၏ လူမှုကွန်ရက်စာမျက်နှာတွင် မေ ၈ ရက်က Live လွှင့်၍ ပြောကြားချက်အရ သိရသည်။

ထိုအစီအစဉ်ကို သရုပ်ဆောင် ဇော်ခီ ဦးဆောင်၍ Free Cash Program for The Needy(FCPN) လူမှုကူညီရေး အစီအစဉ်အဖြစ် လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။ "ဒီအစီအစဉ်ရဲ့ အဓိက လုပ်ဆောင်ချက်က ကိုဗစ်-၁၉ ကာလမှာ ငွေကြေး အလွန်ခက်ခဲနေသူတွေ၊ ငွေပြတ်တောက်လုနီးပါးဖြစ်နေသူတွေနဲ့ ငွေပြတ်နေသူတွေကို ကူညီပေးမယ့် အစီအစဉ်ပါ။ သူတို့တွေက ကျွန်တော်တို့ကို ဆက်သွယ်လာရင် ဆက်သွယ်လာသူတိုင်းကို တစ်ဦးကို ငွေကျပ်တစ်သောင်း ပို့ပေးပါမယ်။ အဲဒီလိုမျိုး စီစဉ်ထားပါတယ်။ ဒီကပ်ရောဂါဖြစ်ပွားနေတဲ့ ကာလအတွင်းမှာ ငွေကြေးအဆင်မပြေသူတွေကို တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးနိုင်ဖို့အတွက် ရည်ရွယ်ပြီး ဒီအစီအစဉ်ကို လုပ်ဆောင်ဖြစ်တာပါ။ ကျွန်တော်တို့ဆီကို ဆက်သွယ်လာသူတွေကို နောက်ကြောင်းရာဇဝင်လိုက်ခြင်းတွေ လုပ်မှာမဟုတ်ပါဘူး"ဟု ဇော်ခီက Live လွှင့်ရာတွင် ပြောသည်။

အဆိုပါ လူမှုကူညီရေး အစီအစဉ်ကို ကိုဗစ်-၁၉ ကြောင့် ပိတ်ဆို့ထားမှုများ ပြီးစီး၍ စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်သည့် အချိန်ကာလတစ်ခုအထိ လုပ်ဆောင်သွားရန် ရည်မှန်းထားကြောင်း သိရသည်။ အကူအညီ တောင်းခံလိုသူများအနေဖြင့် မိမိ၏ မှတ်ပုံတင်ပေါ်ရှိ နာမည်၊ မှတ်ပုံတင်ကို ရိုက်ထားသည့် ဓာတ်ပုံနှင့်အတူ မိမိ၏ ဖုန်းနံပါတ်ကိုသာ ပေးပို့ရမည်ဖြစ်ပြီး ထိုသို့ ပေးပို့သူထံသို့ Wave Pay ဖြင့် ငွေပြန်လွှဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပထမကတော့ ကျွန်တော်တို့က သိန်း ၅၀ ထည့်ပြီးတော့ လူအယောက် ၅၀၀ ကို အခုလိုမျိုး ထည့်ပေးဖို့ စဉ်းစားထားတာပါ။ ဒါပေမယ့် လူအယောက် ၅၀၀ ကို ထည့်ပေးလိုက်ပြီး ကုန်သွားမှာကိုလည်း မလိုလားပါဘူး။ ဒါကြောင့် စဉ်းစားထားတာက အခုလုပ်မယ့်အလုပ်ကို သဘောတူရင် အလှူငွေ စလက်ခံမယ်၊ လက်ခံပြီးတော့ အလှူငွေတွေနဲ့လုပ်ရင် ရေရှည်လည်း လုပ်နိုင်မယ်၊ လည်ပတ်နိုင်မယ်လို့ ထင်တယ်။ တကယ်လိုအပ်နေသူတွေလည်း ပိုပြီးတော့ ရနိုင်မယ်ထင်တယ်"ဟု ဇော်ခီက ဆက်ပြောသည်။

ထိုအစီအစဉ်တွင် ပါဝင်လှူဒါန်းနိုင်ရန်အတွက် အလှူရှင်များကိုလည်း ဖိတ်ခေါ်ထားပြီး လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် ဖေ့စ်ဘုတ်ပေါ်ရှိ Free Cash Program for The Needy(FCPN) စာမျက်နှာ (https://facebook.com/FCPN-113955766967324/ )သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ကိုလင်း**



## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



## နိုင်ငံတကာအနုပညာသတင်းပဒေသာ

## ရှာရွတ်ခန်း၊ ဆယ်မန်ခန်းနှင့် အက်ခ်ရှေးကူးမား အပါအဝင် ဘောလိဝုဒ်နာမည်ကျော်များ မဟာရက်ရှ်ထရာ ပြည်နယ်ရဲဌာနကို ဂုဏ်ပြု

အိန္ဒိယမှာ ကိုဗစ် -၁၉ ထိန်းချုပ်ရေးအတွက် အားသွန်ခွန်စိုက်လုပ်ဆောင်နေကြချိန် ဘောလိဝုဒ်နာမည်ကျော် သရုပ်ဆောင်တွေကလည်း သူတို့ရဲ့လူမှုကွန်ရက်မှာ မဟာရက်ရှ်ထရာပြည်နယ်ရဲဌာနရဲ့ လိုဂိုအမှတ်တံဆိပ်ကို တင်ခဲ့ကြပါတယ်။

မဟာရက်ရှ်ထရာ ရဲဌာနက ရဲဝန်ထမ်းပေါင်း ခြောက်ဦးဟာ ကိုဗစ် -၁၉ တိုက်ဖျက်ရေးလုပ်ငန်းတွေလုပ်ဆောင်ရင်း အသက်ပေးခဲ့ရပါတယ်။ ဒါကြောင့်လည်းအဲဒီဌာနက ရဲတွေကိုဂုဏ်ပြုတဲ့အနေနဲ့ လူမှုကွန်ရက်မှာ ရဲဌာနရဲ့ လိုဂိုကို တင်ခဲ့ကြတာပါ။ ဒီလှုပ်ရှားမှုမှာရှာရွတ်ခန်း၊ ဆယ်မန်ခန်း၊ အက်ခ်ရှေးကူးမား၊ ကက်ထရီးနားကာအစ်ဖ်၊ ကာရန်ဂျိုဟာ၊ အာဂျွန်ကပူးတို့အပါအဝင် အခြားသောနာမည်ကြီးအနုပညာရှင်တွေပါဝင်ခဲ့ကြတယ်လို့ သိရပါတယ်။

မဟာရက်ရှ်ထရာက ရဲတွေဟာ တိုက်ခိုက်ခံရမှုတွေ၊ သဘာဝဘေးအန္တရာယ်နဲ့ ကပ်ရောဂါအန္တရာယ်တို့ကနေ ပြည်သူတွေကို အကာအကွယ်ပေးနေကြတယ်လို့ အနေးလ်ဒက်ရှ်မွက်က သူ့ရဲ့တွစ်တာစာမျက်နှာပေါ်မှာရေးသားခဲ့ပါတယ်။ ရှာရွတ်ခန်းကလည်း မဟာရက်ရှ်ထရာက ရဲတွေနဲ့အတူ ရပ်တည်ကြောင်း မွမ်ဘိုင်းရဲတပ်ဖွဲ့ရဲ့ စွမ်းစွမ်းတမံကြိုးပမ်းမှုကြောင့် ပြည်သူတွေအခုလိုနေနိုင်တာဖြစ်ပြီး ကျန်းမာရေးလုပ်သားတွေ၊ ဆရာဝန်တွေ၊ သူနာပြုတွေအားလုံးကို ကျေးဇူးတင်ပါတယ်လို့ တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။

**အင်ဒီတီဗွီဒေါ့ကွန်း**



ရှာရွတ်ခန်း၊ ဆယ်မန်ခန်းနှင့် ကက်ထရီးနားကာအစ်ဖ်

## ဂျက်စတင်ဘီဘာရဲ့ ရည်းစားဟောင်းတွေနဲ့ နှိုင်းယှဉ်ခံရတာ စိတ်မသက်မသာဖြစ်ရတယ်လို့ ဟယ်လီဘော်ဒွင် ပြော

ဂျက်စတင်ဘီဘာရဲ့ဇနီးဖြစ်တဲ့ ဟယ်လီဘော်ဒွင်က သူနဲ့ပတ်သက်ပြီး လူတွေပြောတဲ့ အကြောင်းအရာတွေကြောင့် ခက်ခဲတဲ့အချိန်တွေ ဖြတ်ကျော်ရဖူးတယ်လို့ ပြောပါတယ်။ ဂျက်စတင်ဘီဘာတို့ဇနီးမောင်နှံဟာ ဖေ့စ်ဘွတ်ခ်ကနေ လိုက်ဖ်လွှင့်ပြီး ပရိသတ်တွေရဲ့မေးခွန်းတွေကို ဖြေကြားတဲ့ အစီအစဉ်ပြုလုပ်ခဲ့ပါတယ်။

အဲဒီအစီအစဉ်မှာ ပရိသတ်တစ်ယောက်က နာမည်ကြီး အနုပညာရှင်အနေနဲ့ လူတွေက ဂျက်စတင်ဘီဘာနဲ့ ဟယ်လီတို့ရဲ့ အချစ်ရေးအကြောင်း ပြောကြတဲ့အခါ ဘယ်လိုဖြေရှင်းသလဲလို့မေးလာပါတယ်။ အဲဒီအခါမှာ ဟယ်လီဟာ ဂျက်စတင်ဘီဘာနဲ့ သူ့ရဲ့ ဆက်ဆံရေးအကြောင်း လူတွေပြောကြတာနဲ့ ပတ်သက်ပြီး သူခံစားရတာလို့ ပြောပြခဲ့ပါတယ်။ ဂျက်စတင်ဘီဘာရဲ့နာမည်ကြီးလူသိများလှတဲ့ ချစ်သူဟောင်းနဲ့ သူ့ကို နှိုင်းယှဉ်ခံရတာ သူ့ကိုနှိမ့်ချနေသလို ခံစားရတယ်လို့ ဟယ်လီကပြောပါတယ်။ နာမည်ကြီးလှတဲ့ ချစ်သူဟောင်း ဆိုတာ ဘယ်သူလဲဆိုတာကိုတော့ နာမည်အတိအကျ ထုတ်မပြောခဲ့ပါဘူး။

အခုအချိန်ထိ ဟယ်လီဟာ သူနဲ့ ဂျက်စတင်ဘီဘာအကြောင်းရေးထားတဲ့ ဆောင်းပါးတွေ၊ မှတ်ချက်တွေတစ်ခုမှမဖတ်ဘူးလို့ ပြောပါတယ်။

**သည်ဆန်းဒေါ့ကွန်း**



ဟယ်လီနှင့် ဂျက်စတင်ဘီဘာရဲ့ချစ်သူဟောင်း ဆယ်လီနာဂိုမက်ဇ်

ခြူး

## ဥပဒေအတွေး ရေးပါရစေ အပိုင်း(၂၁၉)

# COVID-19 နှင့် ဥပဒေလိုက်နာရေး

**ဦးဟန်ညွန့် (ဥပဒေ)**



### COVID–19

COVID–19 ကူးစက်ရောဂါဖြစ်ပေါ်နေချိန်ကာလအတွင်း မြန်မာနိုင်ငံသူနိုင်ငံသားများအနေဖြင့် ပြဋ္ဌာန်းဥပဒေများ လိုက်နာရေး၊ အမိန့်ညွှန်ကြားချက်များလိုက်နာရေး၊ စည်းလုံးညီညွတ်ရေး၊ နိုင်ငံတကာအမြင်ကြည်လင်ရေး၊ တိုင်းရင်းသားအချင်းချင်း ကူညီဆောင်ရွက်ရေးများ လက်တွေ့ကျင့်သုံးဆောင်ရွက်နေကြပါပြီ။ စည်းလုံးညီညွတ်သည်နှင့်အမျှ ရောဂါအန္တရာယ်ဘေးမှ ကင်းဝေးကြမည်လည်း ဖြစ်ပါသည်။

### ဥပဒေများလိုက်နာရေး

ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေကိုအခြေခံပြီး COVID–19 အကြောင်း ဆွေးနွေးခြင်း၊ တွန်းလှန်ခြင်း၊ နည်းမျိုးစုံဖြင့် ကာကွယ်ခြင်းများ ပြုလုပ်လျက်ရှိပေသည်။ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနအသီးသီးသည် ပြည်သူတို့နှင့် အတူ ဘက်ပေါင်းစုံမှ တွန်းလှန်ကာကွယ်တိုက်ဖျက်နေချိန်လည်း ဖြစ်ပေသည်။

### ၁၆၄ နိုင်ငံ

လေ့လာသိရှိရသမျှ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၆၄ နိုင်ငံသည် ရောဂါကပ်ဆိုးကြီးကို ရင်ဆိုင်ကျော်လွှားလျက်ရှိသည်။ လူပေါင်း နှစ်သိန်းကျော် ဗိုင်းရပ်စ်ပိုးကူးစက်ခံခဲ့ရသည်။ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ကြသည်။

### UNODC

မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး (UNODC) ၏ အဆိုအရ တစ်ကမ္ဘာလုံးတွင် ဆေးဝါးများနှင့် ဆေးပစ္စည်းကိရိယာများ ဝယ်ယူရေးအတွက် သုံးစွဲသောငွေများအားလုံး၏ ၁၀ မှ ၂၅ ရာခိုင်နှုန်းသည် အဂတိလိုက်စားမှုကြောင့် ဆုံးရှုံးရကြောင်း သိရှိရပါသည်။

### ဈေးတင်ရောင်းချ

ကမ္ဘာတစ်ဝန်းတွင် ဆေးဝါးများရှားပါးပြတ်လပ်သည်။ ကူညီကြရမည့်အစား ရောဂါအန္တရာယ်ကိုအခြေပြု၍ ဈေးတင်ရောင်းချကြသည်။ အလုပ်သမားများ အလုပ်မဆင်းနိုင်သည့်အခြေအနေတွင် ငွေကြေးအခက်အခဲပိုမိုဖြစ်ပွားစေသည်။ အကျိုးအမြတ်တစ်ခုတည်းရှေ့တန်းတင်၍ စီးပွားရှာသူများအား ဝိုင်းပယ်ဖို့ လိုအပ်လာပေသည်။

### အဂတိလိုက်စားမှု

" တစ်ပူပေါ်နှစ်ပူဆင့်" ဆိုသော စကားနှင့်အညီ ကမ္ဘာ့ကပ်ရောဂါဆိုက်ကပ်နေချိန်တွင် ကျန်းမာရေးဆိုင်ရာအကူအညီများ ပေးရမည့်အစား ဝိသမလောဘဇောကြောင့် မိမိကိုယ်ကျိုးတစ်ခုတည်းကြည့်၍ စီးပွားရှာခြင်းမျိုးကို ဥပဒေကြောင်းအရ ကာကွယ်တိုက်ဖျက်ကြရမည်ဖြစ်ပေသည်။ ကိုယ်ကျိုးရှာမှုတွင် အဂတိလိုက်စားမှုက ကပ်ပါလာစမြဲဖြစ်သည်နှင့်အညီ ဥပဒေအမိန့်ညွှန်ကြားချက်များအရ အရေးယူဆောင်ရွက်ကြရပေသည်။

**(၁) ထုတ်ပြန်ထားသော ညွှန်ကြားချက်များ တိတိကျကျလိုက်နာပါ**

ဥပဒေများကိုလိုက်နာရန် အသိပေးကြေညာချက်ကိုထုတ်ပြန်ထားပြီးဖြစ်သည်။ ပထမအချက်အနေဖြင့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာရေးဖြစ်သည်။ ဥပမာ– အိမ်ထဲမှာနေခြင်းဖြစ်သည်။

**(၂) အများပြည်သူအထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန်သတင်းများလွှင့်ခြင်း မပြုလုပ်ပါနှင့်**

ကောင်းကျိုးမပေးသည့်အပြင် ဆိုးကျိုးဖြစ်စေမည့် အများပြည်သူအတိတ်တလန့်ဖြစ်စေသော မဟုတ်မမှန်သတင်းများ လွှင့်တတ်ကြသည်။ ဘယ်သူ့ဘယ်သူမှ အကျိုးမရှိ။ ပြည်သူအများကိုလည်း ထိခိုက်သည်။ ဤလုပ်ရပ်ကို ကာကွယ်တားဆီးရမည်။ မလိုက်နာလျှင် ဥပဒေအရ အရေးယူရမည်ဖြစ်ပေသည်။

**(၃) ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားခြင်းမပြုသင့်**

အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်ထားပြီးဖြစ်သည့် ရောဂါကာကွယ်၊ ထိန်းချုပ်။ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြရန် နှိုးဆော်တိုက်တွန်းထားပေသည်။

### အသွားအလာတားမြစ်ပိတ်ပင်

အိမ်မှာနေပါ၊ အသွားအလာမပြုရ တားမြစ်ပိတ်ပင်ထားသည်။ ဤအချက်ကို ဘာ့ကြောင့်လိုက်နာစေချင်ပါသလဲ။

ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေ၊ အခန်း(၇) ပုဒ်မ ၁၄ အရ တားမြစ်ထားခြင်းဖြစ်ပါသည်။ ဥပဒေပြဋ္ဌာန်းချက်ကြောင့် တားမြစ်ထားရခြင်းသာဖြစ်ပါသည်။ ဥပဒေပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်မှာလည်း အများပြည်သူ၏ ကျန်းမာရေးအတွက် အကာအကွယ်ပေးလိုသည့် စေတနာပေါ်လွင်ထင်ရှားပြီးဖြစ်ပါသည်။

### ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးဝန်ကြီးဌာနသည် ပြဋ္ဌာန်းဥပဒေနှင့်အညီ တားမြစ်ပိတ်ပင်ထားမှုများ ပြုရပါသည်။

(က) အဓိကကူးစက်မြန်ရောဂါဖြစ်ပွားနေသူအား နေအိမ်မှထွက်ခွာသွားလာခွင့်

(ခ) အဓိကကူးစက်ရောဂါဖြစ်ပွားရာ နေအိမ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်းရှိသူများကို ပြင်ပသို့ ထွက်ခွာသွားလာခွင့်

(ဂ) ပြင်ပလူများအား အဓိကကူးစက်မြန်ရောဂါဖြစ်ပွားရာ နေအိမ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်းသို့ ဝင်ရောက်ခွင့်


(ဃ) မီးရထား၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ် သို့မဟုတ် အခြားယာဉ်တစ်မျိုးဖြင့် ရောက်ရှိလာသူများအနက် အဓိကကူးစက်မြန်ရောဂါဖြစ်ပွားနေသူပါရှိလာပါက ယင်းရောဂါဖြစ်ပွားနေသူအား ကျန်းမာရေးစစ်ဆေးရန်အလို့ငှာ သီးခြားထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သောအချိန်အထိ ပြင်ပသို့ထွက်ခွာသွားလာခွင့်

(င) ပွဲလမ်းသဘင်ကျင်းပနေစဉ် အဓိကကူးစက်မြန်ရောဂါဖြစ်ပွားလာပါက အများပြည်သူတို့အား ပွဲလမ်းသဘင် ကျင်းပရာနေရာသို့ သွားလာခွင့်နှင့် ပွဲလမ်းသဘင်ကို ဆက်လက်ကျင်းပခွင့်

(စ) ကူးစက်မြန်ရောဂါဖြစ်သည်ဟု သံသယရှိသည့် တိရစ္ဆာန် သို့မဟုတ် ယင်းတိရစ္ဆာန်ထွက်ပစ္စည်းသယ်ဆောင်လာသော ယာဉ်အား ဝင်ထွက်သွားလာခွင့် (၂၀၁၁ ပြင်ဆင်ချက်ဥပဒေ)

### ထပ်တလဲလဲ

အထက်ပါဥပဒေပုဒ်မ၊ တားမြစ်ပိတ်ပင်မှု၊ ဥပဒေပြဋ္ဌာန်းချက်များအကြောင်းကို ဘာ့ကြောင့်ထပ်တလဲလဲရေးနေ၊ ပြောနေရပါသလဲ။ သိပြီးသား၊ နားလည်ပြီးသားတွေကို ဘာ့ကြောင့်ဆွေးနွေး ပညာပေးနေရသလဲ၊ အများနားလည်ကြပါမည်။ သဘောပေါက်ကြပါမည်။




### အချို့အရေးယူခံရ

သတင်းစာ၊ ဂျာနယ်၊ မီဒီယာများတွင် ဥပဒေများချိုးဖောက်သဖြင့် အချို့အရေးယူခံရသည်။ ပြစ်ဒဏ်ကျခံကြရသည်။ ပညာပေးသော်လည်း လက်မခံ။ ငြင်းဆန်ကြသည်။ အမှန်ကိုမမြင်။ ဥပဒေကို မမြင်။ နည်းဥပဒေကို မသိ။ သို့ဖြစ်၍ အရေးယူခံရ၏။ ပြစ်ဒဏ်ကျခံကြရသည်။

### ဥပဒေကိုမသိ၍ဟု ထုချေခြင်း

" ဥပဒေကိုမသိ၍ ပြစ်မှုကျူးလွန်မိပါသည်" ဟု ထုချေခြင်းကို ခွင့်မလွှတ်ပါ။ ထို့ကြောင့် ဥပဒေကိုသိအောင်၊ နားလည်အောင်ဖြန့်ဖြူးသူက ဖြန့်ဖြူး၊ လိုက်နာသူကလိုက်နာ ဆောင်ရွက်ရမည်သာပါ။

### ဥပဒေပညာရှင်များ၏ အခန်းကဏ္ဍ

COVID–19 ကာလတွင် အများပြည်သူအကျိုး၊ စေတနာ့ဝန်ထမ်းလုပ်အားပေးစီမံချက်များ၊ လုပ်ငန်းများ၊ ဖြစ်စဉ်များ လွန်စွာများပြားလှပါသည်။ ဥပဒေပညာရှင်များ၏ အခန်းကဏ္ဍပါဝင်သင့်ပါသည်။ မိမိတတ်သည့်ပညာဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီပြီး တည်ဆဲဥပဒေများအကြောင်း ဟောပြောခြင်း၊ ဆွေးနွေးခြင်း၊ အသိပညာပေးဖလှယ်ခြင်းများ ဆောင်ရွက်သင့်ပါသည်။

### လေ့လာဖတ်ရှုရန်

COVID–19 ကာလတွင်–

(၁) ကူးစက်မြန်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ

(၂) ရာဇသတ်ကြီး

(၃) ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ

(၄) ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေများကိုပါ ဆက်စပ်လေ့လာစေချင်ပါသည်။

### ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ

ယနေ့ COVID– 19 ကာလတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်၊ ညွှန်ကြားချက်များ၊ လိုက်နာရမည့် နိုင်ငံတကာစံနှုန်းများကို အများပြည်သူသိရှိ လေ့လာနိုင်ရန် အသိပညာပေးအစီအစဉ်တစ်ရပ်ကို ဆောင်ရွက်နေပါသည်။ Online တွင် Aee Myanmar Facebook Page မှ Aee against COVID–19 ခေါင်းစဉ်ဖြင့် သတင်းအချက်အလက်များပေါင်းစု၍ ရှင်းလင်းတင်ပြလျက်ရှိပါသည်။

### စေတနာ

COVID–19 ကာလတွင် အခက်အခဲများဖြတ်ကျော်နိုင်ရေး၊ ဥပဒေဗဟုသုတအတွေးအခေါ် အသိအမြင်ကြွယ်ဝရေးအကြောင်း တွေးခေါ်မိသော ကျွန်တော်၏ စေတနာဥပဒေ အတွေးမျှသာပါ......။

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၁၈) မဲစာရင်းပြုစုခြင်းနှင့် ဆန္ဒမဲပေးခြင်း



မောင်စာဂ

ရွေးကောက်ပွဲတစ်ခုတွင် မဲစာရင်းပြုစုခြင်းနည်းလမ်း၊ ဆန္ဒမဲပေးခြင်းနည်းလမ်းများ သတ်မှတ်ထားရှိသည်။ အဓိကအချက်မှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲစာရင်းတွင်ပါရှိရေးနှင့် မဲစာရင်းတွင်ပါဝင်သူတိုင်း ဆန္ဒမဲပေးနိုင်ရေးဖြစ်သည်။ မျှဝေပါရစေ။

**မဲစာရင်းပြုစုခြင်းနည်းလမ်း**

ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အသက် ၁၈ နှစ်ပြည့်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသည် သက်ဆိုင်ရာမဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူဖြစ်လျှင် ယင်းမဲဆန္ဒနယ်မဲစာရင်း၌ ထည့်သွင်းဖော်ပြရန် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ၌ ဥပဒေပုဒ်မ ၁၄ (က) တွင် ပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်အရ နေထိုင်သူဖြစ်လျှင် ထည့်သွင်းရသည်။ နှစ်ကာလသတ်မှတ်ချက် မရှိပါ။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၏ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ ပုံစံ (သန်းခေါင်စာရင်း) ရှိရမည်ဟုလည်း ပြဋ္ဌာန်းမထားပါ။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃ တွင် နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်ဟူ၍ နိုင်ငံတော်၏ အခြေခံမူတစ်ရပ်အဖြစ် လည်းကောင်း၊ ပုဒ်မ ၃၅၅ တွင် နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်ဟူ၍ နိုင်ငံသားများ၏ မူလအခွင့်အရေးအဖြစ်လည်းကောင်း ပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်များအရ မဲစာရင်းပြုစုသည့်အခါ သက်ဆိုင်ရာမဲဆန္ဒနယ်၌ အခြေစိုက်နေထိုင်သူဖြစ်လျှင် ယင်းမဲဆန္ဒနယ်၏မဲစာရင်းတွင် ထည့်သွင်းပြုစုရသည်။ ကျူးကျော်နေထိုင်သူများ၊ ရွှေ့ပြောင်းလုပ်သားများဟု အဆိုရှိသူများကိုလည်း ၎င်းတို့သည် မူရင်းအရပ်ဒေသမှ အပြီးအပိုင်ပြောင်းရွှေ့ရောက်ရှိလာပြီး အဆိုပါဒေသ၌ အခြေစိုက်နေထိုင်လျက်ရှိသူဖြစ်လျှင် ယင်းမဲဆန္ဒနယ်၌ ထည့်သွင်းပြုစုရသည်။

မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတို့၌ရောက်ရှိ၍ အသက်မွေးဝမ်းကျောင်းပြုနေကြသော ရွှေ့ပြောင်းလုပ်သားအများစုသည် မွေးဖွားရာဇာတိ မူရင်းဒေသများမှ အပြီးအပိုင်ရွှေ့ပြောင်းလာကြပြီး ၎င်းတို့ရောက်ရှိနေသော အရပ်ဒေသ၌ပင် အခြေစိုက်နေထိုင်လုပ်ကိုင် စားသောက်ကြသူများဖြစ်သည်။ ထို့ကြောင့် ၎င်းတို့လက်ရှိအခြေစိုက်နေထိုင်လျက်ရှိသော မဲစာရင်း၌သာ ထည့်သွင်းပြုစုရသည်။ ထိုသူများသည် မူရင်းအရပ်ဒေသတွင် အခြေစိုက်နေထိုင်သူများ မဟုတ်ကြတော့သဖြင့် မူရင်းအရပ်ဒေသရှိ မဲစာရင်းတွင်လည်း ထည့်သွင်းပြုစု၍မရပါ။ မူရင်းဒေသသို့ ပြန်လည်ဆန္ဒမဲပေးခြင်း မပြုနိုင်ပါ။

**ဆန္ဒမဲပေးခြင်းနည်းလမ်းများ**

ပထမနည်းလမ်းမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများသည် မိမိ၏မဲစာရင်းပါရှိရာ မဲဆန္ဒနယ်အတွင်းမှာပင် သက်ဆိုင်ရာမဲရုံသို့ ဆန္ဒမဲပေးသည့်နေ့ရက်တွင် ကိုယ်တိုင် သွားရောက်ဆန္ဒမဲပေးရသည်။

ဒုတိယနည်းလမ်းမှာ ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် မဲဆန္ဒနယ်အတွင်းတွင်ရှိသော်လည်း မဲရုံသို့ ကိုယ်တိုင် လာရောက်ဆန္ဒမဲမပေးနိုင်သော အသက်အရွယ်ကြီးရင့်သူ၊ အနာကြီးရောဂါ စွဲကပ်နေသူ၊ ရောဂါဝေဒနာပြင်းထန်စွာခံစားနေရသူ၊ မီးဖွားနေသူများ၊ ရဲအချုပ်ခန်းနှင့် အကျဉ်းစခန်းတွင် အချုပ်ခံနေရသူများ၊ ဆေးရုံတက်ရောက်နေရသော အတွင်းလူနာများအတွက် ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲဝင်နှစ်ဦးက ၎င်းတို့ထံသွားရောက်ကာ သတ်မှတ်ထားသည့်အတိုင်း ကြိုတင်ဆန္ဒမဲပေးခြင်းနည်းစနစ်ဖြင့် ဆန္ဒမဲပေးခြင်းဖြစ်သည်။

တတိယနည်းလမ်းမှာ ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မဲစာရင်းပါရှိရာဒေသမှကျော်လွန်၍ သွားရောက်တာဝန်ထမ်းဆောင်ရသော ဝန်ထမ်း သို့မဟုတ် တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်၌ မိမိနှင့်သက်ဆိုင်သည့်မဲဆန္ဒနယ်၏ပြင်ပသို့ ခရီးဝေးသွားရန် ခိုင်လုံသော အထောက်အထားတင်ပြနိုင်သူများက ကြိုတင်မဲပေးလိုပါလျှင် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးသို့ ကိုယ်တိုင်သွားရောက်၍ သတ်မှတ်ထားချက်နှင့် အညီ ကြိုတင်မဲပေးခြင်းနည်းစနစ်ဖြင့် ဆန္ဒမဲပေးခြင်းဖြစ်သည်။

စတုတ္ထနည်းလမ်းမှာ ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်၌ သက်ဆိုင်ရာမဲဆန္ဒနယ်၏ ပြင်ပတွင်ရောက်ရှိနေသော တပ်မတော်သားများနှင့် အတူနေ အိမ်ထောင်စုဝင်များ၊ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများ၊ ဆေးရုံသို့ တက်ရောက်နေသော အတွင်းလူနာများ၊ အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများအတွက် ၎င်းတို့သည် မဲဆန္ဒနယ်ပြင်ပသို့ရောက်ရှိနေ၍ ကြိုတင်ဆန္ဒမဲပေးရန်တောင်းဆိုသည့် ပုံစံ (၁၅) ကို ဖြည့်စွက်ကာ သတ်မှတ်ထားသည့်အတိုင်း ကြိုတင်ဆန္ဒမဲပေးခြင်းနည်းစနစ်ဖြင့် ဆန္ဒမဲပေးခြင်းဖြစ်သည်။ သို့ရာတွင် ၎င်းမဲဆန္ဒရှင်များသည် ကြိုတင်မဲပေးရခြင်း မရှိခဲ့ကြောင်း ခိုင်လုံသော အထောက်အထားရယူပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် သက်ဆိုင်ရာ မိမိ၏မဲဆန္ဒနယ်ရှိ မဲရုံများသို့သွားရောက်၍ ကိုယ်တိုင်ဆန္ဒမဲပေးခြင်းလည်း ပြုနိုင်သည်။

ပဉ္စမနည်းလမ်းမှာ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ၏ နည်းဥပဒေ ၁၀ တွင် ပြဋ္ဌာန်းထားသော အနည်းဆုံးရက်ပေါင်း ၁၈၀ ထက် မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များအတွက် ဆန္ဒမဲပေးနည်းဖြစ်သည်။ ဤနည်းလမ်းမှာ ထူးခြားသည်။ ဆိုခဲ့သည့် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနည်းလမ်းများနှင့် သက်ဆိုင်သော မဲဆန္ဒရှင်များသည် မိမိတို့၏ အမြဲတမ်းနေရပ်ရှိ မဲဆန္ဒနယ်များတွင် ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးခြင်းဖြစ်သည်။ ပဉ္စမနည်းလမ်းနှင့် သက်ဆိုင်သော မဲဆန္ဒရှင်များသည်ကား မိမိတို့၏ အမြဲတမ်းနေရပ်ရှိ မဲဆန္ဒနယ်များမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဖြစ်စေ၊ မိမိလက်ရှိ ရက်ပေါင်း ၁၈၀ ထက်မနည်းရောက်ရှိနေသော မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်လောင်းများကိုဖြစ်စေ မိမိအဆင်ပြေမှုအရ ရွေးချယ်၍ဆန္ဒမဲပေးခွင့်ရှိကြသည်။

**မဲဆန္ဒနယ်ပြင်ပရောက်**
**အခြားမဲဆန္ဒရှင်များဟူသည်**

မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များဆိုသည်မှာ အခြားဒေသရှိ စီမံကိန်း၊ စက်မှုလက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးတစ်ခုခုတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြသော မဲဆန္ဒနယ်ပြင်ပရောက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အခြားမဲဆန္ဒရှင်များနှင့် အကြောင်းအမျိုးမျိုးကြောင့် မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေကြသော မဲဆန္ဒရှင်များကို ဆိုလိုကြောင်း သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ၏ နည်းဥပဒေ ၂ (ဆ) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ယင်းတွင် မိမိတို့အခြေစိုက်နေထိုင်လျက်ရှိသော မူလအရပ်ဒေသမှ ပြောင်းရွှေ့သွားခြင်းမရှိဘဲ သွားရောက်လုပ်ကိုင်နေသည့် ယာယီရွှေ့ပြောင်းလုပ်သားများလည်း ပါဝင်သည်။

ယင်းအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ ပုဒ်မ ၄၅ (ခ) တွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိအမည်စာရင်းပါရှိသော မဲဆန္ဒနယ်မှကျော်လွန်၍ ခရီးဝေးသွားလာရန်ရှိသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပုဒ်မ ၄၅ (ဂ) (ရ) တွင် ပြဋ္ဌာန်းထားသည့် မဲစာရင်းပါရှိရာဒေသမှကျော်လွန်၍ ယာယီတာဝန်သွားရောက်ထမ်းဆောင်ရသောနိုင်ငံ့ဝန်ထမ်း သို့မဟုတ် တပ်မတော်သား သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များမပါရှိကြောင်း အဆိုပါမဲဆန္ဒရှင်များမှအပဟူ၍ ဖော်ပြထားသည်။

> "မဲစာရင်းပြုစုသည့်အခါ သက်ဆိုင်ရာမဲဆန္ဒနယ်၌ အခြေစိုက်နေထိုင်သူဖြစ်လျှင် ယင်းမဲဆန္ဒနယ်၏မဲစာရင်းတွင် ထည့်သွင်းပြုစုရသည်။ ကျူးကျော်နေထိုင်သူများ၊ ရွှေ့ပြောင်းလုပ်သားများဟု အဆိုရှိသူများကိုလည်း ၎င်းတို့သည် မူရင်းအရပ်ဒေသမှ အပြီးအပိုင်ပြောင်းရွှေ့ရောက်ရှိလာပြီး အဆိုပါဒေသ၌ အခြေစိုက်နေထိုင်လျက်ရှိသူဖြစ်လျှင် ယင်းမဲဆန္ဒနယ်၌ ထည့်သွင်းပြုစုရသည်။"

**ပြင်ပရောက်မဲဆန္ဒရှင်များ မဲပေးခွင့်မဆုံးရှုံးစေဖို့**

ပဉ္စမနည်းလမ်းဖြင့် ဆန္ဒမဲပေးခြင်းနည်းလမ်းကို ပြဋ္ဌာန်းရခြင်းမှာ အခြားဒေသရှိ စီမံကိန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းတစ်ခုခုတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြသော မဲဆန္ဒနယ်ပြင်ပရောက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အခြားမဲဆန္ဒရှင်များနှင့် အကြောင်းအမျိုးမျိုးကြောင့် မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေကြသော မဲဆန္ဒရှင်များသည် ဆန္ဒမဲပေးမည့်နေ့ရက်တွင် မိမိတို့၏ အမြဲတမ်းနေရပ်ရှိ မဲဆန္ဒနယ်သို့ပြန်လည်သွားရောက်ပြီး ဆန္ဒမဲပေးရန် အခက်အခဲများ ကြုံတွေ့ရတတ်သည်။ ထိုအခါများတွင် ၎င်းတို့၏ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေး မဆုံးရှုံးစေရေးအတွက် ဖြစ်သည်။

**ရက်ပေါင်း ၁၈၀ နှင့် သက်ဆိုင်သူများ**

ရက်ပေါင်း ၁၈၀ သတ်မှတ်ထားခြင်းနှင့် စပ်လျဉ်း၍ မည်သို့သော မဲဆန္ဒရှင်များနှင့် သက်ဆိုင်ပါသနည်းဆိုသည့် အခြေခံအချက်ကို ဆန်းစစ်ကြည့်ရှုရန် လိုအပ်သည်။ ရွှေ့ပြောင်းလုပ်သားများအပါအဝင် မည်သည့်မဲဆန္ဒရှင်မဆို ၎င်းရောက်ရှိ နေထိုင်လုပ်ကိုင် စားသောက်လျက်ရှိသော အရပ်ဒေသ၌ အခြေတကျနေထိုင်လျက်ရှိလျှင် ယင်းမဲဆန္ဒနယ်ရှိမဲစာရင်း၌ မဲစာရင်းပြုစုစဉ်ကပါရှိပြီးဖြစ်သဖြင့် ရက်ပေါင်း ၁၈၀ သတ်မှတ်ခြင်းကိစ္စနှင့် မသက်ဆိုင်ပါ။

ရွှေ့ပြောင်းလုပ်သားများအပါအဝင် မည်သည့်မဲဆန္ဒရှင်မဆို ၎င်းရောက်ရှိနေထိုင် လုပ်ကိုင်စားသောက်လျက်ရှိသော အရပ်ဒေသ၌ အခြေတကျနေထိုင်လျက်မရှိလျှင်၊ ထို့ပြင် ၎င်း၏အခြေစိုက်နေထိုင်ရာ မူလအရပ်ဒေသသည် အခြားမဲဆန္ဒနယ်တစ်နယ်အတွင်းဖြစ်နေလျှင် အခြေစိုက်နေထိုင်လျက်ရှိသော မဲဆန္ဒနယ်ရှိ မဲစာရင်းတွင် ၎င်း၏အမည်ပါရှိမည်ဖြစ်သဖြင့် ရက်ပေါင်း ၁၈၀ သတ်မှတ်ခြင်းကိစ္စနှင့် သက်ဆိုင်လာပါတော့သည်။

ဤအချက်နှစ်ချက်ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်မည်ဆိုပါက ရက်ပေါင်း ၁၈၀ သတ်မှတ်ခြင်းကိစ္စသည် မဲစာရင်းပြုစုပြီးသည့် အချိန်၏ နောက်ပိုင်းကာလများတွင်သာ သက်ဆိုင်မှုပေါ်ပေါက်လာနိုင်ပါသည်။ ရက်ပေါင်း ၁၈၀ နှင့် သက်ဆိုင်သူမဲဆန္ဒရှင်များသည် အနည်းစုသာတွေ့ရှိရပါမည်။ ယင်းအနည်းစုများထဲမှာပင် ရက်ပေါင်း ၁၈၀ မပြည့်မီသဖြင့် မဲပေးခြင်းမပြုနိုင်သူများလည်း တွေ့ရှိနေရသည်။

**ပြင်ပရောက်နေသူတိုင်း ဆန္ဒမဲပေးနိုင်ရေး**

မဲဆန္ဒနယ်ပြင်ပရောက်နေသူတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အဆိုပါ ရက်ပေါင်း ၁၈၀ သတ်မှတ်ထားခြင်းကို သင့်တော်မျှတသည့် ရက်ပေါင်း ၉၀ သို့ ပြင်ဆင်ခဲ့သည်။ ထိုသို့ပြင်ဆင်ခြင်းကြောင့် အောက်ဖော်ပြပါ ဆန္ဒမဲပေးရန် အခက်အခဲဖြစ်နေသူများအတွက် ကုစားနိုင်မည်ဟု ယုံကြည်သည်။

ပထမအချက်မှာ အဆိုပါ ရက်ပေါင်း ၁၈၀ နှင့် သက်ဆိုင်သော မဲဆန္ဒရှင်များသည် ရက်ပေါင်း ၁၈၀ မပြည့်ဘဲ ရက်ပေါင်း ၁၀၀၊ ၁၂၀၊ ၁၄၀၊ ၁၆၀၊ ၁၇၀ စသည်ဖြင့်သာ မဲဆန္ဒနယ်ပြင်ပသို့ရောက်နေပြီး မိမိတို့၏ အမြဲတမ်းနေရပ်သို့သွားရောက်ကာ ဆန္ဒမဲပေးရန် ခရီးလမ်းပန်း၊ ငွေကြေး စသည့် အခက်အခဲများကြုံရ၍ ဆန္ဒမဲပေးရန် အခက်အခဲရှိသူများ အဆင်ပြေသွားနိုင်ပါမည်။

ဒုတိယအချက်မှာ မဲဆန္ဒနယ်ပြင်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြရသော နိုင်ငံ့ဝန်ထမ်းများအနက် အချို့သောနိုင်ငံ့ဝန်ထမ်းများသည် တာဝန်အရ ထိုသို့ပြောင်းရွှေ့အလုပ်လုပ်ကိုင်ကြရသော်လည်း မိမိတို့၏ အမြဲတမ်းနေရပ် ပြောင်းရွှေ့ခြင်း မဟုတ်ကြသဖြင့် ၎င်းတို့၏မဲစာရင်းမှာလည်း အမြဲတမ်းနေရပ်ရှိ မဲစာရင်းမှာပင် ပါဝင်နေမည်။ ထိုအခါမျိုးတွင် ၎င်းနှင့်တကွ အတူလိုက်ပါနေထိုင်သော မိသားစုများသည် မိမိတို့၏ အမြဲတမ်းနေရပ်သို့လည်း ပြန်လည်ဆန္ဒမဲပေးနိုင်ခြင်းမရှိ။ ရောက်ရှိတာဝန်ထမ်းနေရသော အရပ်ဒေသတွင်လည်း ရက်ပေါင်း ၁၈၀ မပြည့်မီသေးသဖြင့် ဆန္ဒမဲပေးခွင့်မရရှိ။ ယင်းအခြေအနေမျိုးတွင် ရက်ပေါင်း ၁၈၀ မှ ရက်ပေါင်း ၉၀ သို့ ဖြေလျှော့ပေးခြင်းဖြင့် ၎င်းတို့၏ ဆန္ဒမဲပေးခွင့် ဆုံးရှုံးရသည်များ လျော့နည်းသွားနိုင်ပါမည်။

တတိယအချက်မှာ အချို့သောမဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသားများနှင့် မဲဆန္ဒနယ် ပြင်ပရောက် သင်တန်းသားများသည် မိမိတို့၏မိသားစုများပါ လိုက်ပါ၍ အတူနေထိုင်ကြသည်များ ရှိသည်။ ထိုအခါမျိုးတွင် အဆိုပါကျောင်းသား၊ သင်တန်းသားများအတွက် သတ်မှတ်ထားသည့်အတိုင်း ကြိုတင်ဆန္ဒမဲပေးခြင်း ဖြင့် မဲပေးပိုင်ခွင့်ရရှိနိုင်သော်လည်း ၎င်းနှင့်အတူ လိုက်ပါနေထိုင်သည့် မိသားစုများသည် မူလနေထိုင်သော မဲဆန္ဒနယ်သို့ပြန်လည်သွားရောက်၍ ဆန္ဒမဲပေးရန် အခက်အခဲရှိနိုင်ပါသည်။ ထို့ကြောင့် လက်ရှိရောက်ရှိနေထိုင်သော အရပ်ဒေသ၌လည်း ရက်ပေါင်း ၁၈၀ မပြည့်သဖြင့် ဆန္ဒမဲပေးခွင့်မရရှိ။ ယင်းအခြေနေမျိုးတွင် ရက်ပေါင်း ၁၈၀ မှ ရက်ပေါင်း ၉၀ သို့ ဖြေလျှော့ပေးခြင်းဖြင့် ၎င်းတို့၏ဆန္ဒမဲပေးပိုင်ခွင့် ဆုံးရှုံးရသည်များ လျော့နည်းသွားနိုင်ပါမည်။

**မဲဆန္ဒရှင်ပြည်သူအားလုံး ဥပဒေနှင့်အညီ**
**အခွင့်အရေးရရှိစေရပါမည်**


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်စေရေး၊ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး၊ မဲစာရင်းပြုစုခြင်း၊ ဆန္ဒမဲပေးခြင်း နည်းလမ်းများ အဆင်ပြေချောမွေ့စေရေး ဦးတည်လျက် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ၏ နည်းဥပဒေ ၁၀ ပါ ပြဋ္ဌာန်းချက်တွင်ပါရှိသည့် ရက်ပေါင်း ၁၈၀ သတ်မှတ်ထားချက်ဖြစ်သည့် ဆန္ဒမဲပေးခြင်းနည်းလမ်းကို ရက်ပေါင်း ၉၀ ဟု ပြင်ဆင်သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ မဲဆန္ဒရှင်ပြည်သူတို့ အခွင့်အရေးမဆုံးရှုံးစေဖို့ ဥပဒေနှင့်အညီ တရားသဖြင့် မှန်ကန်မျှတမှုရှိစေရေး စီမံဆောင်ရွက်ခြင်း ဖြစ်သည်ဟု ယုံကြည်မိကြောင်းပါဗျာ။

- ★ ပြည့်စုံမှန်ကန်သောမဲစာရင်းမျိုး ပေါ်ထွက်လာနိုင်ပါစေ၊
- ★ ဆန္ဒမဲပေးခွင့်ရှိသူတိုင်း နည်းလမ်းတကျ ဆန္ဒမဲပေးနိုင်ကြပါစေ၊
- ★ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ကြပါစေ။ ။


# စောစောရှာ အက်ပလီကေးရှင်းကို Android ဖုန်းများနှင့် Tablet များတွင် ထည့်သွင်းအသုံးပြုပုံ

အပိုင်း(၁)





ပထမဦးစွာ အင်တာနက် ဖွင့်ထားပေးရပါမယ်။





Chrome(သို့မဟုတ်) Firefox(သို့မဟုတ်)အခြား မိမိဖုန်းထဲရှိ Browser ကို အသုံးပြုရပါမယ်။





လိပ်စာမှာ sawsawshar.gov.mm ဆိုပြီး ရိုက်ထည့်ရပါမယ်။





ဒီလိုပုံစံတွေ့ရပြီး Download ကို နှိပ်ရပါမယ်။





Ok ကို နှိပ်ရပါမယ်။





Open ကို နှိပ်ပေးရပါမယ်။





INSTALL ကို နှိပ်ပေးရပါမယ်။





OPEN ကို နှိပ်ပြီး အက်ပလီကေးရှင်းကို ဖွင့်လိုက်ရုံပြီ





ALLOW ကို နှိပ်ပေးရပါမယ်။





လက်ခံပါသည် (Accept) ကို နှိပ်ရပါမယ်။




စောစောရှာ အက်ပလီကေးရှင်းရဲ့ ပင်မမျက်နှာပြင်ကို ရောက်ရှိပြီဖြစ်ပါတယ်။ (ဒီအက်ပလီကေးရှင်းကို သုံးစွဲခြင်းအားဖြင့် ရောဂါရှိသူနှင့် ထိတွေ့ခဲ့မှုရှိ/မရှိကို စောစီးစွာ သိရှိနိုင်ပြီး စောစီးစွာရှာဖွေနိုင်သည့်အတွက် ကုသနိုင်မည်ဖြစ်သည်။)





ဆက်လက်၍ ဘယ်ဘက်အပေါ်ဆုံးမှာရှိသည့် Menu ထဲကိုသွားပြီး စိစစ်ခြင်း(Verify)ကို ပြုလုပ်ပေးရပါမယ်။








09 နဲ့စပြီး မိမိအသုံးပြုမည့် ဖုန်းနံပါတ်ကို ရိုက်ထည့်ပြီး ရှေ့ဆက်(Next)နှိပ်ပေးရပါမယ်။ ထို့နောက် မိမိဖုန်းထဲသို့ပေးပို့လာသည့် တစ်ခါသုံးစကားဝှက်(xxxxx)ကို ရိုက်ထည့်ပြီး အတည် ပြုပါ (Verify)နှိပ်ပေးရပါမယ်။ (Verify Successfully ဆိုရင်စိစစ်ခြင်း(Verify) လုပ်ငန်းစဉ် အောင်မြင်ပါသည်။)







ဒုတိယဆက်လက်ဆောင်ရွက်သင့်တာကတော့ ဘယ်ဘက်အပေါ်ဆုံးမှာရှိသည့် Menu ထဲကိုသွားပြီး မိမိရဲ့ကိုယ်ရေးအချက်အလက်များကို ထည့်သွင်းပေးရမှာဖြစ်ပါမယ်။ (ထည့်သွင်းပြီးပါက မိမိဖုန်းထဲတွင် စောစောရှာ အက်ပလီကေးရှင်း အောင်မြင်စွာထည့်သွင်းပြီးဖြစ်ပါသည်။)

စာမျက်နှာ ၂၄ သို့


စာမျက်နှာ ၂၃ မှ

## အပိုင်း(၂) တည်နေရာစာရင်းအသုံးပြုခြင်း




မိမိဖုန်းထဲရှိ တည်နေရာ (Location)ကို ဖွင့်ထားပါက ဖုန်းတည်ရှိရာနေရာကို သတ်မှတ်ချိန်ရောက်တိုင်း ရောက်တိုင်း မှတ်တမ်းယူပြီး ဖုန်းထဲမှာ အရင်သိမ်းပါတယ်။ ပြီးလျှင် သိမ်းထားသည့် ဒေတာများကို ဆာဗာကို သတ်မှတ်အချိန် ရောက်တိုင်း ရောက်တိုင်း ပေးပို့နေပါတယ်။ Home Screen ရဲ့ ညာဘက်မှာရှိတဲ့ Location List Page ကို နှိပ်လိုက်ပါက အဲဒီမှာ မိမိရဲ့တည်နေရာမှတ်တမ်းကို တွေ့ရပါလိမ့်မယ်။


၁၅




Manual Location ရယူလိုပါက GPS Check In ကို နှိပ်၍ ရယူနိုင်ပါတယ်။ နောက်ပိုင်းမှာ QR Check In နဲ့လည်း ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။





၁၆




၁၇


Location တစ်ခုချင်းစီကို မိမိမှတ်သားလိုတဲ့ အချက်အလက်များ ထည့်သွင်းလိုပါက အဆိုပါ Location ကို နှိပ်ပြီး ဖြည့်သွင်းနိုင်ပါတယ်။ အဆိုပါ Location အချက်အလက်တွေကို သတ်မှတ်တဲ့အချိန်တိုင်း ဆာဗာကို ပေးပို့နေမှာ ဖြစ်ပါတယ်။




၁၈

အကယ်၍ Manual ပို့ချင်တယ်ဆိုရင် ညာဘက်အပေါ်ဆုံးမှာရှိတဲ့ Menu ထဲကိုသွားပြီး တင်ပို့ပါ (Submit)ကိုနှိပ်၍ ဆက်လက်ဆောင်ရွက်ပါက အဆိုပါအချက်အလက်များကို ဆာဗာကို တစ်ကြိမ်ပို့လိုက်မှာ ဖြစ်ပါတယ်။


## အပိုင်း(၃)တည်နေရာမြေပုံ ကြည့်ရှုခြင်း




၁၉

အသုံးပြုလို့ရတဲ့ နောက်ထပ်ပုံစံတစ်ခုကတော့ ဘယ်ဘက်အပေါ်ဆုံးမှာရှိတဲ့ Menu ထဲကိုဝင်ပြီး မြေပုံ(Map)ကို နှိပ်လိုက်ပါက မိမိသွားရောက်ထားတဲ့ Location များကို အမှတ်အသားများနဲ့ ပြနေပါလိမ့်မယ်။


## အပိုင်း(၄)ကျန်းမာရေးအခြေအနေသတင်းပေးပို့ခြင်း




၂၀

အသုံးပြုလို့ရတဲ့ နောက်ထပ်ပုံစံတစ်ခုကတော့ ဘယ်ဘက်အပေါ်ဆုံးမှာရှိတဲ့ Menu ထဲကိုဝင်ပြီး သတင်းပို့ပါ(Report)ကို နှိပ်လိုက်ပါက မိမိရဲ့ခံစားနေရတဲ့ ကျန်းမာရေးအခြေအနေကို အမှန်ခြစ်ပေး၍ အတည်ပြုပါ (Submit) ကိုနှိပ်ပြီး ပေးပို့နိုင်ပါတယ်။


## အပိုင်း(၅)အထောက်အကူပြုအချက်အလက်များ




၂၁

စောစောရှာအက်ပလီကေးရှင်းရဲ့ ညာဘက်အပေါ်ထောင့်မှာ မိမိအတွက် လိုအပ်တဲ့အချက်အလက်များကို ဖော်ပြထားပါတယ်။ ပထမဦးဆုံး ဖော်ပြထားတာကတော့ မိမိအသုံးပြုနေတဲ့ ဗားရှင်း၊ ဆက်လက်ပြီး ဆက်သွယ်ရန် (Contact) ကိုနှိပ်လိုက်ပါက ဆက်သွယ်ရန် အရေးပေါ်ဖုန်းနံပါတ်တွေ၊ ဌာနတွေကို ဖော်ပြထားပါတယ်။

**စောစောရှာ အက်ပလီကေးရှင်းကို အသုံးပြုခြင်းဖြင့် မိမိအနီးအနားတွင် ကိုဗစ်-၁၉ရောဂါဖြစ်ပွားသူ ရှိ၊ မရှိ သိရှိနိုင်ပြီး မိမိကိုယ်တိုင်၊ မိမိ၏ မိသားစုနှင့် မိမိနိုင်ငံကို ကာကွယ်ပါ။**




၂၂

Terms & Condition များကို ဝင်ရောက်ဖတ်ရှုနိုင်ပါတယ်။




၂၃

အောက်ဆုံးမှာရှိတဲ့ About ကိုနှိပ်ပြီး ဝင်ရောက်ကြည့်ရှုပါက စောစောရှာ အက်ပလီကေးရှင်း ထုတ်ဝေမှုနဲ့ပတ်သက်တဲ့ အကြောင်းအရာ၊ ဌာနတံဆိပ်များနဲ့ အသုံးပြုသူ တစ်ဦးစီအတွက် UUID နံပါတ်တွေကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက သတင်းသမားများအတွက် ဆန်၊ ဆီ စသည့် စားသောက်ကုန်ပစ္စည်းများ စတင်၍ ပံ့ပိုးကူညီ

**ရန်ကုန် မေ ၁၂**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ကိုဗစ်-၁၉ ကာလအတွင်း အလုပ်ရပ်နားခံထားရသည့် သတင်းသမားများအတွက် ယနေ့ နံနက်ပိုင်းက ဆန်၊ ဆီ စသည့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ပထမအသုတ် စာရင်းလက်ခံရရှိထားသည့် နယ်သတင်းသမား ခြောက်ဦး၊ ရန်ကုန်သတင်းသမား ၂၅ ဦး စုစုပေါင်း ၃၁ ဦးတို့အား တစ်ဦးလျှင် ဆန် ၂၄ ပြည် (တစ်အိတ်)၊ ပဲလေးပိဿာ ၅၀ ကျပ်သား၊ ဆီ တစ်ပိဿာ၊ နှာခေါင်းစည်း ၁၀ ခု၊ ငါးသေတ္တာ နှစ်ဘူး တို့ကို ယနေ့ နံနက်ပိုင်းတွင် သတင်းသမားများလက်ဝယ်အရောက် ထောက်ပံ့ကူညီပေးခဲ့သည်။

ထပ်မံရရှိသည့် စာရင်းများအပေါ်မူတည်၍ သတင်းသမားများထံ အမြန်ဆုံး ဆက်လက်ပေးပို့သွားမည်ဖြစ်သည်။

သာဓုကန်စက်မှုဇုန်မှ အလှူရှင်တစ်ဦးက ဆန်အိတ် ၃၀၀၊ ပဲ ပိဿာ ၂၄၀၀ နှင့် ကြက်သွန်နီ ပိဿာ ၆၅၀ ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးကော်မတီမှတစ်ဆင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ကြက်သွန်နီများမှာ အထားမခံသည့်အတွက် We Love Yangon အဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့ရာ We Love Yangon က ငါးသေတ္တာဘူး ၁၅၀ ကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ ပြန်လည်လှူဒါန်းသည်။

ယခုအစီအစဉ်များကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြန်ကြားရေးကော်မတီ အတွင်းရေးမှူး မုံရွာ ဦးအောင်ရှင်က ဆက်သွယ်ကူညီပေးပြီး ဒေါ်သန်းမြင့်အောင် ဦးစီးသည့် We Love Yangon အဖွဲ့က သယ်ယူထုပ်ပိုး ကူညီပေးခဲ့သည်။

လှူဒါန်းသည့်ပစ္စည်းများပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက We Love Yangon အဖွဲ့ အခြေစိုက်ရာ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Centre (MCC) ခန်းမတွင် ပြုလုပ်ခဲ့ပြီး မုံရွာ ဦးအောင်ရှင်၊ ဒေါ်သန်းမြင့်အောင် ( We Love Yangon အဖွဲ့ခေါင်းဆောင်) တို့က လှူဒါန်းသည့်ပစ္စည်းများပေးအပ်ရာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီ-ဦးအုန်းကြိုင်) နှင့် ကောင်စီဝင်များက လက်ခံယူခဲ့သည်။ **(ယာပုံ)**



မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် ကိုဗစ်-၁၉ ကာလအတွင်း အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည့် သတင်းမီဒီယာသမားများအား လိုအပ်သည်များကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်ရန်အတွက် ကိုဗစ်-၁၉ ရန်ပုံငွေအဖြစ် ငွေကျပ်သိန်း ၁၀၀ ဖြင့် မတည်ထားကြောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက သတင်းသမားများအား ကူညီမှုပေးရာတွင် အုပ်စု သုံးစုခွဲထားပြီး အုပ်စု (၁) အသွားအလာကန့်သတ်ခံရခြင်း ကိုဗစ်-၁၉ ကူးစက်ခံရသည့်သတင်းသမားများ၊ အုပ်စု(၂) အလုပ်ရပ်နားခံထားရသည့် သတင်းသမားများ၊ အုပ်စု (၃) အမှန်တကယ် လိုအပ်မှုရှိနေသည့် တိုက်ပိုင်သတင်းသမားများ ဖြစ်ကြောင်း၊ လက်ရှိတွင် အသွားအလာကန့်သတ်ခံရခြင်းနှင့် ကိုဗစ် -၁၉ ကူးစက်ခံရသည့် သတင်းသမားများ စာရင်း လက်ခံရရှိမှုမရှိသေးဘဲ အလုပ်ရပ်နားခံထားရသည့် သတင်းသမားများစာရင်းသာ ရရှိထားကြောင်း၊ ထပ်မံရရှိသော စာရင်းအပေါ်မူတည်ပြီး သတင်းသမားများ လက်ဝယ်သို့ အမြန်ဆုံးဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် အသွားအလာ ကန့်သတ်ခံရခြင်းနှင့် ကိုဗစ်-၁၉ ကူးစက်ခံရသည့် သတင်းသမားအတွက် ငွေကျပ်နှစ်သိန်း၊ အလုပ်ရပ်နားခံထားရသည့် သတင်းသမားများအတွက် အလှူရှင်များမှ လှူဒါန်းမှုများအပြင် ကောင်စီမှ နှာခေါင်းစည်းနှင့် ဆီတို့ကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း၊ အလုပ်ရပ်နားခံထားရသည့် သတင်းသမားများအနေဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ထောက်ပံ့ကူညီပေးသည့် ဆန်၊ ဆီ စသည့် စားသောက်ကုန်ပစ္စည်းများကို လက်ခံရယူနိုင်ရန်အတွက် သတင်းမီဒီယာကောင်စီ ဖုန်း ၀၉-၄၄၈၀၂၆၃၂၆၊ အီးမေးလ်လိပ်စာ (mmpresscouncil@gmail.com) သို့ အမြန်ဆုံး စာရင်းပေးသွင်းကြပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**ဒီမင်း**

## ကံမမြို့နယ်၌ လေပြင်းကြောင့် အိမ် ၄၃၀ ကျော်နှင့် အဆောက်အအုံများ အမိုးများပျက်စီး

**ကံမ မေ ၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် မေ ၁၁ ရက် ညနေ ၅ နာရီခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မြို့ပေါ်ရပ်ကွက် သုံးခုနှင့် ကျေးရွာပေါင်း ၅၁ ရွာ၌ သစ်ပင်များ ပြိုလဲခြင်းနှင့် နေအိမ်အမိုးများ ပျက်စီးခြင်းများ ဖြစ်ခဲ့သည်။

လေပြင်းတိုက်မှုကြောင့် ကံမမြို့ပေါ်ရှိ ရပ်ကွက် သုံးခုနှင့် မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၅၁ ရွာမှ အိမ်ခြေ ၄၃၈ အိမ်၊ စာသင်ကျောင်း သုံးကျောင်း၊ ဘုန်းကြီးကျောင်း နှစ်ကျောင်း၊ သာသနိကအဆောက်အအုံ နှစ်ခု၊ ဆေးရုံ တစ်ရုံနှင့် အခြားအဆောက်အအုံ သုံးခုတို့၏ အမိုးများ ပျက်စီးခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ လေနှင့်အတူလွင့်ပါခဲ့သည့် သွပ်အမိုးများကို သိမ်းဆည်းရှင်းလင်းခြင်း လုပ်ငန်းများကို မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**



လမ်းမပေါ်သို့ သစ်ပင်လဲကျသည့်နေရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ ရှင်းလင်းနေစဉ်

## ဥတ္တရသီရိမြို့နယ်၌ လေပြင်းတိုက် အိမ် ၃၃ လုံး ပျက်စီး

**နေပြည်တော် မေ ၁၂**

နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာအုပ်စုတွင် မေ ၁၁ ရက် ညနေပိုင်းက လေပြင်းတိုက်မှုကြောင့် လူနေအိမ်သုံးလုံး ပြိုကျပျက်စီးပြီး အလုံး ၃၀ အမိုးလန်ပျက်စီးခဲ့ကြောင်းသိရသည်။

လေပြင်းတိုက်မှုကြောင့် ကျေးရွာအလိုက် ပျက်စီးမှုမှာ တောင်ညိုကျေးရွာ၌ အိမ်တစ်လုံးပြိုကျ၍ ငါးလုံးအမိုးလန်ပျက်စီးခြင်း၊ ဆယ်သိန်းကျေးရွာ၌ အိမ်လေးလုံး အမိုးလန်ပျက်စီးခြင်း၊ ကျောင်းစုကျေးရွာတွင် အိမ်တစ်လုံး ပြိုကျပျက်စီးပြီး ၁၄ လုံး အမိုးလန်ပျက်စီးခြင်း၊ ကြီးပွားကျေးရွာတွင် အိမ်တစ်လုံး ပြိုကျပျက်စီး၍ နှစ်လုံး အမိုးလန်ခြင်း၊ ပြည်တော်လင်းကျေးရွာတွင် အိမ်လေးလုံး အမိုးလန်ခြင်းနှင့် သက်မွေးစုကျေးရွာတွင် အိမ်တစ်လုံး အမိုးလန်ပျက်စီးခြင်းတို့ဖြစ်ခဲ့သည်။

**အောင်ကို(ပြန်/ဆက်)**

## မြိတ်မြို့တွင် မိုးသည်းထန် လေပြင်းတိုက် အဆောက်အအုံအချို့ပျက်စီး

**မြိတ် မေ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မေ ၁၁ ရက် ညနေ ၅ နာရီခန့်က မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက်ခတ်မှုကြောင့် အိမ်တစ်လုံးနှင့် ကားဘော်ဒီပြင် အလုပ်ရုံတစ်ခု ပြိုကျပျက်စီးပြီး အဆောက်အအုံအချို့လည်း အမိုးများပျက်စီးခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက်မှုကြောင့် ရွှေပေးရွာ ပုစွန်ကန်ရပ် မင်္ဂလာလမ်းရှိ ဦးအုန်းလွင်၏ နေအိမ် ပြိုကျပျက်စီးခဲ့သလို ဦးသန်းတိုး၏ နေအိမ်မှာလည်း အမိုးများပျက်စီးခဲ့ပြီး အမိုးနှင့်တွဲလျက် ကားဘော်ဒီပြင်အလုပ်ရုံ ပြိုကျပျက်စီးခဲ့ကြောင်း၊ ထို့အတူ ကလွင်ကျေးရွာအုပ်စု ကမ်းသာယာကျေးရွာရှိ ဗဲ(န်)တေ့(ချ်)ကုမ္ပဏီ၏ အလျား ပေ ၆၀၊ အနံ ပေ ၈၀၊ အမြင့် ပေ ၄၀ ခန့်ရှိ သွပ်မိုး၊ သံတိုင်၊ ကွန်ကရစ်ခင်း ဆောက်လက်စအဆောက်အအုံတစ်ခုလည်း ပြိုကျပျက်စီးခဲ့ကြောင်း၊ ရွှေပေးလမ်းဆုံ၌လည်း သစ်ပင်တစ်ပင် လဲပြိုခဲ့ကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံနှင့် အိမ်ပြိုကျမှုများကြောင့် လူထိခိုက်ဒဏ်ရာရမှု မရှိကြောင်း၊ ပြိုကျပျက်စီးမှုများကို မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အမြန်ဆုံး ရှင်းလင်းပေးလျက်ရှိကာ နေအိမ်ပြိုကျသည့် အိမ်ထောင်စု နှစ်စုကိုလည်း ၎င်းတို့၏ ဆွေမျိုးများနေအိမ်သို့ ကူညီပြောင်းရွှေ့ပေးထားကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



## မယ်စဲ့မြို့နယ်၌ မိုးသက်လေပြင်းတိုက်မှုကြောင့် အဆောက်အအုံအချို့ ပျက်စီး

**မယ်စဲ့ မေ ၁၂**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် မေ ၁၁ ရက် ညနေ ၄ နာရီခန့်က မိုးရွာသွန်းပြီး လေပြင်းတိုက်မှုကြောင့် ပန်တိန်းကျေးရွာနှင့် နမ့်မန်းကျေးရွာတို့မှ လူနေအိမ် လေးလုံး၊ ဘာသာရေးအဆောက်အအုံ နှစ်လုံး၊



စာသင်ကျောင်း တစ်ကျောင်း အမိုးလန်ပျက်စီးမှု ဖြစ်ပွားခဲ့ပြီး မယ်စဲ့-နမ့်မန်း-ဘီပီ(၁၃) ကားလမ်းမပေါ်၌လည်း သစ်ပင်တစ်ပင် ပြိုလဲခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်မှုကြောင့် ပန်တိန်းကျေးရွာရှိ ကက်သလစ် နှစ်ခြင်းအသင်းတော်ကျောင်းမှ ဓမ္မာရုံ တစ်လုံး၊ စမုရ နှစ်ခြင်းအသင်းတော်ကျောင်းမှ အဆောက်အအုံ တစ်ခု၊ အလက(ပန်တိန်း)ကျောင်းမှ စာသင်ဆောင် တစ်ဆောင်၊ ကျေးရွာစာကြည့်တိုက်နှင့် အိမ်နှစ်လုံးတို့ အမိုးများပျက်စီးခဲ့ခြင်းဖြစ်ပြီး နမ့်မန်းကျေးရွာ၌လည်း အိမ်နှစ်လုံး အမိုးလန်ပျက်စီးခဲ့သည်။ ထို့အတူ မယ်စဲ့-နမ့်မန်း-ဘီပီ(၁၃) ကားလမ်းမပေါ်၌ သစ်ပင်တစ်ပင် ပြိုလဲကျ၍ ခေတ္တ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သလို ဖားဆောင်း-မယ်စဲ့ ဓာတ်အားလိုင်းပေါ်သို့ သစ်ကိုင်း၊ ဝါးကိုင်းများ ညွတ်ကျခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အား ယာယီပြတ်တောက်မှုများလည်း ဖြစ်ပွားခဲ့သည်။

သစ်ပင်ပြိုလဲသည့်နေရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဖြိုးမြတ်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အမြန်ဆုံးသွားရောက်၍ လမ်းပွင့်အောင် ဖယ်ရှားရှင်းလင်းပေးခဲ့သလို ဖားဆောင်း-မယ်စဲ့ ဓာတ်အားလိုင်းပေါ်ရှိ သစ်ကိုင်း၊ ဝါးကိုင်းများကိုလည်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ကျော်စန်းနှင့် လျှပ်စစ်ဝန်ထမ်းများက ခုတ်ထွင်ရှင်းလင်းကာ လျှပ်စစ်ဓာတ်အား အမြန်ဆုံး ပြန်လည်ရရှိရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ဆီဆိုင်မြို့နယ်၌ လေပြင်းတိုက်

**ဆီဆိုင် မေ ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကုန်းဆွတ်ကျေးရွာအုပ်စု၌ မေ ၁၁ ရက် မွန်းလွဲ ၃ နာရီခန့်က မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက်ခတ်၍ အိမ်သုံးလုံး အမိုးလန်ပျက်စီးမှုများ ဖြစ်ပွား ခဲ့သည်။ မကောက်(အရှေ့) ကျေးရွာ၌ အိမ်နှစ်လုံးနှင့် မကောက်(အနောက်) ကျေးရွာ၌ အိမ်တစ်လုံး အမိုးများပျက်စီးခဲ့ကြောင်းနှင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

## Pro Asia Travel & Tour Co.,Ltd နှင့် အများသိစေရန်ကြေညာခြင်း

အမှတ်-၃၆၈၊ မြေညီထပ်၊ ရန်ကင်းလမ်းတို(၁)လမ်း၊ လေးထောင့်ကန်လမ်း၊ (ဘ၀မြင့်မှတ်တိုင်အနီး) သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရုံးခန်းဖွင့်လှစ်ထားသော Pro Asia Travel & Tour Co.,Ltd နှင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ Oway Travels & Tours Co.,Ltd တို့သည် ခရီးသွားဝန်ဆောင်မှုများ၊ ဟိုတယ်ဝန်ဆောင်မှုများ၊ ကားအငှားဝန်ဆောင်မှုများနှင့် အခြားသောဝန်ဆောင်မှုကိစ္စများအတွက် နှစ်ဦးသဘောတူ ခရီးသွားဝန်ဆောင်မှုများဆိုင်ရာ စာချုပ်ချုပ်ဆိုခဲ့ကြပြီး ထိုစာချုပ်အရ ဝန်ဆောင်မှုများရယူပြီးသည့်နောက် (၁၄)ရက်အတွင်း ငွေသားဖြင့် ပေးချေရမည်ဖြစ်သည်ကို စာချုပ်ပါအချက်များအရ လူကြီးမင်းဘက်မှသိရှိသော်လည်း ပေးချေခဲ့ခြင်းမရှိခဲ့သည့်အပြင် ကျွန်ုပ်တို့၏ မိတ်ဆွေမှ လူကြီးမင်းထံသို့ အကြောင်းကြားစာပေးပို့ခဲ့သည်ကို အကြောင်းပြန်ကြားခြင်းမရှိခဲ့ပါသဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ဖြစ်စေ ပေးဆပ်ရန်ရှိသည့်ငွေများကို လာရောက်၍ အပြေအကျေပေးဆပ်ရန်နှင့် ပျက်ကွက်ခဲ့ပါက သက်ရောက်ရာတည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း Pro Asia Travel & Tour Co.,Ltd၊ ၎င်းကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဒေါ်ဖြူစင်ငြိမ်းနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**Oway Travels & Tours Co.,Ltd ၏ တာဝန်ရှိသူမှ လွှဲအပ်ညွှန်ကြားချက် မှန်ကန်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဆုပြည့်စုံ** | **ဦးစိုင်းဝဏ္ဏ** |
| **LL.B,DL-101 WIPO (Switzerland)** | **LL.B,LL.M, DBL, WIPO (Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၀၇၃၀/၁၆)** | **(စဉ်-၄၉၁၁၂/၁၇)** |

**LIWU JCP Myanmar**

**အမှတ် (၈၇)၊ နှစ်လွှာ၊ ဦးကွန်းဖော်ကွန်ဒို၊ ဦးကွန်းဖော်လမ်း၊ ကန်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

<u>ကုန်အမှတ်တံဆိပ်သတိပေးကြေငြာခြင်း</u>

ထိုင်းနိုင်ငံ၊ အမှတ် ၄၃၀ Moo ၂၊ Kaewsukkho Road, Bannklongsuan, Prasamutjadee, Samutprakarn ၁၀၂၉၀ တွင်တည်ရှိပြီး ထိုင်းနိုင်ငံ၏ဥပဒေများနှင့်အညီ တည်ထောင်ထားသော Chanapron Electric Co., Ltd. သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်များ၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။

Vena

မှတ်ပုံတင်အမှတ် - ၃၄၃၄/၂၀၁၃၊ ၃၄၆၆/၂၀၁၇

วีน่า

မှတ်ပုံတင်အမှတ် - ၃၄၆၅/၂၀၁၇

AMATA

မှတ်ပုံတင်အမှတ် - ၃၄၃၃/၂၀၁၃၊ ၃၄၆၇/၂၀၁၇

အဆိုပါ ကုန်အမှတ်တံဆိပ်များဖြင့် Class 9 တွင်ပါဝင်သော "Electric switch; plugs; sockets; bracket for fluorescent tubes and starter; rail for fluorescent tubes and starter; outlet" များကို ထုတ်လုပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များနှင့် မှားလောက်အောင် သဏ္ဌာန်တူညီသော နှင့်/သို့မဟုတ် ထပ်တူညီသော ကုန်အမှတ်တံဆိပ်များ တပ်ဆင်ထားသော ထုတ်ကုန်အတုများ နှင့်/သို့မဟုတ် တုပပြုလုပ်ထားသော ထုတ်ကုန်များ ဖြန့်ဖြူးရောင်းချနေခြင်းများရှိသည်ကို Chanaporn Electric Co., Ltd. မှ တွေ့ရှိရပါသည်။

၎င်းထုတ်ကုန်များသည် Chanaporn Electric Co., Ltd.မှ ထုတ်လုပ်ထားသော ပစ္စည်းများမဟုတ်သလို အရည်အသွေးပြည့်မီသော ထုတ်လုပ်ခြင်းနည်းစဉ်ဖြင့် ထုတ်လုပ်ထားသော ထုတ်ကုန်များဖြစ်ကြောင်း အာမခံချက်မရှိပါသောကြောင့် သုံးစွဲသူများအတွက် လုံခြုံစိတ်ချမှုမရှိနိုင်ပါ။ ထို့ကြောင့် ကုန်သွယ်မှုပြုသူများနှင့် အများပြည်သူတို့ အဆိုပါထုတ်ကုန်များကို ဝယ်ယူအားပေးသည့်အချိန်တွင် အထူးသတိပြုဝယ်ယူ သုံးစွဲကြပါရန် Chanaporn Electric Co., Ltd. ကအသိပေးအပ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်များနှင့် ပတ်သက်ပြီး ကုန်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးများနှင့် အသိဉာဏဆိုင်ရာ ပစ္စည်းအခွင့်အရေးများကို Chanaporn Electric Co., Ltd. မှပိုင်ဆိုင်ကြောင်း ကြေညာအပ်ပါသည်။ Chanaporn Electric Co., Ltd. သည် ၎င်း၏ အသိဉာဏဆိုင်ရာပစ္စည်းများနှင့် အခြားသောဥပဒေကြောင်းဆိုင်ရာအရ ရရှိထားသောအခွင့်အရေးများကို ချိုးဖောက်သည့်မည်သူ့ကိုမဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**Chanaporn Electric Co., Ltd.** ၏လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခင်မျိုးမျိုးအေး LL.B, တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၈၃၃)

Tilleke & Gibbins Myanmar Ltd.

အမှတ်၁၆၀၈၊ ၁၆လွှာ၊ ဆာကူရာတာဝါ၊ ၃၃၉ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်။

အီးမေးလ် - myanmar@tilleke.com

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်အတွင်း အောက်ဖော်ပြပါအမည်မှ စက်မှု/စီးပွားမြေငှားဂရန်(အသစ်)ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ထန်းတပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း တစ်စုံတစ်ရာမရှိပါက မြေငှားဂရန်ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်-

(၁) ဦးချစ်ဦးမောင် ဆိပ်ကြီးရပ်ကွက်၊ မြေကွက်အမှတ်(၆)၊ ဦးပိုင်အမှတ် (၇၀) ဧရိယာ (၀ ဒသမ ၀၄၃)

(၂) ဒေါ်အိသဲဖြူ အောင်သုခရပ်ကွက်၊ မြေကွက်အမှတ်(၁၃)၊ ဦးပိုင်အမှတ် (၁၆၀) ဧရိယာ(၀ ဒသမ ၁၃၆)

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ထန်းတပင်မြို့**

## ပျောက်ဆုံးကြောင်း

ကျွန်မ မချယ်ရီကျော် ၁၂/ဥကမ (နိုင်)၂၃၈၀၄၅ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၃၁၃၁၇၁၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လိုအပ်လျက်ရှိသည့် ဆေးနှင့်ဆေးပစ္စည်းများအား ဝယ်ယူရန်အတွက် ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** | - | ၁၅-၅-၂၀၂၀ ရက် (သောကြာနေ့) |
| **တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** | - | ၁၅-၆-၂၀၂၀ ရက် (တနင်္လာနေ့) မွန်းလွဲ ၂:၀၀ နာရီ |
| **ဆက်သွယ်ရန် ဖုန်း** | - | ၀၆၇-၄၃၁၄၄၉၊ ၀၆၇-၄၃၁၁၈၂ |

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**ပြည်ကြီးတံခွန်မြို့နယ် တရားမရုံး၌**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၉၄ နှင့် ဆက်စပ်သည့်**
**၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ်-၂၃**

| | | |
|---|---|---|
| ဦးအောင်အောင်ထွန်း | **နှင့်** | ဦးသန်းလွင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ဦးချစ်၏သားဖြစ်သူ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၀-၆/၃၀၊ (က) ရပ်ကွက်နေ ဦးသန်းလွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၉၄ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးအောင်အောင်ထွန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူအခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၀ ပြည့် နှစ် မေ ၂၅ ရက် (၁၃၈၂ ခုနှစ် နယုန်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၀ ပြည့်နှစ် မေ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ကျော်ဦး)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## မြေငှားဂရန်လျှောက်ထားမှုအတွက် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ မြို့နယ် | မြို့/ရပ်ကွက်/ကျေးရွာ | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ(ဧက) | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဦးသန့်ဇော်လင်း | ပုသိမ် | ကိုးဆူကျေးရွာ | ၁၆၄-A ကိုးဆူကွင်း | ၁၂၁-ခ၊၁၂၆-ခ၊ ၁၆၆-ခ | ၀.၄၇ | အမည်ပြောင်း |
| ၂ | ဦးသန့်ဇော်လင်း | ပုသိမ် | ကိုးဆူကျေးရွာ | ၁၆၄-A ကိုးဆူကွင်း | ၁၂၆-က/၆၊ ၁၆၆-က/၄ | ၀.၃၆ | အမည်ပြောင်း |
| ၃ | ဒေါ်သန္တာဦး | ပုသိမ် | ချောင်းသာ | ၁၉၉၀-ပြင် ချောင်းသာပြင် | N-၂၈၉/ခ | ၀.၉၀ | မြေငှားဂရန်အသစ် |
| ၄ | ဒေါ်သန္တာဦး | ပုသိမ် | ချောင်းသာ | ၁၉၉၀-ပြင် ချောင်းသာပြင် | N-၂၈၉/က | ၀.၉၀ | မြေငှားဂရန်အသစ် |
| ၅ | ဒေါ်သန္တာဦး | ပုသိမ် | ချောင်းသာ | ၁၉၉၀-ပြင် ချောင်းသာပြင် | N-၂၈၉/ဃ | ၀.၈၀ | မြေငှားဂရန်အသစ် |
| ၆ | ဒေါ်သန္တာဦး | ပုသိမ် | ချောင်းသာ | ၁၉၉၀-ပြင် ချောင်းသာပြင် | N-၂၉၀/က | ၀.၉၀ | မြေငှားဂရန်အသစ် |
| ၇ | ဒေါ်သန္တာဦး | ပုသိမ် | ချောင်းသာ | ၁၉၉၀-ပြင် ချောင်းသာပြင် | N-၂၉၀/ခ | ၀.၉၀ | မြေငှားဂရန်အသစ် |
| ၈ | ဒေါ်သန္တာဦး | ပုသိမ် | ချောင်းသာ | ၁၉၉၀-ပြင် ချောင်းသာပြင် | N-၂၉၀/ဃ | ၀.၇၀ | မြေငှားဂရန်အသစ် |
| ၉ | ဒေါ်သန္တာဦး | ပုသိမ် | ချောင်းသာ | ၁၉၉၀-ပြင် ချောင်းသာပြင် | N-၂၉၀/င | ၀.၇၀ | မြေငှားဂရန်အသစ် |
| ၁၀ | ဒေါ်သန္တာဦး | ပုသိမ် | ချောင်းသာ | ၁၉၉၀-ပြင် ချောင်းသာပြင် | N-၂၉၀/စ | ၀.၉၀ | မြေငှားဂရန်အသစ် |

အဆိုပါလျှောက်ထားချက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့။**

## ကိုယ်စားလှယ်စာနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၀ ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် (၄၃၇/ခ)နေသူ ဦးကျင်တိုးလွင် ၁၂/သခန(နိုင်)၀၆၉၈၆၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် ၎င်း၏လူမှုစီးပွားကိစ္စအရပ်ရပ်များအတွက် ဆောင်ရွက်ခဲ့ရာတွင် ၎င်းကိုယ်စားဆောင်ရွက်စေရန် ကိုယ်စားလှယ်များကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်လည်းကောင်း (သို့မဟုတ်) နိုတြီပဗ္ဗလစ်(တရားလွှတ်တော်ရှေ့နေ) တစ်ဦးဦးထံတွင်လည်းကောင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာ(သို့မဟုတ်) အထူးကိုယ်စားလှယ်လွှဲစာတို့ကို ပေးအပ်၍ ကိုယ်စားဆောင်ရွက်စေခဲ့ပါသည်။ ယင်းသို့ ကိုယ်စားလှယ်စာပေး၍ ဆောင်ရွက်စေခဲ့မှုများကို ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ပယ်ဖျက်လိုက်ပြီးဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ကိုယ်စားလှယ်စာရရှိသူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဦး (LL.B) တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၆၇)၊ တကောင်း(၄)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၆၄၉၃၃၅၀၇၊ ၀၉-၉၅၂၇၃၃၃၃၉**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ ဥတ္တရသီရိ အနောက်ရပ်၊ မြေဧရိယာ ၁ဒသမ ၉၃၄ ဧက၊ မြေကွက်အမှတ် OC - ၁၉(ဘီ)ဒေါ်ဝင်းဝင်းတင့်(ဘ)ဦးကျော်သိန်းတန် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးဇော်မင်းထွေး ၁၂/ပဘတ(ပြု)၀၀၀၄၂၁ (ဘ)ဦးဇော်ဝင်းမှ ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၄၆၈ ၊ ၂၄-၁၂-၂၀၁၉ တင်ပြ၍ ဦးလောင်မင်တိတ်(ခ)အောင်ရွှေ ၁၂/ပဘတ(ဧည့်)၀၀၀၁၁၈(ဘ) ဦးမွေကီးအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၃/ မန်ခိန်တောင်)၊ ဦးပိုင်အမှတ် (၃၇/၃၃)၊ မြေဧရိယာ ၀ဒသမ ၃၅၂ ဧကရှိ မြေကွက်အား ဦးဂျိုးဇက် အမည်ဖြင့် အမှုတွဲအမှတ် ၅၂၀(၃)/(၂၀၀၄-၂၀၀၅) အရ ၁၆-၇-၂၀၀၄ မှ ၁၅-၇-၂၀၁၉ရက်အထိ (၁၅)နှစ်မြေငှားဂရန် ရရှိခဲ့ပါသည်။ အဆိုပါမြေငှားဂရန်မှာ (၁-က) စာရင်းမဝင်ကြောင်း သိရှိရပါသဖြင့် ယခုအခါ ဦးဂျိုးဇက်၁/မကန(နိုင်)၀၁၃၀၄၅ အမည်ဖြင့် မြစ်ကြီးနားခရိုင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနသို့ (၁-က) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ ၁၅ ရက် ပြည့်မြောက်သည့် ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

**မီးသတိပြု**

## ဒေါ်နန်းအေးရီ(ခ)ဒေါ်နန်း
(သန်လျင်မြို့)
### အသက်(၈၂)နှစ်

ဖျာပုံမြို့နေ (ဦးဖိုးကောက်-ဒေါ်မြရှိန်)တို့၏သမီးချွေးမ၊ လားရှိုးမြို့နေ (ဦးရွက်ခမ်း-ဒေါ်ဆွယ်ခမ်းလျှံ)တို့၏သမီး၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ စိုက်ပျိုးရေးလမ်း၊ အမှတ် ၄၈နေ (ဦးထွန်းရီ-တိုင်းရင်းဆေးပညာဦးစီးဌာန)၏ ဇနီး၊ ဖျာပုံမြို့နေ (ဦးသော်က)-ဒေါ်နန်းရီ၊ ဒေါ်ရီရီချို(တိုင်းရင်းဆေးပညာဦးစီးဌာန၊ ငြိမ်း)၊ ဦးကြည်ဇင်ထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပင်စင်ဦးစီးဌာန)-ဒေါ်ယဉ်ယဉ်နွယ်(လက်ထောက်ညွှန်ကြားရေးမှူး၊ အမျိုးသားစာကြည့်တိုက်)၊ ဦးကြည်လင်းထွန်း၊ ဒေါ်မိုးမိုးအောင်၊ ဦးကြည်လွင်ထွန်း-ဒေါ်မိုးမိုး၊ ဦးသန့်ဇင်ထွန်း-(ဒေါ်အေးအေးမြင့်)၊ တပ်ကြပ်အောင်သူ-ဒေါ်ကြည်ကြည်အေး၊ ဦးစည်သူ-ဒေါ်ဝင်းဝင်းစန်းတို့၏မိခင်ကြီး၊ မြေး ကိုးယောက်တို့၏ဘွားဘွားကြီး ဒေါ်နန်းအေးရီ(ခ)ဒေါ်နန်းသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(သန်လျင်မြို့ နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နန်းအေးရီ(ခ)ဒေါ်နန်း
(သန်လျင်မြို့)
### အသက်(၈၂)နှစ်

ဦးကြည်ဇင်ထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပင်စင်ဦးစီးဌာန)-ဒေါ်ယဉ်ယဉ်နွယ် (လက်ထောက်ညွှန်ကြားရေးမှူး၊ အမျိုးသားစာကြည့်တိုက်)တို့၏မိခင် ဒေါ်နန်းအေးရီ(ခ)ဒေါ်နန်းသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Executive 1၊ ဗဟိုဝန်ထမ်းတက္ကသိုလ်**
**(အောက်မြန်မာပြည်) သင်တန်းဖော်သူငယ်ချင်းများ**

## ဒေါ်ဆွေဆွေဝင်း
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဦးတင်မောင်ဝင်း (ညွှန်ကြားရေးမှူး-ငြိမ်း ထုတ်လုပ်ရေး၊ MOGE)၏ဇနီး၊ ဦးချမ်းငြိမ်းဝင်း၊ ဒေါ်ဝင့်ဝါလင်းတို့၏မိခင် ဒေါ်ဆွေဆွေဝင်းသည် ၁၂-၅-၂၀၂၀ရက် ညနေ၆:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ထားရှိန်(ခ)ဒေါ်ထားထား(ဘားအံ)
### အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဇေယျာသီရိလမ်း၊ အမှတ် ၉နေ (ဦးကြာသက်-ဒေါ်သိန်းနု)တို့၏သမီး၊ (ဒေါ်အုံးဖြူ)၏ညီမ၊ (ဦးအောင်ကျော်-ဒေါ်တင်တင်)၊ ဒေါ်သိန်းသိန်းတို့၏အစ်မ၊ ဦးရာဇာ၊(ဦးတင်မောင်ဦး)-ဒေါ်သီတာဆွေ၊ ဒေါ်စန္ဒာဆွေ၊ ဦးဒေဝကုမ္မာန်-ဒေါ်ကြူကြူဝေ၊ (ဦးအောင်ခိုင်)၊ ဦးဇေယျ-ဒေါ်မြတ်မွန်ဥဏ်၊ ဒေါက်တာရာပြည့်-ဒေါက်တာ စောသဇင်တို့၏ မိခင်၊ (ဦးဘဆွေ-သာသနာရေး)၏ဇနီး၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၂-၅-၂၀၂၀ ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးပြည့်စုံကျော်
### အသက် (၃၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ မြသီတာအိမ်ရာ၊ (1A/63) နေ ဦးကျော်ညွှန့်-ဒေါ်သန်း မြင့်တို့၏သားထွေး၊ (ဦးလှမြင့်)-ဒေါ်အုန်းကြည်၊ ဦးမောင်အေး-ဒေါ်မြမြစန်း၊ ဒေါ်အေးမြင့်တို့၏တူ၊ ဦးစဝ်ရန်အောင်-ဒေါ်စုစန္ဒာကျော်၊ ဦးဘုန်းနိုင်-ဒေါ်စုနန္ဒာကျော်တို့၏မောင်၊ မောင်အောင်ကျော်သန်း၊ မအိမ့်ခြူးခြူးဆွေ၊ မရွှေနှစ်ဦး၊ မရွှေမြစံသူ၊ မသဒ္ဒါရွှေဖြူတို့၏ဦးလေး ဦးပြည့်စုံကျော်သည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀နာရီတွင် အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၉:၃၀ နာရီတွင် အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် -၁၀၀၀)၊ ငြိမ်းအေးဇရပ်၌ တရားနာရေစက်ချ၍ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ရီ
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ ဟားခါးလမ်းနှင့် ရတနာသီရိလမ်းထောင့်၊ အမှတ် ၈၃(ခ)နေ(ဦးလှကျော်-ဒေါ်လှမေ)တို့၏ သမီး ၊ ဦး ချစ်လှိုင်-ဒေါ်ခင်ဌေးမြင့်၊ (ဦးကျော်ဝင်း)-ဒေါ်ခင်အုံးမြင့်၊(ဦးမြင့်လွင်)-ဒေါ်မြအုံး၊ ဦးမြင့်ဝေ-ဒေါ်ညွှန့်ညွှန့်ရီ၊ ဦးမြင့်ရွှေ-ဒေါ်သန်းသန်းလွင်၊ ဦးတင်ဝင်း-ဒေါ်ခင်မြင့်ဝေတို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၅:၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အရှေ့ဒဂုံမြို့နယ် နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးကြေကွဲဝမ်းနည်းခြင်း
## ဒေါ်ခင်ရီ
### အသက်(၉၄)နှစ်

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၄)မှ သူငယ်ချင်း ဗိုလ်မှူးတင်မင်း(ဒုညွှန်ချုပ်-ငြိမ်း)-ဒေါ်ခင်မြင့်ဝေ တို့၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်ရီ (၉၄)နှစ် သည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက်၅:၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညီနောင်(၂၄)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား ဒါယကာကြီး
## ဦးသောင်းတင်(ပြည်) အသက်(၉၄)နှစ်
ရတနာကုန်သည်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာ(အလယ်လမ်း)၊ အမှတ် ၂၅၆/ ၂၆၂၊ ပထမထပ်နေ ဒေါ်ခင်ရီ၏ချစ်လှစွာသော ခင်ပွန်း၊ ဦးနေဇော်လင်း-ဒေါ်ခင်ဆွေဝင်း (ရွှေဘုန်းရှိန် ရွှေဆိုင်၊ ပြည်မြို့)၊(ဦးသိန်းထွဋ်)-ဒေါ်မီမီထွန်း၊ ဦးမြတ်ဇော်-ဒေါ်ရီရီဝင်း၊ ဦးအောင်ကျော် မိုး(Jeffery)-ဒေါ်အေးအေးသောင်း၊ ဦးမျိုးဝေ-ဒေါ်စန္ဒာသောင်းတင်တို့၏ချစ်လှစွာသောဖခင်၊ မြေး၁၄ယောက်၊ မြစ်ခြောက် ယောက်တို့၏ အဘိုးသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့)နံနက် ၈:၃၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်အုန်းမြင့်
တွဲဖက်ပါမောက္ခ(ဌာနမှူး) ငြိမ်း၊ သမိုင်းဌာန
တောင်ကုတ်မြို့နယ်
### အသက် (၈၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပါရမီရိပ်သာ၊ (၉)ရပ်ကွက်၊ စည်ပင်သာယာလမ်း၊ အမှတ်(၉)နေ (ဦးဘတင်-ဒေါ်မှဲ့ရင်)တို့၏သမီး၊ (ဦးတင်မောင်) (ညွှန်မှူး-ငြိမ်း၊ စက်မှု၊ ဆည်မြောင်းဦးစီးဌာန)၏ဇနီး၊ ဒေါ်ဦးဦးတင်(လယ်/ပြ-ငြိမ်း)-ရဲမှူးကြီးခင်မောင်သော် (ဒုတိုင်းတပ်ဖွဲ့မှူး၊ နေပြည်တော်)၊ ဒေါ်စုစုတင်(ကထိက-ငြိမ်း၊ UFL)-ဦးမင်းသွင် (လ/ထ ကထိက၊ YIT)၊ ဦးကျော်မြင့်မောင်(ခေတ္တ - USA) - ဒေါ်နီနီရှိန် (ခေတ္တ - USA)၊ ဒေါက်တာနီနီတင်၊ ဦးရှိန်မြင့်မောင်(ကထိက၊ Mining Dept YTU)-ဒေါ်အေးစုသွယ် (လ/ထ ကထိက-ဟောင်း၊ Mech-Dept.YTU) တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏အဖီးသည် ၁၁-၅-၂၀၂၀ ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၀ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်အုန်းမြင့် အသက်(၈၇)နှစ်
တွဲဖက်ပါမောက္ခ(ဌာနမှူး၊ ငြိမ်း)၊ သမိုင်းဌာန
တောင်ကုတ်မြို့

[ဦးတင်မောင် (ညွှန်မှူး၊ ငြိမ်း)၊ စက်မှု၊ ဆည်မြောင်းဦးစီးဌာန]၏ ဇနီး ဒေါ်ခင်အုန်းမြင့်သည် ၁၁-၅-၂၀၂၀ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**စက်မှု တိုင်း(၁)၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်အုန်းမြင့် အသက်(၈၇)နှစ်
တွဲဖက်ပါမောက္ခ(ဌာနမှူး၊ ငြိမ်း)၊ သမိုင်းဌာန
တောင်ကုတ်မြို့

[ဦးတင်မောင်(ညွှန်မှူး၊ ငြိမ်း)၊ စက်မှု၊ ဆည်မြောင်းဦးစီးဌာန]၏ ဇနီး ဒေါ်ခင်အုန်းမြင့်သည် ၁၁ -၅-၂၀၂၀ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။။

**အင်ဂျင်နီယာချုပ်(စက်မှု)နှင့် ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန**

## အမည်ပြောင်း

ကချင်ပြည်နယ်၊ ဒေါ့ဖုန်းယန်မြို့၊ အထက်တာဆိုင်ကျေးရွာနေ (ဘ)ဦးတင်အောင် ၁/ဒဖယ(နိုင်)၀၀၄၀၈၉ ၏ သမီး မနန်းမွေဖိန်းအား မနန်းမွေအင်ဟု ပြောင်းလဲခေါ် ဆိုပါရန်။

**မနန်းမွေအင်**

## မွေးသက္ကရာဇ်အမှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ မံဝိန်းကျေးရွာအုပ်စု၊ ၄က်တံတားကျေးရွာနေ (ဘ)ဦးသောင်းငွေ၏သမီး မခင်မျိုးမျိုးကျော် ၁/ရကန (နိုင်)၀၆၅၇၁၈ ၏ မွေးသက္ကရာဇ်အမှန်မှာ (၇-၃-၂၀၀၀) ဖြစ်ပါကြောင်း။

**မခင်မျိုးမျိုးကျော်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဘီးလင်းမြို့၊ သဲဖြူချောင်းကျေးရွာအုပ်စု၊ သပြေနီကျေးရွာနေ (ဦးမျိုး မင်း)၊ ဒေါ်ဝင်းနွယ်တို့၏သား မောင်အောင်ကိုရှား ၁၀/ဘလန(နိုင်) ၁၂၂၄၉၅ သည် မိခင်၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ ၎င်း၏သဘောဆန္ဒအတိုင်း ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သောကိစ္စမှန်သမျှ လုံးဝ (လုံးဝ)တာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းနွယ်**
**၁၀/ဘလန(နိုင်)၁၀၃၀၈၉**

သင့်သွေးဖြင့်
အသက်ကယ်ပါ

## ဗိုလ်ကြီးဝင်းလွင်(ငြိမ်း)
OTS(57)
### အသက်(၆၉)နှစ်

မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ညောင်ပင်ကြီးကျေးရွာ၊ ပုလဲလမ်းနေ (ဦးဖေကိန်း-ဒေါ်ခင်ရီ)တို့၏သား၊ (ဦးထွန်းဝေ)-ဒေါ်ခင်မေဦး၊ ဦးအောင်ဝင်းရွှေ-ဒေါ်စန်းစန်းရီ၊ ဦးကြည်လွင်-ဒေါ်ဝင်းမာ၊ ဦးအောင်မြင်-ဒေါ်ခင်မြင့်ကြည်တို့၏ အစ်ကို၊ ဒုတိယဗိုလ်မှူးကြီး ရန်နိုင်ဝင်း-ဒေါ်သီတာအေးလွင်၊ ဦးဖြိုးသူဝင်း-ဒေါ်အိအိမွန်၊ (ဦးစည်သူဝင်း)-ဒေါ်မျိုးမျိုးဦး တို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုး၊ ဒေါ်မြင့်မြင့်၏ချစ်လှစွာခင်ပွန်းသည် ၁၁-၅-၂၀၂၀ရက် (တနင်္လာနေ့)နံနက်၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အမှတ် (၁) တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)မှ စမိုင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ကိုအောင်ကျော်စိုး
### အသက်(၃၇)နှစ်

Myanmar United Land Real Estate Co.,Ltd, Sales & Marketing Dept တွင် Team Leader ရာထူးဖြင့် တာဝန် ကျေပွန်ပြီး တက်ကြွစွာ တာဝန်ထမ်းဆောင်ခဲ့သည့် ကိုအောင်ကျော်စိုး အသက်(၃၇)နှစ်သည် ၁၁-၅-၂၀၂၀ရက် ည ၇:၂၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**United Eleven Group of Companies မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ကိုအောင်ကျော်စိုး
### အသက်(၃၇)နှစ်

Myanmar United Land Real Estate Co.,Ltd, Sales & Marketing Dept တွင် Team Leader ရာထူးဖြင့် တာဝန်ကျေပွန်ပြီး တက်ကြွစွာ တာဝန်ထမ်းဆောင်ခဲ့သည့် ကိုအောင်ကျော်စိုး အသက်(၃၇)နှစ်သည် ၁၁-၅-၂၀၂၀ရက် ည ၇:၂၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**Myanmar United Land မိသားစု**
**United Eleven Group of Companies.**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးပြည့်စုံကျော်
### အသက် (၃၉)နှစ်

တူမောင် ပြည့်စုံကျော် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁:၃၀နာရီတွင် ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာမွန်ရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဦးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း**
**မိသားစု**

## ကိုအောင်ကျော်စိုး(တွံတေး)
### အသက်(၃၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့၊ အိုးဖိုအနောက်ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ် ၂၂၇နေ ဦးမြင့်သိန်း-ဒေါ်လှကြည်တို့၏ ချစ်လှစွာသောသား၊ ဦးဆန်းသစ်-ဒေါ်အေးအေးသိန်း၊ ဦးစိုးသိန်း-ဒေါ်လှိုင်လှိုင်ဝင်း၊ ဦးဇော်ဝင်း-ဒေါ်မိုးမြင့်စံတို့၏မောင်၊ ဦးရန်နိုင်-ဒေါ်သူဇာမြင့်၊ ဦးလှမင်း-ဒေါ်ခက်ခက်နှင်းတို့၏အစ်ကို၊ မောင်ဆန်းထိုက်-မကေခိုင်စိုး၊ မောင်ဇော်မျိုးဦး၊ မောင်ရဲမင်းသွေး၊ မပြည့်ပြည့်စိုး၊ မကြယ်ဇင်မိုး၊ မောင်ချစ်မွှေး၊ မောင်အောင်မင်းခန့်၊ မောင်တေဇ၊မောင်ကျော်လင်းမြတ်၊ မောင်ကောင်းလူဟိန်း၊ မကြယ်ဇင်လင်းတို့၏ ချစ်လှစွာသောဦးလေး၊ သားသားစစ်မင်းနိုင်၏ အဘိုးသည် ၁၁-၅-၂၀၂၀ ရက် (တနင်္လာနေ့) ည ၇:၂၀နာရီတွင် တွံတေးမြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၅-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် တွံတေးမြို့၊ အိုးဖိုသုသာန်၌ သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၇-၅- ၂၀၂၀ရက်တနင်္ဂနွေနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ ခင်ရီရီဝေ၊ အသက် (၄၄)နှစ်၊ MBBS, MMed Sc(Paed), MRCPCH(UK),Fellowship in Paediatric cardiology (South Korea) ကလေးအထူးကုဆရာဝန် (ကလေးနှလုံး)သည် ၂၀၂၀ ပြည့်နှစ် မေ ၁၁ ရက် နံနက် ၉:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခနှင့်ကလေးနှလုံးဆေးကုသဆောင်မိသားစု**
**ရန်ကင်းကလေးဆေးရုံကြီး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ (၁၂၀)ရပ်ကွက်၊ ထန်းတစ်ပင်လမ်း၊ အမှတ်(၂၇၇)၊ (၄၀'x၆၀')ခြံကွက်အား ဒေါ်သီတာအေး ၇/တငန(နိုင်)၁၀၄၆၆၀ မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူမှ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်မက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်းအထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်။

**ဒေါ်ဖြူဖြူသွင်**
**၁၂/မဘန(နိုင်)၁၁၃၄၀၄**
**ဖုန်း-၀၉-၉၇၈၉၆၇၀၀၂**

## ဒုတိယဗိုလ်မှူးကြီး ခင်မောင်သိန်း(ငြိမ်း)

ကြည်း ၈၂၅၄၊ B.Sc (Engg)
ကကထုတ်
ဦးဆောင်ညွှန်ကြားရေးမှူး (ဝါဇီ/ TSC/EPC) (ငြိမ်း)
စွမ်းအင်ဝန်ကြီး(ငြိမ်း)
ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)
အသက် (၈၆)နှစ်

မန္တလေးမြို့၊ စိန်ပန်းရပ်နေ (ဦးဘသောင်-ဒေါ်လှ)တို့၏ တစ်ဦးတည်းသောသား၊ ရန်ကုန်မြို့နေ (ဦးကျော်ဇံ-ဒေါ်မြမေ) တို့၏ သမက်၊ ဒေါ်စုစုသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသော်တာသိန်း-ဒေါ်လှမြတ်ခိုင်၊ ဦးဒေဝါသိန်း-ဒေါ်ခင်စန္ဒာဖေ၊ ဦးမောင်မောင်သိန်း-ဒေါ်တင့်တင့်အောင်၊ ဒေါ်မာလာသိန်း-ဦးထွန်းထွန်း၊ ဒေါ်မွေးသီတာသိန်း-ဦးစိုးမင်းအောင်၊ ဒေါက်တာ ခင်ရတနာသိန်း-ဒေါက်တာကျော်ကျော်ဝေသိမ်းတို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မောင်ထက်ခိုင်သိန်း၊ မောင်ကျော်ဒေဝါ၊ မပဟေမာန်ဒေဝါ၊ ဒေါက်တာမြတ်ကြည်လွဲသိန်း၊ မောင်အောင်ဇင်ဖြိုးသိန်း၊ မောင်ကျော်ဇေယျအောင်၊ မယမုံနာအောင်၊ မောင်ဝေလျှံအောင်၊ မပေရယ်သိန်းတို့၏ ချစ်လှစွာသော အဘိုးသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၆ နာရီတွင် အမှတ် (၂၂၆)၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် နေအိမ်မှတစ်ဆင့် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်တင့်

လက်ထောက်ညွှန်မှူး(ငြိမ်း)၊ အထည်အလိပ်လုပ်ငန်း
စက်မှုဝန်ကြီးဌာန
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် ၂၅(A) နေ (ဝဏ္ဏကျော်ထင် ဦးဘတင်-ဒေါ်သိန်း တင်)တို့၏ ချွေးမ၊ (ဦးအေးမောင်-ဒေါ်သိန်းသိန်း)တို့၏သမီး၊ (ဦးမျိုးငွေ၊ ပြည်သူ့ဆောက်လုပ်ရေးဝန်ကြီးဌာန)၏ဇနီး၊ ဦးမျိုးအောင် (CEO, BLOOM SKY INTERNATIONAL GROUP)- ဒေါ်လှိုင်ဘုန်းမြင့် (LOCAL REPRESENTATIVE, UKRINMASH)၊ ဒေါက်တာမောင်မောင်မျိုး(USA) -ဒေါ်မင်းစပ္ပာယ် (USA) တို့၏ မွေးမိခင်၊ မခိုင်ရွှေရည်ဝင်း (USA)၊ မအိန္ဒြာခိုင် (USA)တို့၏အဘွားသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော် ဆိုင်ကယ် စီးနင်းသူ များသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး တပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်
ယာဉ်စည်းကမ်း
ထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်သိန်း

ဘဏ္ဍာအခွန်-စွမ်းအင်ဝန်ကြီး(ငြိမ်း)၊ ဝါဇီ(ငြိမ်း)
အသက် (၈၆)နှစ်

အမှတ် (၂၂၆)၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေ ဒေါ်စုစုသိန်း၏ခင်ပွန်း ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဝါဇီဝန်ထမ်းဟောင်းများအဖွဲ့

---

ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်ခင်ဆွေ

အသက် (၈၃)နှစ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ဒေါ်ခင်စိုးစိုးအေး(လက်ထောက်အထွေထွေမန်နေဂျာ)၏ ချစ်လှစွာသော မိခင် ဒေါ်ခင်ခင်ဆွေသည် ၁၁-၅-၂၀၂၀ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ
မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

---

အထူးဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိန်သောင်း

တပ်ကြပ်ကြီး(ငြိမ်း)
အသက် (၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဖောင်တော်ဦးဘုရားလမ်း၊ အမှတ် (၉၁) နေ ဦးမျိုးမင်းဇော်(ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဗိုလ်ကြီး နှင်းနှင်းလှိုင်(ငြိမ်း)တို့၏ဖခင် ဦးစိန်သောင်းသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၀၀:၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ
ပြည်တွင်းအခွန်များဦးစီးဌာန

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြင့်ဝေ(ခ)စာရေးဆရာ လေချွန်သာ

(၉)မိုင် ဂေါက်ကွင်း ဥက္ကဋ္ဌ
အသက်(၇၁)နှစ်

(ဦးသန်းဝေ-ဒေါ်အင်မြင့်)တို့၏သား၊ (ဦးလှိုင်စိန်-ဒေါ်ပန်းထယ်)တို့၏ သားသမက်၊ ဦးမြင့်သန်း၊ ဦးသက်ဆွေ၊ ဦးခင်မောင်သန့်ဇင်တို့၏ အစ်ကိုကြီး၊ မမေနှင်းဝေ(ခ)ခန့်ခန့်၊ ဆုနှင်းဝေတို့၏ဖခင်၊ဒေါ်ခင်သန်းရီ(ခ)သန်းသန်းရီ ၏ခင်ပွန်းသည် ၁၀-၅-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၂၀ ရက် (အင်္ဂါနေ့) ညနေ ၃:၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီး ခင်မောင်သိန်း(ငြိမ်း)

ကြည်း ၈၂၅၄၊ B.Sc (Engg.)
ကကထုတ်
ဦးဆောင်ညွှန်ကြားရေးမှူး (ဝါဇီ/ TSC/EPC) (ငြိမ်း)
စွမ်းအင်ဝန်ကြီး(ငြိမ်း)
ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)
အသက် (၈၆)နှစ်

အမှတ် ၂၂၆၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေ ဒေါ်စုစုသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

နာယက၊ ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့
ကမ္ဘောဇဘဏ်လီမိတက်

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်သိန်း

ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)
စွမ်းအင်ဝန်ကြီး(ငြိမ်း)
ဦးဆောင်ညွှန်ကြားရေးမှူး(ဝါဇီ/TSC/EPC) (ငြိမ်း)
အသက် (၈၆)နှစ်

အမှတ် ၂၂၆၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေ ကျေးဇူးရှင်အမေ ဒေါ်စုစုသိန်း၏ ချစ်လှစွာသောခင်ပွန်း ကျေးဇူးရှင် (ဘ) ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးညီမြင့်-ဒေါက်တာ နန်းခင်မေဖူး မိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးခင်မောင်သိန်း

ဝန်ကြီး(ငြိမ်း)၊ (စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)
အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်စုစုသိန်း၏ချစ်လှစွာသော ခင်ပွန်း ဦးခင်မောင်သိန်း ဝန်ကြီး(ငြိမ်း)၊ (စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)သည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

---

ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီး ခင်မောင်သိန်း(ငြိမ်း)

ကြည်း ၈၂၅၄၊ B.Sc (Engg.)
ကကထုတ်
ဦးဆောင်ညွှန်ကြားရေးမှူး (ဝါဇီ/ TSC/EPC) (ငြိမ်း)
စွမ်းအင်ဝန်ကြီး(ငြိမ်း)
ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)
အသက် (၈၆)နှစ်

အမှတ် ၂၂၆၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေ ဒေါ်စုစုသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

နာယက
KBZ GROUP

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ မြန်မာ ဂေါက်သီးရိုက်အသင်း၏ဥက္ကဋ္ဌ ဦးမြင့်ဝေ (ကြို့ပင်ကောက်) အသက် (၇၁)နှစ်သည် ၁၀-၅-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း(မြင့်စိုး)(ရဲအုပ်ငြိမ်း)နှင့် ဒေါ်သန်းသန်းအေး
မိသားစု(ရန်ကုန်)

---

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးခင်မောင်သိန်း ဝန်ကြီး(ငြိမ်း)

စွမ်းအင်ဝန်ကြီးဌာန
အသက် (၈၆)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ အမှတ် (၂၂၆)၊ စရည်းပင်လမ်းနေ ယခင်စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီး (ငြိမ်း) ဦးခင်မောင်သိန်း အသက် (၈၆)နှစ်သည် ၁၂-၅-၂၀၂၀ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ ဦးဝင်းခိုင်နှင့် ဇနီး ဒေါ်လှလှမူ

ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများ
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

---

ဝမ်းနည်းကြေကွဲခြင်း

## ဒုတိယဗိုလ်မှူးကြီး ခင်မောင်သိန်း(ငြိမ်း)

ကြည်း ၈၂၅၄၊ B.Sc (Engg.)
ကကထုတ်
ဦးဆောင်ညွှန်ကြားရေးမှူး (ဝါဇီ/ TSC/EPC) (ငြိမ်း)
စွမ်းအင်ဝန်ကြီး(ငြိမ်း)
ဘဏ္ဍာ/အခွန်ဝန်ကြီး(ငြိမ်း)
အသက် (၈၆)နှစ်

အမှတ် ၂၂၆၊ စရည်းပင်လမ်း၊ သုဝဏ္ဏနေ ဒေါ်စုစုသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်သိန်းသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်အနိစ္စ ရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

နာယက၊ ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့
KBZ MS General Insurance and KBZ Life Insurance

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးစန်းမောင်

အသက် (၈၆)နှစ်

ဗိုလ်မှူးကြီး ဟန်သူ(စစ်ဦးစီးတက္ကသိုလ်)-ဒေါ်ခင်ဝင်းတို့၏ ဖခင်ဖြစ်သူ ဦးစန်းမောင် အသက် (၈၆)နှစ်သည် ၉-၅-၂၀၂၀ရက် (စနေနေ့) ညနေ ၆:၁၅ နာရီတွင် ဘားအံမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တဓ(၁၇) ကျောင်းဆင်းသူငယ်ချင်းများနှင့်
မိသားစုဝင်များ

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိန်သောင်း

တပ်ကြပ်ကြီး(ငြိမ်း)
အသက် (၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဖောင်တော်ဦးဘုရားလမ်း၊ အမှတ် (၉၁) နေ ဒေါ်တင်တင်(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဝဏ္ဏ-ဒေါ်မြင့်သီတာ(ယုဇနဆေးစတိုး)၊ ဦးမျိုးမင်းဇော် (ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)-ဗိုလ်ကြီးနှင်းနှင်းလှိုင်(ငြိမ်း)တို့၏ ချစ်လှစွာသောဖခင်၊ မချောကလျာ(ဒုတိယဦးစီးမှူး-အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန)၊ မောင်ခန့်ကျော်ယံ၊ မောင်ဇော်လင်းထက်၊ မောင်ခန့်ထူးဇော်တို့၏ အဘိုးသည် ၁၂-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၀၀:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နီနီ(ညောင်တုန်း)

(စား/ထွေ၊ ကုန်သွယ်/လယ်ယာ)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၇၉၊ တတိုင်းမွေးလမ်း၊ (၁၄/၃) ရပ်ကွက်နေ (ဦးမောင်ခင်-ဒေါ်ကျင်ပွင့်)တို့၏သမီး၊ (ဦးရန်အောင်)(လ/ထမန်နေဂျာ စား/ထွေ)၏ဇနီး၊ ဦးကျော်ဒင်-ဒေါ်ကြင်ငွေ၊ (ဦးကြီးမောင်)-ဒေါ်စန်းတင်(ကျောင်းအုပ်ဆရာမကြီး) တို့၏ညီမ၊ ဦးရန်လင်းအောင်(ညွှန်ကြားရေးမှူး၊ နတလ)-ဒေါ်ခင်သန်းထွန်း(ငြိမ်း)(လ/ထ မန်နေဂျာ ၊ ဟိုတယ်/ခရီး)၊ ဒေါက်တာဝင်းညွန့်-ဒေါက်တာချောစုအောင်(ခေတ္တ-စင်ကာပူ)တို့၏မိခင်၊ မောင်ကျော်ဇေယျာလင်း(2nd Year UIT )၊ မထူးထူးလှိုင်တို့၏အဘွားသည် ၈-၅-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၀:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၀ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၁၄-၅-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုဝန်ကြီးများက မြန်မာနိုင်ငံ၏ လက်ရှိ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သံတမန်များအား ရှင်းလင်းပြောကြား

နေပြည်တော် မေ ၁၂

**မြန်မာနိုင်ငံ၏ လက်ရှိ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သီးခြားဖိတ်ကြားထားသည့် ရန်ကုန်မြို့အခြေစိုက် သံတမန်များအား ရှင်းလင်းပြောကြားခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Center–NRPC) ၌ ကျင်းပပြုလုပ်သည်။**



ရှင်းလင်းပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့က ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ အာဆီယံနိုင်ငံများ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ အိန္ဒိယ၊ တရုတ်၊ တီမောလက်စ်၊ ရုရှား၊ ပြင်သစ်၊ ဗြိတိန်၊ အမေရိကန်၊ ဂျာမနီနိုင်ငံနှင့် အီးယူဆိုင်ရာ သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများနှင့် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးတို့ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက COVID–19 ကပ်ရောဂါ တားဆီးကာကွယ်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများအပေါ် သက်ရောက်မှုများ လျော့ကျစေရေးတို့အတွက် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်နေမှုများ၊ တိုင်းရင်းသားလက်နက်ကိုင်ဒေသများတွင် COVID–19 ကာကွယ်ထိန်းချုပ်ရေးအတွက် EAOs များနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ကြိုးပမ်းနေမှု၊ ငြိမ်းချမ်းရေးရရှိရေးအတွက် အေအေ အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များအားလုံးနှင့် NCA လက်မှတ်ရေးထိုးရန် ကြိုးပမ်းခဲ့မှု၊ အေအေနှင့် အာဆာအဖွဲ့



ပြည်ထောင်စုဝန်ကြီးများက မြန်မာနိုင်ငံ၏ လက်ရှိ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို သီးခြားဖိတ်ကြားထားသည့် ရန်ကုန်မြို့အခြေစိုက် သံတမန်များအား ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်

များ၏ အကြမ်းဖက်လုပ်ရပ်များအခြေအနေ၊ အေအေမှ ရခိုင်ပြည်နယ်တွင် အစိုးရ အုပ်ချုပ်ရေးယန္တရား ပျက်ပြားအောင် လုပ်ဆောင်နေမှု၊ IDP များအတွက် လူသားချင်းစာနာမှု အကူအညီများ တိုးမြှင့်ပေးရန် ဆောင်ရွက်ပေးနေမှု၊ COVID–19 ကပ်ရောဂါကာလအတွင်း တပ်မတော်မှ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကြေညာခဲ့သည့် ကိစ္စများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က COVID–19 ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အစိုးရအနေဖြင့် ပြည်သူများ၏ အားကို စုစည်းပြီး IDP များ၊ အကျဉ်းထောင်များ၊ မသန်စွမ်းများ အပါအဝင် တစ်နိုင်ငံလုံးရှိ အသိုက်အဝန်းအားလုံးအတွက် မည်သူ့ကိုမှ ချန်လှပ်မထားသည့် (Leaving no one behind) မူဝါဒအရ အစိုးရမှ ဆောင်ရွက်ပေးနေသည့် ကိစ္စများ၊ နေရပ်စွန့်ခွာသူများ နေထိုင်သည့် စခန်းများတွင် COVID–19 ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ICRC နှင့် လုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်မည့်ကိစ္စ၊ စီးပွားရေးထိခိုက်မှု လျော့ကျစေရန်အတွက်

*စာမျက်နှာ ၅ ကော်လံ ၁* ◆

ယခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို တစ်နှစ်အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးသွားမည် စာ » ၈

COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၂–၅–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ စာ » ၁၅

## ဥပဒေနှင့် မလျော်ညီစွာ စစ်ဆေးမှုများပြုလုပ်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တရားဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၂

ယခုရက်ပိုင်းအတွင်း လူမှုကွန်ရက်စာမျက်နှာများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့် မလျော်ညီစွာ စစ်ဆေးမေးမြန်းမှုများ ပြုလုပ်နေသည့် Video ဖိုင်တစ်ခု ပျံ့နှံ့လျက်ရှိကြောင်း။

အဆိုပါ Video ဖိုင်ပါ ဖြစ်စဉ်များအား စိစစ်ခဲ့ရာတွင် ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရခိုင်ပြည်နယ်အတွင်းရှိ မြို့၊ ရွာများအတွင်း AA အကြမ်းဖက်သောင်းကျန်းသူများ ဒေသခံများအသွင်ဖြင့် စိမ့်ဝင်လှုပ်ရှားမှုများမရှိစေရေး ဆောင်ရွက်ခဲ့စဉ် ပုဏ္ဏားကျွန်းမြို့နယ်၊ ကျောက်ဆိပ်ကျေးရွာအတွင်းမှ AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွယ်သည်ဟု ယူဆရသူ အမျိုးသား ၅ ဦးအား ထိန်းသိမ်း၍ လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်ဟု ဧပြီ ၂၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

၎င်းအမျိုးသား ၅ ဦးကို ထပ်မံစစ်ဆေးမှုများပြုလုပ်ရန်နှင့် တရားဥပဒေအရ တရားစွဲဆိုမှုများ ပြုလုပ်နိုင်ရေး ပုဏ္ဏားကျွန်းမှ စစ်တွေသို့ ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် စစ်ရေယာဉ်ဖြင့် ပို့ဆောင်ခဲ့ကြောင်း၊ ထိုသို့ပို့ဆောင်စဉ် အစောင့်အဖြစ်လိုက်ပါလာသည့် လုံခြုံရေး တပ်ဖွဲ့ဝင်အချို့က ဥပဒေနှင့် မလျော်ညီသည့် စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့သည့် Video ဖိုင်ဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်တွေ့ရှိရကြောင်း။

ထိုသို့ ဥပဒေနှင့် မလျော်ညီသည့် စစ်ဆေးမေးမြန်းမှုများ ဆောင်ရွက်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား စစ်စည်းကမ်းအရအရေးယူနိုင်ရေး စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## ထိုင်းနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဒုတိယအသုတ်အဖြစ် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့



ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**နေပြည်တော် မေ ၁၂**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ထိုင်းနိုင်ငံတွင် အမှန်တကယ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၆၇ ဦးအား မြန်မာအမျိုးသား လေကြောင်းလိုင်း (Myanmar National Airlines – MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ဒုတိယအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၆ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့် နေရာ သို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၅* ❑

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်

၂၀၂၀ ပြည့်နှစ်၊ မေ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့





# ရန်ကုန်မြို့မှာ ပြန်လည်ဖွင့်လှစ်လာတဲ့ အထည်ချုပ်စက်ရုံ၊ အလုပ်ရုံတွေ

ဆွေဦးဝေ

မမြဝင်း အိပ်ရာကထတော့ နံနက် ၄ နာရီ။ ညက တစ်ညလုံး အိမ်မပျော်ခဲ့၊ ရွာအကြောင်း၊ မိသားစုအကြောင်း၊ သက်ကြီးရွယ်အိုမိဘနှစ်ဦးအကြောင်းတွေ တွေးရင်း ညတာရှည်ခဲ့တဲ့ ရက်တွေလည်း မနည်းတော့။ ကျပ်တည်းလှတဲ့ မိသားစုကို ရှာဖွေကျွေးမွေးဖို့ ရန်ကုန်တက်လာပြီး အထည်ချုပ်စက်ရုံတစ်ရုံမှာ အလုပ်ဝင်ခဲ့လို့ ထိုက်သင့်တဲ့ လစာတွေနဲ့အတူ မိဘတွေကို ထောက်ပံ့နိုင်ခဲ့တာကြောင့် ဝမ်းသာစိတ်ဖြစ်ရတာလည်း အကြိမ်ကြိမ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ဧပြီလဆန်းကတည်းက ကိုဗစ်-၁၉ ရောဂါကြောင့် စက်ရုံတွေ ပိတ်ထားရတဲ့အတွက် လုပ်ခလစာလည်းမရ၊ ရွာလည်းပြန်လို့မရဘဲ အခက်ခဲမျိုးစုံ ကြုံတွေ့ခဲ့ရပါတယ်။ စက်ရုံတွေ ပြန်ဖွင့်ဖို့ စိစစ်မှုတွေ ပြုလုပ်နေတယ်ကြားတော့ မိမိတို့စက်ရုံ ပြန်ဖွင့်နိုင်ပါစေလို့ ဆုတောင်းနေချိန်မှာပဲ မနက်ဖြန် အလုပ်ဆင်းလို့ရပြီလို့ ကြားလိုက်ကတည်းက မမြဝင်းတစ်ယောက် ဝမ်းသာစိတ်နဲ့အတူ အိပ်လို့တောင်မရခဲ့။ ဒီနေ့တော့ အထည်ချုပ်စက်ရုံမှာ အလုပ်ပြန်ဆင်းလို့ရပြီ။

ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တစ်နိုင်ငံလုံးမှာရှိတဲ့ စက်ရုံ အလုပ်ရုံတွေကို ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားခဲ့ရပါတယ်။ ကူးစက်မြန်ရောဂါဖြစ်တာမို့ လူစုလူဝေးဖြစ်နိုင်တဲ့ စက်ရုံ၊ အလုပ်ရုံတွေကို ပိတ်ထားခဲ့ရတဲ့ အချိန်မှာ အထည်ချုပ်စက်ရုံတွေက အလုပ်သမားတွေ အလုပ်မလုပ်နိုင်ဘဲ ဝင်ငွေထိခိုက်ခဲ့ရပါတယ်။ အစိုးရက တတ်နိုင်သမျှ အခြေခံ လိုအပ်ချက်တွေ ဖြည့်ဆည်းပေးလျက်ရှိပြီး လိုအပ်တဲ့ ကျန်းမာရေးသတ်မှတ်ချက် စစ်ဆေးမှုတွေကို စနစ်တကျဖွဲ့စည်းထားတဲ့ အဖွဲ့တွေက ကွင်းဆင်းစစ်ဆေးကာ ခွင့်ပြုသင့်တဲ့ စက်ရုံတွေကို ပြန်လည်ခွင့်ပြုပြီး လုပ်ငန်းလည်ပတ်ခဲ့တာမို့ မမြဝင်းတို့ စက်ရုံလည်း အေအဆင့်နဲ့ ပြန်ဖွင့်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

**“ရန်ကုန်တိုင်းဒေသကြီးမှာ အေအဆင့် စက်ရုံ ၅၄၀၊ ဘီအဆင့်စက်ရုံ ၁၈၉၄ ရုံ၊ စီအဆင့်စက်ရုံ ၁၆၈ ရုံ ရှိနေပြီး အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာတော့ အေအဆင့် စက်ရုံ ၃၀၅ ရုံ၊ ဘီအဆင့် စက်ရုံ ၃၉၇ ရုံနဲ့ စီအဆင့် စက်ရုံ ၂၂ ရုံ ရှိနေ**

## စံသတ်မှတ်ချက်နဲ့ ညီညွတ်

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ စက်ရုံပေါင်း ၆၆၃၂ ရုံခန့်ရှိပြီး ဧပြီ ၂၀ ရက်က စတင် စစ်ဆေးနေတာဟာ အခုဆိုရင် မေ ၉ ရက်အထိ စက်ရုံပေါင်း ၃၀၀၀ ကျော်ကို စစ်ဆေးပြီးဖြစ်ပါတယ်။ အဲဒီစက်ရုံတွေထဲမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ သတ်မှတ်ထားတဲ့ ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်တွေနဲ့ ညီညွတ်တဲ့ စက်ရုံပေါင်း ၂၈၀၀ ကျော်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။

“စက်ရုံတွေကို စစ်ဆေးထားသမျှ ပြန်ဖွင့်ပေးတာမဟုတ်ဘဲ ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်တွေနဲ့ညီမှ ဖွင့်ခွင့်ပြုတာ ဖြစ်ပါတယ်။**အချပ်ပို (ခ) သို့**

# ကြုံရဆုံရ ကိုဗစ်ကာလ ရန်ကုန်မြို့ဘဝ

ရှင်နော်၊ ဓာတ်ပုံ - အာကာစိုး



ရန်ကုန်မြို့ ဆူးလေဘုရားလမ်း။

**၂၀၂၀ ပြည့်နှစ် မေလအတွင်း ရန်ကုန်၏ နေ့စဉ်ပျမ်းမျှအပူချိန်က တစ်စတစ် တိုးလာနေသည်။ အပူရှိန်မြင့်တက်လာမှုနည်းတူ ကိုဗစ်- ၁၉ ကပ်ရောဂါ ကူးစက်မှုကလည်း တစ်နေ့တခြား တိုးလာနေသည်။ အပူချိန်မြင့်မားမှု၊ ကိုဗစ်-၁၉ ကူးစက်မှုကြားမှပင် ရန်ကုန်လူထုသည် နေ့စဉ်ဘဝရပ်တည်ရေးကို ရုန်းကန်နေကြရသည်။ ပူပြင်းသော နေရောင်အောက်တွင် စားဝတ်နေရေးအတွက် ရုန်းကန်နေကြရသဖြင့် မကြာခဏ အန္တရာယ်ကြုံတွေ့နေရသော သတင်းများကို ကြားနေရသည်။**

တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားသည်ဟု ကြားသိစဉ်က ရန်ကုန်၏ သွားလာမှုအခြေအနေမှာ မူလအတိုင်း ဟန်မပျက်ရှိနေခဲ့သည်။ ကမ္ဘာအနှံ့သို့ ဗိုင်းရပ်စ်ကူးစက် ပျံ့နှံ့နေစဉ်ကလည်း ရန်ကုန်၏ နေ့စဉ်လူမှုပတ်ဝန်းကျင်ကို ရိုက်ခတ်မှု မရှိခဲ့ချေ။ ထိုစဉ်က ရန်ကုန်မြို့ရှိ နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများနှင့် စားသောက်ဆိုင်ကြီးအချို့တွင် ခန္ဓာကိုယ်အပူချိန်တိုင်းတာမှုများသာ ရှိခဲ့သည်။ ရန်ကုန်လေဆိပ်တွင် ကျန်းမာရေးနှင့် ပတ်သက်၍ ဂရုတစိုက် စောင့်ကြည့်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

## ဈေးဆိုင်များ ပိတ်သိမ်းကုန်

ရန်ကုန်မြို့တော်တွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပိုးစတင်တွေ့ရှိရာ မတ်လအတွင်းမှစ၍ လူထုက လှုပ်လှုပ်ရှားရှား ဖြစ်လာ သည်။ စီးပွားရေးလုပ်ကိုင်နေကြသော လုပ်ငန်း၊ ကုမ္ပဏီအချို့က ပိတ်လိုက်ကြသည်။ ပုဂ္ဂလိကဝန်ထမ်းအချို့က သင်္ကြန်ကာလ ရုံးပိတ်ရက်နှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်အောင် ခွင့်ယူကာ နယ်အရပ်များသို့ အိမ်ပြန်ခရီးစတင်သည်။ စက်ရုံအလုပ်ရုံအချို့ ပိတ်သိမ်း၍ အလုပ်သမားအချို့ အလုပ်လက်မဲ့ ဖြစ်ကြရသည်။ ဧပြီလဆန်းပိုင်းတွင် ရန်ကုန်မြို့ လမ်းမကြီးများပေါ် သွားလာနေသော လူဦးရေလျော့နည်းလာမှုကြောင့် လမ်းဘေးဈေးဆိုင်များ ပိတ်သိမ်းကုန်သည်။

အစိုးရရုံးဌာနအချို့ ခွင့်အနားပေးခြင်းများရှိလာသကဲ့သို့ အချို့မှာ တစ်ရက်ဆင်း တစ်ရက်နား စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ကြသည်။ အလုပ်ခွင်အချို့က ရုံးတက်ရုံးဆင်း မပြုစေတော့ဘဲ မိမိနေအိမ်မှာသာ အလုပ်လုပ်စေသည်။ မြို့နယ်များတွင် သံသယလူနာများထားရှိရန် ကန့်သတ်စောင့်ကြည့်ရာ နေရာများ ပြုလုပ်လာကြသည်။ သင်္ကြန်ရုံးပိတ်ရက်ကာလ၌ ပထမအကြိမ်အဖြစ် အိမ်တွင်နေထိုင်ခြင်း အစီအစဉ်စတင်သည်။ တရားမဝင် လမ်းဘေးဈေးသည်များ နီးကပ်စွာ ရောင်းချမှုကြောင့် မြို့နယ်များတွင် ဝေဖန်မှုများ မြင့်တက်ခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်များရှိ စည်ပင်သာယာရေးအဖွဲ့များ၏ ဖြေရှင်းမှုကြောင့် ဝေဖန်မှု အရှိန်လျော့ကျသွားသည်။

## မညည်းမညူ ဆောင်ရွက်ပေးနေ

ရန်ကုန်မြို့ ပရဟိတအသင်းများ၏ လှုပ်ရှားမှုများ ပိုမိုအားကောင်းလာသည်။ နိုင်ငံတော်၏ ဆင်းရဲနွမ်းပါးသူ ထောက်ပံ့ရေး အစီအစဉ်တွင် ပါဝင်အားဖြည့်သည်။ မိမိရန်ပုံငွေ၊ အလှူရှင်များ၏ လှူဒါန်းငွေတို့ဖြင့် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးသည်။ သောက်ရေအတွက် ရေသန့်လိုအပ်မှုကအစ လှူဒါန်းမှုပြုလုပ်လာကြသည်။ သွားလာမှုကန့်သတ်သည့် ဒေသန္တရအမိန့် ထုတ်ပြန်ထားသော နေရာများတွင်လည်းကောင်း၊ ကွာရန်တင်းစင်တာများတွင် လည်းကောင်း လူငယ်ပရဟိတအသင်းဝင်တို့၏ မညည်းမညူ ဆောင်ရွက်ပေးနေမှုများကို တွေ့မြင်ရသည်။ ရန်ကုန်မြို့၏ နောက်ဖေးလမ်းကြားဥယျာဉ်စီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိသော ဒို့အိမ်လူမှုအကျိုးပြုအဖွဲ့က "I DO NATION" ဟူသော ခေါင်းစဉ်ဖြင့် နီးစပ်ရာ လမ်းဘေးဈေးသည်များအား စတင်ထောက်ပံ့မှု ပြုခဲ့သည်။

ရောဂါကူးစက်ပျံ့နှံ့မှုနှုန်း မြင့်မားလာနိုင်မှုကြောင့် ဝေဘာဂီအထူးကုဆေးရုံကြီးနှင့် တောင်ဥက္ကလာပ အမျိုးသမီးဆေးရုံကို ကနဦး လူနာများထားရှိပြီး ပိုမိုများပြားလာပါက အောက်မြန်မာပြည် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)တွင် လူနာများ ဆက်လက်ထားရှိရန် တိုင်းဒေသကြီးအစိုးရက စီစဉ်သည်။ ဖောင်ကြီးကုသရေးစင်တာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆရာဝန်၊ သူနာပြုများသာမက တပ်မတော်နှင့် ပုဂ္ဂလိကဆေးရုံများအသင်းတို့မှ ဆရာဝန်၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများဖြင့် ထပ်မံအားဖြည့်သည်။

## စည်းကမ်းတကျလုပ်ကိုင်

သင်္ကြန်ရုံးပိတ်ရက်ကာလ ပြီးဆုံးပြီးနောက် နယ်အသီးသီးမှ အလုပ်သမား၊ ဝန်ထမ်းများ လုပ်ငန်းခွင်ဝင်ရန် ပြန်လည်ရောက်ရှိလာကြသည်။ ကုန်ကြမ်းရရှိမှုနှင့် ကူးစက်ရောဂါပျံ့နှံ့မှုကြောင့် စက်ရုံများမှာ ဆက်လက်ပိတ်ထားမြဲဖြစ်သည်။ သက်ဆိုင်ရာ စစ်ဆေးမှုဖြင့် စည်းကမ်းတကျ လုပ်ကိုင်ဆောင်ရွက်နိုင်မှုပြယုဂ်ရှိသော စက်ရုံများကို ဖွင့်လှစ်အလုပ်လုပ်ခွင့် ပေးခဲ့သည်။ ဒေသန္တရအမိန့်များနှင့် ခရီးသည်နည်းပါးမှု၊ ယာဉ်မောင်းများ၏ စိုးရိမ်မှုကြောင့် အဝေးပြေးယာဉ်လိုင်းကြီးများ ရပ်နားထားရသည်။ အချို့ ပြေးဆွဲသော အဝေးပြေးယာဉ်ကြီးများတွင် ခရီးသည် တစ်ဦးစ၊ နှစ်ဦးစသာ စီးနင်းလိုက်ပါကြသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်၏ ထုတ်ပြန်ချက်များအရ ဧပြီ ၂၀ ရက်တွင် YBS ယာဉ်လိုင်းပေါင်း ၉၇ လိုင်းမှ မော်တော်ယာဉ်အစီးရေ ၁၃၀၀ ဖြင့် ခရီးသည် ၁၃၇၆၈၈ ဦး ကိုလည်းကောင်း၊ မေ ၁ ရက်တွင် YBS ယာဉ်လိုင်းပေါင်း ၁၀၀ လိုင်းမှ မော်တော်ယာဉ်အစီးရေ ၁၆၄၄ စီးဖြင့် ခရီးသည် ၂၂၈၂၅၅ ဦး ကိုလည်းကောင်း၊ မေ ၁ ရက်တွင် YBS ယာဉ်လိုင်းပေါင်း ၁၀၂ လိုင်းမှ မော်တော်ယာဉ်အစီးရေ ၂၂၉၀ ဖြင့် ခရီးသည် ၃၅၂၇၅၈ ဦး ကိုလည်းကောင်း သယ်ယူပို့ဆောင် ပြေးဆွဲပေးနိုင်ခဲ့ရာ ခရီးသည်လိုက်ပါစီးနင်းမှု တစ်နေ့ထက်တစ်နေ့ ပြန်လည်များပြားလာလျက်ရှိသည်ကို တွေ့ရသည်။

## စိတ်ရှည်လက်ရှည်ဖြေကြား

ရန်ကုန်သတင်းထောက်များ သတင်းရယူရေး အခက်အခဲဖြစ်ကြရသည်။ သတင်းထောက်အများစုမှာ ဖုန်းဖြင့် ဆက်သွယ်မေးမြန်းကာ သတင်းရယူကြရသည်။ သတင်းထောက်များနှင့် အမြဲတစေ ထိတွေ့ဆက်ဆံလေ့ရှိသော ဌာနဆိုင်ရာတာဝန်ရှိသူအချို့နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့ခေါင်းဆောင်များမှာ နားလည်မှုရှိစွာ တလေးတစား ပြန်လည် ဖြေကြားပေးကြသည်။ သတင်းထောက်များ၏ အီးမေးလ်များ၊ ဖုန်းများသို့ ထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများ၊ သတင်းထောက်များ အသုံးပြုနိုင်သော ကိန်းဂဏန်းဆိုင်ရာ အချက်အလက်များကို မတောင်းမီကပင် ပြည့်စုံစွာ ထည့်သွင်းပေးတတ်ကြသည်။ အလုပ်မအား၍ ဖုန်းမကိုင်ဖြစ်သော်လည်း အလုပ်ပါးချိန်တွင် ပြန်လည်ဖုန်းခေါ်၍ သတင်းထောက် သိလိုသမျှကို စိတ်ရှည်လက်ရှည် ဖြေကြားပေးကြသည်။

## အဆင့်ဆင့်လွှဲချတတ်

အချို့သော ဌာနဆိုင်ရာများမှာမူ မလိုအပ်ဘဲ အချိန်ဆွဲခဲ့ကြသည်။ မေးမြန်းခွင့်ကို စာဖြင့်တောင်းခံရန်၊ ကြိုတင်မေးခွန်းပေးပို့ရန်၊ တင်ပြချက်ခွင့်တောင်းမှုပုံစံ မပြည့်စုံသဖြင့် ပြန်လည်တင်ပြရန် စသည်ဖြင့် အကြောင်းအမျိုးမျိုးပြကြသည်။ တာဝန်ယူဖြေကြားခြင်းမရှိဘဲ အထက်-အောက် အဆင့်ဆင့် လွှဲချတတ်သည်။ တရားဝင်ဆက်သွယ်ရန် ဖော်ပြထားသော ဌာနဆိုင်ရာဖုန်းများ၏ မြည်သံကို မျက်ကွယ်ပြုတတ်ကြသည်။ နေ့စဉ်ဖြစ်ပွားနေသော ကိစ္စရပ်များကို အချိန်ဆွဲခြင်းဖြင့် မေ့မေ့ပျောက်ပျောက် ဖြေရှင်းလိုကြသည်။ ဤသည်မှာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလ သတင်းသမားများအတွက် သတင်းရယူမှု အခက်အခဲများ ဖြစ်သည်။

ဤသည်တို့မှာ ကိုဗစ် – ၁၉ ဖြစ်ပွားနေစဉ် ရန်ကုန်မြို့တော်တွင် လက်ရှိဖြစ်ပေါ်နေသော အဖြစ်အပျက်များအနက်မှ အချို့ကို ကောက်နုတ်တင်ဆက်လိုက်ခြင်း ဖြစ်ပါသည်။ ။

---

*ရန်ကုန်မြို့မှာ ပြန်လည်ဖွင့်လှစ်လာတဲ့ အထည်ချုပ်စက်ရုံ၊ အလုပ်ရုံတွေ. . . . မှ*

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် မိမိတို့ဝန်ကြီးဌာနဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့တွေဖွဲ့ပြီး စစ်ဆေးနေတာဖြစ်သလို သတ်မှတ်ချက်တွေ ကိုက်ညီမှ စက်ရုံတွေ ဖွင့်ခွင့်ပေးနေတာ ဖြစ်ပါတယ်"လို့ ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဒေါ်မိုးမိုးစုကြည်က ပြောပါတယ်။

## စနစ်တကျလက်ဆေး

မမြဝင်းတို့ အထည်ချုပ်စက်ရုံမှာတော့ စက်ရုံအဝင်မှာ ကိုယ်အပူချိန် တိုင်းတာ၊ နှာခေါင်းစည်းတပ်ဆင်ရတာ၊ လက်ဆေးဘေစင်မှာ စနစ်တကျ လက်ဆေးရတာ၊ စက်ရုံအတွင်း လုပ်ငန်းခွင်မှာလည်း သတ်မှတ်အကွာအဝေးအတိုင်း လုပ်ကိုင်ရတာ၊ နေ့လယ်စာစားချိန်မှာလည်း သတ်မှတ်ချက်အတိုင်း စားစေတာတွေကို စနစ်တကျ ဆောင်ရွက်နေပါတယ်။ အလုပ်သမားတိုင်းကလည်း စနစ်တကျ လိုက်နာကြတာ တွေ့ရပါတယ်။ ဒါကလည်း အလုပ်သမားနဲ့ အလုပ်ရှင်တို့ အကျိုးစီးပွားသာမက နိုင်ငံတော်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ မလိုလားအပ်တဲ့ ကုန်ကျမှုတွေ၊ ဝန်ဆောင်မှုတွေ၊ ကုသမှုတွေကို သက်သာစေမှာ ဖြစ်ပါတယ်။ ဒါ့အပြင် တစ်ဦးချင်းစီကနေ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မဖြစ်ပွားစေဖို့ ကြိုတင်ကာကွယ် ထိန်းချုပ်ထားတာဖြစ်လို့ အလုပ်သမားတွေကလည်း လိုက်နာကျင့်သုံး လုပ်ကိုင်ကြခြင်းလည်း ဖြစ်ပါတယ်။

> **"ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ စက်ရုံပေါင်း ၆၆၃၂ ရုံခန့်ရှိပြီး ဧပြီ ၂၀ ရက်က စတင်စစ်ဆေးနေတာဟာ အခုဆိုရင် မေ ၉ ရက်အထိ စက်ရုံပေါင်း ၃၀၀၀ ကျော်ကို စစ်ဆေးပြီး ဖြစ်ပါတယ်။ အဲဒီစက်ရုံတွေထဲမှာ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ သတ်မှတ်ထားတဲ့ စံကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်တွေနဲ့ ညီညွတ်တဲ့ စက်ရုံပေါင်း ၂၈၀၀ ကျော်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်"**

"ရန်ကုန်တိုင်းဒေသကြီးမှာတော့ အေအဆင့် စက်ရုံ ၅၄၀ ၊ ဘီအဆင့်စက်ရုံ ၁၈၉၄ ရုံ၊ စီအဆင့်စက်ရုံ ၁၆၈ ရုံ ရှိနေပြီး အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာတော့ အေအဆင့် စက်ရုံ ၃၀၅ ရုံ ၊ ဘီအဆင့် စက်ရုံ ၃၉၇ ရုံနဲ့ စီအဆင့် စက်ရုံ ၂၂ ရုံ ရှိနေပါတယ်" လို့ ၂၀၂၀ ပြည့်နှစ် မေ ၁ ရက်က အွန်လိုင်းစနစ်နဲ့ ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက ပြောပါတယ်။

## လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်

၂၀၂၀ ပြည့်နှစ် မေ ၆ ရက်အထိ စစ်ဆေးပြီး စက်ရုံ ၃၀၀၇ ရုံမှာ ပြန်ဖွင့်တဲ့ စက်ရုံ ၂၈၀၀ ကျော် ရှိနေပါတယ်။ ဒါက အေအဆင့်စက်ရုံတွေဖြစ်ပြီး ချက်ချင်းပြန်ဖွင့်နိုင်တဲ့ စက်ရုံတွေ ဖြစ်ပါတယ်။ အဲဒီစက်ရုံတွေထဲမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းက စက်ရုံ ၂၆၀၂ ရုံ ပါဝင်နေပါတယ်။ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက စက်ရုံ ၇၂၄ ရုံ ပါဝင်ပါတယ်။ အဲဒီစက်ရုံတွေက အလုပ်သမားတွေကတော့ လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်နေကြပြီး စက်ရုံလည်း ထုတ်လုပ်မှု စွမ်းအားတွေနဲ့အတူ ပုံမှန်လည်ပတ်နေကြပြီ ဖြစ်ပါတယ်။

## ခွင့်ပြုချက်နဲ့ စက်ရုံပြန်ဖွင့်

ဒီလို စက်ရုံတွေကို ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်တဲ့ ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်တွေနဲ့အညီဆိုရင် စစ်ဆေးရေးအဖွဲ့တွေက စိစစ်ပြီးနောက် ချက်ချင်း စက်ရုံပြန်ဖွင့်လို့ ရပါတယ်။ ဒါက အေအဆင့်လို့ သတ်မှတ်တဲ့ စက်ရုံတွေဖြစ်ပါတယ်။ ဘီအဆင့်က ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်အချို့ အနည်းငယ်ပြင်ဆင်တာတွေ လုပ်ဆောင်ရမယ်။ အဲဒါတွေပြီးရင် စစ်ဆေးရေးအဖွဲ့တွေရဲ့ ခွင့်ပြုချက်နဲ့ စက်ရုံပြန်ဖွင့်လို့ရတဲ့ အဆင့်ဖြစ်ပါတယ်။

စီအဆင့် စက်ရုံတွေကတော့ စစ်ဆေးရေးအဖွဲ့ရဲ့ အကြံပြုချက်တွေနဲ့ ကိုက်ညီအောင် ပြန်လည်ပြင်ဆင်ပြီးနောက် စစ်ဆေးရေးအဖွဲ့တွေက နောက်တစ်ကြိမ် စစ်ဆေးခံဖို့ လိုအပ်တဲ့ စက်ရုံအမျိုးအစားတွေ ဖြစ်ပါတယ်။

*အချပ်ပို(ဂ) သို့*

# သီလဝါအထူးစီးပွားရေးဇုန်နဲ့ ဂျပန်အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်း

ဇင်လင်းမြင့်

နံနက်ခင်း နေရောင်ဖြာဝေကျဆင်းမှုကြောင့် သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများရဲ့မြင်ကွင်းက ထင်ထင်လင်းလင်း ရှိနေပါတယ်။ ရန်ကုန်မြို့ရဲ့ တစ်ခုတည်းသော အထူးစီးပွားရေးဇုန်ဖြစ်သလို မြန်မာနိုင်ငံရဲ့ အဖွံ့ဖြိုးအတိုးတက်ဆုံး အထူးစီးပွားရေးဇုန်လည်းဖြစ်ပါတယ်။ ဒီအထူးစီးပွားရေးဇုန်မှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံတွေနဲ့ စီးပွားရေးလုပ်ငန်းတွေ အတော်များများဟာလည်း လည်ပတ်နေကြဖြစ်တာမို့ သီလဝါအထူးစီးပွားရေးဇုန်ဟာ ရန်ကုန်မြို့သာမကဘဲ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တွန်းအားတစ်ခုအဖြစ် တဖြည်းဖြည်း ဖြစ်တည်လာနေပါတယ်။ ဒီလိုအခြေအနေတွေနဲ့အတူ လာမယ့် ၂၀၂၇ ခုနှစ်မှာ အသက်ဝင်လာဖို့ရှိတဲ့ ဂျပန်နိုင်ငံရဲ့ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်း ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဟာ သီလဝါအထူးစီးပွားရေးဇုန်အနေနဲ့ အခြေခံကျတဲ့ နေရာတစ်ခုအဖြစ် တည်ရှိလာမှာ ဖြစ်ပါတယ်။

## အာဆီယံမြောက်ပိုင်း ငါးနိုင်ငံကို ချိတ်ဆက်

မြန်မာနိုင်ငံစီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအများအပြားမှာ ကူညီမှုတွေ အများဆုံးပေးနေတဲ့ ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံကို အခြေပြုပြီး အာဆီယံမြောက်ပိုင်း ငါးနိုင်ငံကို ချိတ်ဆက်ကာ စီးပွားရေးစင်္ကြံနှစ်ခုဖြစ်တဲ့ အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းနဲ့ တောင်ပိုင်းစီးပွားရေး စင်္ကြံလမ်းတွေကို အကောင်အထည်ဖော်ပြုလုပ်နေပြီဖြစ်ပါတယ်။

သီလဝါအထူးစီးပွားရေးဇုန်ဟာ ရန်ကုန်မြို့ရဲ့ အရှေ့တောင်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာမှာ တည်ရှိပြီး ဇုန်ရဲ့ စုစုပေါင်း အကျယ်အဝန်းဟာ ဟက်တာပေါင်း ၂၄၀၀ ခန့် ရှိပါတယ်။ စီမံကိန်းအပိုင်း(၁)အတွက် ဟက်တာ ၄၀၀ ခန့်ရှိပြီး စီမံကိန်းအပိုင်း(၂)အတွက် ဟက်တာ ၂၀၀၀ ခန့် ကျယ်ဝန်းပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်ကို မြန်မာနဲ့ ဂျပန်နှစ်နိုင်ငံအစိုးရနဲ့ နှစ်နိုင်ငံကုမ္ပဏီတွေက စုပေါင်းအကောင်အထည်ဖော်ခဲ့ကြတာ ဖြစ်ပါတယ်။

## JICA ရဲ့ ထည့်ဝင်မြှုပ်နှံမှုတွေပါဝင်

ဒီလို အကောင်အထည်ဖော်ကြတဲ့အခါ မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေးလီမိတက်(MJTD)ကို ၂၀၁၃ ခုနှစ် အောက်တိုဘာလမှာ ထူထောင်ခဲ့ကြပါတယ်။ MJTD ဟာ မစ်ဆူဘီရှိ၊ မာရူဘီ၊ ဆုမိတိုမို သီလဝါဖွံ့ဖြိုးတိုးတက်ရေးလီမိတက် (MMST)၊ မြန်မာသီလဝါအထူးစီးပွားရေးဇုန်ရင်းနှီးတည်ထောင်ရာမှာ ပါဝင်တဲ့ အများပိုင်ကုမ္ပဏီ (MTSH) နဲ့ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ (TSMC) တို့ ပါဝင်ပြီး သီလဝါမှာ စက်မှုလက်မှုလုပ်ငန်းနေရာတွေ တည်ဆောက်ဖော်ဆောင်တာ၊ ရောင်းချတာနဲ့ ဖွင့်လှစ်တာတွေပြုလုပ်ဖို့ ရည်ရွယ်ချက်နဲ့ထားတဲ့ ကုမ္ပဏီဖြစ်ပါတယ်။ MJTD မှာ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ရဲ့ ထည့်ဝင်မြှုပ်နှံမှုတွေလည်း ပါဝင်ထားပါတယ်။

အခုဆိုရင် သီလဝါအထူးစီးပွားရေးဇုန်မှာ နိုင်ငံပေါင်း ၁၈ နိုင်ငံကျော်မှ ကုမ္ပဏီပေါင်း ၁၀၀ ကျော်တို့က ရင်းနှီးမြှုပ်နှံလျက်ရှိပြီး စက်ရုံပေါင်း ၇၂ ရုံကျော်က စီးပွားဖြစ်လည်ပတ်လျက်ရှိကာ ရင်းနှီးမြှုပ်နှံမှုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကျော် ရှိနေပြီဖြစ်တယ်လို့ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

## အလုပ်အကိုင်အခွင့်အလမ်းတွေ များလာ

ဒီလို စီးပွားရေးလုပ်ငန်းတွေ၊ စက်ရုံ အလုပ်ရုံတွေ လည်ပတ်နေပြီဖြစ်တဲ့ သီလဝါအထူးစီးပွားရေးဇုန်ကြောင့် ရန်ကုန်မြို့ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းလာသလို လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း များလာပါတယ်။ ဒီလိုအခြေအနေတွေကြောင့် ရန်ကုန်မြို့ သီလဝါအထူးစီးပွားရေးဇုန်ကို အခြေပြုမှုတစ်ခုအနေနဲ့ ဂျပန်နိုင်ငံရဲ့ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်း ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းက အသက်ဝင်လာဖို့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

## အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်း

အဲဒီစီမံကိန်းဟာ ရန်ကုန်မှာရှိတဲ့ သီလဝါအထူးစီးပွားရေးဇုန်၊ ပဲခူး၊ မော်လမြိုင်တို့က တစ်ဆင့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတွေကို ဖြတ်ပြီး ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့အထိ ဆက်သွယ်မယ့် စင်္ကြံလမ်း ဖြစ်ပါတယ်။ အဲဒီစင်္ကြံလမ်းဟာ ရန်ကုန်-မော်လမြိုင်လမ်းပေါ်မှာရှိတဲ့ စစ်တောင်းမြစ်ကူးတံတားကိုလည်း ဖြတ်သန်းမှာဖြစ်တာမို့ တံတားတည်ဆောက်မှုက ၂၀၂၆-၂၀၂၇ ခုနှစ်လောက်မှာပြီးရင်တော့ အရှေ့အနောက်စီးပွားရေးစင်္ကြံလမ်းဟာ ပိုမိုမြန်ဆန်လာမှာ ဖြစ်ပါတယ်။

ဂျပန်ရဲ့ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းဟာ သီလဝါအထူးစီးပွားရေးဇုန်က အခြေခံကျပြီး ရန်ကုန်မြို့မှာ တည်ဆောက်ဖို့ရှိနေတဲ့ ရန်ကုန်မြို့ အပြင်ပတ်လမ်း ပြီးစီးရင်တော့ အဲဒီလမ်းနဲ့ ချိတ်ဆက်ကာ လမ်းတစ်လျှောက်မှာ စက်မှုဇုန်တွေ ထပ်မံပေါ်ပေါက်လာဖို့လည်း ရှိနေပါတယ်။ အာဆီယံနိုင်ငံအချို့ကို ဖြတ်သန်းသွားမယ့် ဂျပန်ရဲ့ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်း ဖြစ်တာမို့ မြန်မာနိုင်ငံအတွင်း ဖြတ်သန်းရာ မြို့ကြီးတွေရဲ့ ဝန်းကျင်မှာ စက်မှုဇုန်တွေ၊ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ ထပ်မံပေါ်ထွက်လာဖို့ ရှိနေမှာ ဖြစ်ပါတယ်။

## ထားဝယ်အထူးစီးပွားရေးဇုန်ကို ချိတ်ဆက်ဖို့ရှိ

တောင်ပိုင်းစီးပွားရေး ဖြတ်လမ်းကတော့ မြန်မာနိုင်ငံ ထားဝယ်မြို့မှ စတင်မှာဖြစ်ပြီး ထိုင်းနိုင်ငံ ဗန်ကောက်မြို့၊ ကမ္ဘောဒီးယားနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တို့နဲ့ ချိတ်ဆက်ရန် ဖြစ်တယ်လို့ ဆိုပါတယ်။ ဒီစီးပွားရေးဖြတ်လမ်းကလည်း အာဆီယံနိုင်ငံအချို့နဲ့ မြန်မာနိုင်ငံတောင်ပိုင်း ထားဝယ်အထူးစီးပွားရေးဇုန်ကို ချိတ်ဆက်ဖို့ရှိနေတဲ့ လမ်းကြောင်းဖြစ်ပါတယ်။

ဒီလိုဂျပန်နိုင်ငံရဲ့ အရှေ့အနောက်စီးပွားရေးစင်္ကြံလမ်းနဲ့ ဆက်စပ်နေတဲ့ စစ်တောင်းတံတားသစ်ကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICA) က တည်ဆောက်နေတာ ဖြစ်ပါတယ်။ ဒါ့အပြင် ဂျိုင်း-ကော့ကရိတ်တံတား၊ ဂျိုင်း-ဇာသပြင်တံတားနဲ့ အတ္တရံမြစ်ကူးတံတားတွေကိုလည်း ဂျပန်နိုင်ငံချေးငွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လမ်းတွေ၊ တံတားတွေ တည်ဆောက်မှုဟာ လာမယ့် ၂၀၂၇ ခုနှစ်ခန့်ဆိုရင်တော့ အခက်အခဲ တစ်စုံတစ်ရာမရှိရင် ရုပ်လုံးပေါ်လာမယ့် အနေအထားရှိပါတယ်။

အဲဒီလို စီးပွားရေးစင်္ကြံလမ်းနဲ့ ဆက်စပ်နေတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေမှာ ဒေသအသီးသီးလူငယ်တွေ၊ နယ်ပယ်အသီးသီးက ပြည်သူတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ၊ စီးပွားရေးအခွင့်အလမ်းတွေ ရရှိဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။ ဒီလို စီးပွားရေးစင်္ကြံလမ်း ဖြတ်သန်းပေါ်ထွက်လာမှုကြောင့် ဒေသဖွံ့ဖြိုးရေးတွေလည်း တစ်ဆက်စပ်တည်း ဖြစ်ထွန်းပေါ်ပေါက်လာဖို့လည်း ရှိနေမှာဖြစ်ပါတယ်။

## နိုင်ငံတကာ စီးပွားရေးမြို့တော်ကြီး

ရန်ကုန်မြို့ရဲ့ သီလဝါအထူးစီးပွားရေးဇုန်ဟာ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ကောင်းလာတာနဲ့အမျှ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းပေါ်ထွက်လာမှာဖြစ်တာမို့ ရန်ကုန်မြို့ဟာ နိုင်ငံတကာ စီးပွားရေးမြို့တော်ကြီးတစ်ခုလို ပီပီပြင်ပြင် ပေါ်ထွက်လာမှာဖြစ်တဲ့အပြင် စီးပွားရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေ အများအပြားလည်း ဖြစ်ထွန်းထွက်ပေါ်လာမှာဖြစ်တယ်လို့ ယုံကြည်မှုရှိနေတာတော့ အမှန်ပါပဲ။ ။



*အချပ်ပို ( ခ ) မှ*

ရန်ကုန်မှာတော့ လှိုင်သာယာမြို့နယ်နဲ့ ရွှေပြည်သာမြို့နယ်တွေမှာရှိတဲ့ စက်မှုဇုန်တွေရဲ့ အထည်ချုပ်စက်ရုံတွေ အများစု ပြန်ဖွင့်နိုင်ကြပြီဖြစ်တာမို့ အလုပ်သမားအများစုရဲ့ အလုပ်ရော ဝင်ငွေအတွက်ပါ စိတ်ပူပန်မှု လျော့ကျသွားစေခဲ့ပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အထည်ချုပ်စက်ရုံအများစုကလည်း လှိုင်သာယာနဲ့ ရွှေပြည်သာမြို့နယ်တွေမှာရှိပြီး အထည်ချုပ်အလုပ်သမား စုစုပေါင်း ၆ သိန်းခန့်ရှိတယ်လို့ ဆိုပါတယ်။

## ပြန်လည်စိစစ်မှုတွေ ပြုလုပ်

"ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ အကြံပြုချက်ကို လိုက်နာဖို့ ပျက်ကွက်တဲ့ စက်ရုံအချို့ရှိနေပါတယ်။ တိုင်တန်းတာတွေလည်း ရှိနေပါတယ်။ စက်ရုံတွေကို ပြန်လည်စစ်ဆေးပေးဖို့ ပြောရတာတွေလည်း ရှိနေပါတယ်" လို့ လှိုင်သာယာမြို့နယ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူက ပြောပါတယ်။ အချို့စက်ရုံတွေကက စစ်ဆေးရေးအဖွဲ့ လာစစ်စဉ်က သတ်မှတ်ချက်ကိုက်ညီအောင် လုပ်ဆောင်ထားပေမယ့် နောက်ပိုင်းမှာ မူလအတိုင်း ပြန်ဖြစ်သွားတာတွေလည်း ရှိနေတာမို့ ပြန်လည်စိစစ်မှုတွေ ပြုလုပ်ဖို့ ဆောင်ရွက်နေပါတယ်။

"ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာ ယာယီပိတ်ထားတဲ့ စက်ရုံတွေရှိသလို အပြီးပိတ်သွားတဲ့ စက်ရုံတွေလည်း ရှိပါတယ်။ ဒါ့အပြင် အလုပ်သမားအင်အားတွေလျော့တဲ့ စက်ရုံတွေလည်း ရှိပါတယ်" လို့ ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်က ပြောပါတယ်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ကုန်ကြမ်းပြတ်လပ်မှု၊ ကုန်ချောတင်ပို့မှု အခက်အခဲရှိတဲ့ စက်ရုံတွေက ယာယီပိတ်တဲ့ စက်ရုံတွေဖြစ်ပါတယ်။ အခြေအနေတွေ ပြန်တည်ငြိမ်ရင်တော့ စက်ရုံပြန်ဖွင့်ဖို့ရှိတဲ့ အနေအထားဖြစ်ပါတယ်။

## အမျိုးသမီးငယ်ဦးရေက အများဆုံးဖြစ်

ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန် ၂၉ ဇုန်နဲ့ အထူးစီးပွားရေးဇုန်တစ်ခု တည်ရှိနေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ စက်မှုဇုန်တွေမှာရှိတဲ့ အထူးသဖြင့် အထည်ချုပ်စက်ရုံတွေမှာတော့ မမြဝင်းတို့လို ကျေးလက်ဒေသအသီးသီးက ရန်ကုန်မြို့ကို လာရောက်ပြီး အထည်ချုပ်စက်ရုံတွေမှာ လုပ်ကိုင်နေတဲ့ အမျိုးသမီးငယ်တွေ ဦးရေက အများဆုံးဖြစ်ပါတယ်။


"စက်ရုံတွေ စစ်ဆေးမှုကတော့ မေ ၁၅ ရက်အထိ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တတ်နိုင်သလောက် လုပ်နေပါတယ်။အဓိကကတော့ ကျန်းမာရေးဦးစီးဌာနက သတ်မှတ်ချက်တွေနဲ့ ကိုက်ညီတယ်ဆိုရင် စက်ရုံဖွင့်လို့ရအောင် စစ်ဆေးနေပါတယ်"လို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ပြောထားပါတယ်။

## သတ်မှတ်စည်းကမ်းတွေနဲ့အညီ လိုက်နာ

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာတော့ အချို့စက်ရုံတွေ ပြန်လည်စစ်ဆေးဖို့ လိုအပ်တာတွေ ရှိနေပေမယ့် စက်ရုံအတော်များများကတော့ သတ်မှတ်စည်းကမ်းတွေနဲ့အညီ လိုက်နာကာ ပြန်လည်ဖွင့်လှစ်လည်ပတ်နေကြပြီဖြစ်ပါတယ်။ တကယ်တော့ မြန်မာနိုင်ငံရဲ့ အထည်ချုပ်လုပ်ငန်းကနေပြီး တင်ပို့မှုကို ကြည့်ရင် ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၄ ရက်အထိ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ ရှိနေတာမို့ ယခင်နှစ်အလားတူ ကာလကထက် အမေရိကန်ဒေါ်လာ သန်း ၁၂၀ ပိုခဲ့တယ်လို့ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ စာရင်းအင်းတွေမှာ ဖော်ပြထားပါတယ်။

## ၉၅ ရာခိုင်နှုန်းခန့်ရှိနေ

နိုင်ငံရဲ့ ဝင်ငွေကို တစ်ဖက်တစ်လမ်းက အားဖြည့်ပေးနေတဲ့ အထည်ချုပ်လုပ်ငန်းမှာ အလုပ်သမား ခြောက်သိန်းကျော် ဝင်ရောက်လုပ်ကိုင်နေပြီး အဲဒီထဲမှာ အမျိုးသမီးအလုပ်သမား အင်အားက ၉၅ ရာခိုင်နှုန်းခန့် ရှိနေပါတယ်။ ဒီလိုအခြေအနေတွေကြောင့် အထည်ချုပ်လုပ်ငန်းအများစု တည်ရှိရာ ရန်ကုန်မြို့မှာတော့ စစ်ဆေးမှု၊ ခွင့်ပြုမှုတွေနဲ့အတူ အထည်ချုပ်စက်ရုံတွေ တဖြည်းဖြည်းနဲ့ ပြန်လည်ဖွင့်လှစ်နေပြီဖြစ်လို့ စက်ရုံ၊ အလုပ်ရုံတွေမှာ လှုပ်ရှားသက်ဝင်မှုတွေ ရှိနေပြီဖြစ်ပါတယ်။ ။



# အဆိုးထဲက အကောင်းတစ်ခု ရန်ကုန်မြို့က လေထု

**တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ – တင်ဝင်းတင်**

> **"ဧပြီလလယ်မှ လအကုန်အထိ တိုင်းတာမှုပြုရာ၌ ဆယ်နှစ်နောက်ပိုင်း တစ်ခါမှ မကြုံတွေ့ခဲ့ရသော အဆင့်သို့ ရောက်ရှိလာခဲ့၊ ၄၅ မှ ၅၀ အကြား အစိမ်းရောင်အဆင့်ဟု သိရ"**

အဆိုးနှင့် အကောင်း ဖြစ်စဉ်တို့သည် အမြဲဒွန်တွဲဖြစ်ပေါ်နေတတ်သည်ဟု လောကနိယာမ တရားအရဆိုဆို၊ ဗုဒ္ဓတရားတော်နှင့် ကျိုးကြောင်းပြဆိုဆို မလွဲသောတရားများ ဖြစ်သည်။

ဒါ့ကြောင့် လူတို့ဝန်းကျင်၌ဆိုတတ်ကြသည် "အဆိုးကြီးပဲ အမြဲမလာပါဘူးကွာ၊ အကောင်းလည်း တစ်လှည့်လာတတ်ပါတယ်"ဟု ရည်ညွှန်းစကား ဆိုတတ်ကြပါသည်။

ယနေ့ ကမ္ဘာကြီး ဖျားနာနေသည်။ ကမ္ဘာကြီးမှ တစ်စိတ်တစ်ပိုင်းဖြစ်သော မြန်မာနိုင်ငံဆီသို့လည်း အဖျားရောဂါကူးစက်ခံနေရသည်။ သို့သော် အခြားအခြားသော နိုင်ငံကြီးများကဲ့သို့ အဖျားအပူချိန် လွန်စွာမြင့်မားခြင်းမရှိဘဲ အဖျားငွေ့ငွေ့လေးမျှသာ ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

## ဖြစ်စဉ်တို့ကို လေ့လာသင်ခန်းစာယူ

ဤသည်ကလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဦးဆောင်လမ်းညွှန်မှု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကျိုးအကြောင်း အမြော်မြင်ရှိရှိနှင့် အခြားနိုင်ငံများမှ ဖြစ်စဉ်တို့ကို လေ့လာသင်ခန်းစာယူ၍ ကြိုတင်ပြင်ဆင် ကာကွယ်နိုင်ခြင်းတို့ကြောင့်ပင်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

အထက်ကဆိုသကဲ့သို့ မြန်မာနိုင်ငံသည် အဖျားငွေ့ငွေ့လေးရှိနေသည်ဟု ဆိုသော်လည်း ရန်ကုန်မြို့ကြီးသည် အခြားတိုင်းဒေသကြီး ၊ ပြည်နယ်များထက် အပူချိန်မြင့်၍ နေသည်။ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု အရေအတွက် အများဆုံးရပ်ဝန်းအဖြစ် ရပ်တည်နေသည်။

ကိုဗစ်–၁၉ မဖြစ်ပွားမီကာလက ရန်ကုန်မြို့၏ လေထုသန့်စင်မှုအရည်အသွေးအညွှန်းကိန်းကို ပြန်ကြည့်သော် ဇန်နဝါရီမှ ဖေဖော်ဝါရီအတွင်း၌ ၁၀၁ မှ ၁၅၀ အကြား လိမ္မော်ရောင်အဆင့်၌ ရှိနေသည်ဟု ထုတ်ပြန်မှုအရ သိရသည်။ ထိုအဆင့်သည် ကိုယ်ခံအားနည်းသူတို့အဖို့ ထိခိုက်စေနိုင်သော အဆင့်ဖြစ်သည်ဟု သိရသည်။

လေထုအရည်အသွေးကို အစိမ်းရောင်အဆင့်၊ အဝါရောင်အဆင့်၊ လိမ္မော်ရောင်အဆင့်၊ အနီရောင်အဆင့်၊ ခရမ်းရောင်အဆင့်၊ နီညိုရောင်အဆင့်ဟု ခြောက်ရောင်ခွဲခြားထားသည်ကို တွေ့ရသည်။

## လေထုညစ်ညမ်းမှုအနည်းငယ်ရှိ

လေထုအရည်အသွေးအညွှန်းကိန်းများဟုဆိုရာ၌ ၀ မှ ၅၀ အထိကို အစိမ်းရောင်အဆင့် သန့်စင်သောလေထု(ညစ်ညမ်းမှုမရှိ)ဟုဆိုသည်။ ၅၀ မှ ၁၀၀ အထိကို အဝါရောင်အဆင့် လေထုညစ်ညမ်းမှုအနည်းငယ်ရှိပြီး ကိုယ်ခံအားကောင်းသူတို့အတွက် စိုးရိမ်စရာအကြောင်းမရှိဟု သိရသည်။

၁၀၀ မှ ၁၅၀ အကြားသည် လိမ္မော်ရောင်အဆင့်၊ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်အားနည်းသူတို့အဖို့ ကျန်းမာရေးအရထိခိုက်နိုင်စရာရှိသော်လည်း စိုးရိမ်စရာအဆင့်သို့ ရောက်ပြီဟုမဆိုနိုင်ဟု သိရသည်။

၁၅၀ မှ ၂၀၀ ကို အနီရောင်အဆင့်ဟု သတ်မှတ်၍ ထိုလေကို ရှူရှိုက်ရသူများအဖို့ ကျန်းမာရေးထိခိုက်နိုင်ဖွယ် အကြောင်းများ ရှိလာပြီဟု သိရသည်။ ထို့ထက် ကိုယ်ခံအားနည်းသူတို့အဖို့ ပို၍ထိခိုက်လွယ်သော အခြေအနေဟု သတ်မှတ်ထားသည်။

## ကျန်းမာရေးထိခိုက်လာနိုင်

၂၀၁ မှ ၃၀၀ အထိ ခရမ်းရောင်အဆင့်ဟု သတ်မှတ်ပြီး ကျန်းမာရေးခေါင်းလောင်းအသံမြည်လာပြီဟု ဆိုရမည်ဖြစ်သည်။ လူတိုင်းအတွက် ကျန်းမာရေးထိခိုက်လာနိုင်သော အဆင့်ဖြစ်သည်ဟု သိရသည်။

၃၀၁ မှ ၅၀၀ သည် နီညိုရောင် နောက်ဆုံးအဆင့်ဖြစ်သည်။ ကျန်းမာရေးအတွက် အရေးပေါ် သံချောင်းခေါက်ရမည့် အခြေအနေဖြစ်သည်။ ပြည်သူအများ ကျန်းမာရေးထိခိုက်နိုင်ခြေအဆင့်သို့ ရောက်ရှိတော့မည်ဖြစ်သည်။ ဤသည်ကလည်း ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာဆိုသလိုဖြစ်သည်။

လေထုအရည်အသွေး တိုင်းတာမှုမှာ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ တိုင်းတာသကဲ့သို့ ပြင်ပမှ အဖွဲ့အစည်းအချို့ကလည်း တိုင်းတာထုတ်ပြန်မှုများရှိသည်။ တစ်ခါတစ်ရံ ကွဲပြားမှုများရှိနေသည်ကို တွေ့ရတတ်သည်။

## စည်ကားများပြားနေ

ဤသို့ အညွှန်းကိန်းများ သတ်မှတ်ထားရာတွင် ရန်ကုန်မြို့၌ ကိုဗစ်–၁၉ ရောဂါမဖြစ်ပွားမီ အနီးဆုံးလဖြစ်သည့် ဇန်နဝါရီ ၊ ဖေဖော်ဝါရီလအတွင်း၌ မြို့လယ်ကောင် မြို့တော်ခန်းမရှေ့ လိုင်းကားမှတ်တိုင်များ၊ ခန်းမဘေး(ဆူးလေဘုရားလမ်း) လိုင်းကားမှတ်တိုင်များနှင့် မဟာဗန္ဓုလပန်းခြံအတွင်းတို့၌ ခရီးသည်နှင့် အပန်းဖြေသူများ အစဉ်ထာဝရ စည်ကားများပြားနေခဲ့သည်။ လိုင်းကားကြီးများ မပြတ်တမ်း အဝင်အထွက်ရှိနေသည်။ အနီးဝန်းကျင်လမ်းများပေါ်၌ ကိုယ်ပိုင်ယာဉ်များ လမ်းအပြည့်မောင်းနှင်နေကြသည်။

လေထုထဲတွင် အမှုန်အမွှားများလွင့်စင်နေသည်။ မော်တော်ယာဉ်များက ထွက်ရှိနေသော ကာဗွန်ဒိုင်အောက်ဆိုက်များက လေထဲတွင် ပျံ့လွင့်နေသည်။ လေထုအရည်အသွေးကို စစ်ရာ၌ ၁၀၁ မှ ၁၅၀ အကြားရှိနေပြီး လိမ္မော်ရောင်အဆင့်၌ ရပ်တည်နေသည်။

တစ်ဖန် ကိုဗစ်–၁၉ ဖြစ်နေချိန် မတ်မှ ဧပြီအလယ်အထိ တိုင်းတာရာ၌ ၅၁ မှ ၁၀၀ အကြားရှိနေပြီး အဝါရောင်အဆင့်ဟု သိရသည်။

မြန်မာနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါပိုးများ တွေ့ရှိလာပြီး သက်ဆိုင်ရာဌာနတို့မှ ဒေသန္တရအမိန့်၊ ကျန်းမာရေးဌာန၏ ညွှန်ကြားချက်များကြောင့်လည်းကောင်း၊ ရောဂါအပေါ် အကြောက်တရားတို့ကြောင့် လည်းကောင်း လမ်းမကြီးများပေါ်တွင် အသွားအလာများ လုံးဝနီးနီး ရပ်ဆိုင်းသွားခဲ့သည်။ လိုင်းကားများ အစီးရေကန့်သတ်မှုရှိလာသည်။ ကိုယ်ပိုင်ယာဉ်များ မဖြစ်မနေမှ ထွက်လာသည်။ နိစ္စဓူဝ ကားများဖြင့် အစဉ်ရှုပ်ထွေးနေသော ဆူးလေဘုရားလမ်း၊ အနော်ရထာလမ်းမကြီးများပေါ်တွင် မော်တော်ယာဉ်တစ်စီးတလေမျှပင် မတွေ့ရအောင် ရှင်းလင်းနေသည်ကို မိတ်ဆွေအချို့၏ လူမှုကွန်ရက်စာမျက်နှာများအပေါ်၌ တွေ့မြင်လိုက်ရသည်။

## အစိမ်းရောင်အဆင့်ဟု သိရ

ထိုအချိန်၌ ရန်ကုန်မြို့၏ လေထုအရည်အသွေးသည် သန့်စင်သောအဆင့်ဆီသို့ ရောက်ရှိလာသည်ကို တွေ့ရသည်။ ဧပြီလလယ်မှ လအကုန်အထိ တိုင်းတာမှုပြုရာ၌ ဆယ်နှစ်နောက်ပိုင်း တစ်ခါမှ မကြုံတွေ့ခဲ့ရသော အဆင့်သို့ ရောက်ရှိလာခဲ့သည်။ ၄၅ မှ ၅၀ အကြား အစိမ်းရောင်အဆင့်ဟု သိရသည်။

အဆိုးထဲက အကောင်းသို့ဟု ဆိုရမည်ဖြစ်သည်။ ရန်ကုန်မြို့ လူထုကျန်းမာရေးအတွက် ရလဒ်ကောင်းတစ်ခုဖြစ်သည်။

ထိုမှတ်တမ်း မည်မျှကြာကြာခိုင်မြဲစွာ ရှိနေမည်ကို ဆန်းစစ်မိသည်။ စာရေးသူတို့ မြန်မာလူမျိုးများသည် များသောအားဖြင့် ကောက်ရိုးမီးပမာဟု ပမာပြုလိုသည်။ အစတွင်သာ လိုက်နာမှုအားကောင်းကြပါသည်။ အချိန်ကာလ အများကြီးမဟုတ်ပါ၊ နည်းနည်းလေးကြာလာသည်နှင့်အမျှ လျော့နည်းလာတတ်ကြပါသည်။

သတ်မှတ်ချိန်မစေ့မီ လူအများအပြား လမ်းပေါ်သို့ထွက်လာ ကြသည်။ တော်တော်များများ နှာခေါင်းစည်းတပ်ခြင်းမှ ရှောင်လွဲလာကြသည်။ အချို့ တပ်တော့တပ်ပါ၏ နှာခေါင်းနှင့် ပါးစက်ကို မအုပ်ကြပါ။ မေး၌ ချိတ်ဆွဲထားကြသည်။ ဈေးများ၌ တိုး၍ သွားလာဝယ်ယူ နေကြသည်။ ဈေးရောင်းသူ အများအပြား နှာခေါင်းစည်း လုံးဝမတပ်ကြပါ။ ယခင်လို ဈေးအတွင်း၌ ဈေးတာဝန်ခံများက အသိပေးနှိုးဆော်မှုများ ဝါယမ မစိုက်ကြတော့သည်ကို တွေ့လာရသည်။ ကိုယ်ပိုင်ယာဉ်များ ကိုဗစ်–၁၉ မဖြစ်ခင်ကကဲ့သို့ အသွားအလာများပြားလာနေပြီ ဖြစ်သည်။

သို့အတွက် ရန်ကုန်လေထုအညွှန်းကိန်းဂဏန်းများ ပြန်လည်မြင့်တက်လာဦးမည်ဟု မှန်းဆမိသည်။ အစိမ်းရောင်မှသည် အခြားသော တစ်ရောင်ဆီသို့ ဦးတည်သွားမည်ကို စိုးရိမ်မိသည်။

## အသက်ရှည်စွာနေထိုင်နိုင်

လူသည် လေကိုရှူရှိုက်၍ အသက်ရှင်နေထိုင်ရသူဖြစ်သည်။ အရည်အသွေးကောင်းသော လေကို ရှူရှိုက်မှသာလျှင် ကျန်းမာရေးကောင်းမည်ဖြစ်သည်။ ကျန်းမာရေးကောင်းမှသာလျှင် အသက်ရှည်စွာ နေထိုင်နိုင်ကြမည်ဖြစ်သည်။

သို့အတွက် လေအရည်အသွေး အရည်ကောင်းမွန်စေရေး အဓိက ရန်ကုန်မြို့နေပြည်သူအများ ဝိုင်းဝန်းစောင့်ရှောက်ပေးဟု အသိပေးနှိုးဆော်ရေးသားလိုက်ရပါသည်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

မြန်မာ့အလင်း
ဗုဒ္ဓဟူး၊ မေ ၁၃၊ ၂၀၂၀

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## မြို့တော်ရန်ကုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး

**တွေ့ဆုံမေးမြန်း - သီသီမင်း၊ ဓာတ်ပုံ - နေလင်း**

ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ တိုးတက်မြင့်မားရေး၊ ပြည်သူများ အလုပ်အကိုင်ရရှိရေးအတွက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ စက်မှုဇုန်အသစ်များ ပေါ်ထွန်းလာစေရေး၊ လျှပ်စစ်မီးရရှိရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စတုတ္ထ (၁) နှစ်တာကာလအတွင်း အစွမ်းကုန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဘက်စုံ ကဏ္ဍစုံ တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် အောင်မြင်မှုများရှိသကဲ့သို့ အခက်အခဲစိန်ခေါ်မှုများလည်း ရှိသည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စတုတ္ထ (၁) နှစ်တာကာလအတွင်း ပြည်သူများအတွက် ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည် -




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း

**မေး။ ။ရန်ကုန်တိုင်း ဒေသကြီးအတွင်း ရေကြီးရေလျှံမှုမဖြစ်အောင် ဆောင်ရွက်ထားရှိမှုကို သိပါရစေရှင့်။**

ဖြေ။ ။ရေကြီးရေလျှံမှုက နှစ်ပိုင်းရှိပါတယ်။

တစ်ပိုင်းက မြစ်၊ ချောင်းတွေရဲ့ ရေကြီးရေလျှံမှုကြောင့် ရေကြီးရတဲ့ကိစ္စတစ်ခုရှိပါတယ်။ နောက်တစ်ခုက စည်ပင်သာယာ ရေနုတ်မြောင်းတွေကြောင့် မိုးရွာတဲ့အချိန်မှာ ရေလျှံတဲ့အခြေအနေတစ်ခု ဖြစ်ပါတယ်။ ဒီအခြေအနေနှစ်ခုလုံးကို အတိုင်းအတာတစ်ခုအထိ ကျွန်တော်တို့ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ယခင်တုန်းက ရန်ကုန်တိုင်းဒေသကြီးက ရေကြီးရေလျှံတဲ့ တိုင်းဒေသကြီးတစ်ခုအဖြစ် ပါဝင်ခဲ့ရာကနေပြီး ၂၀၁၇-၂၀၁၈ နှစ်အတွင်းမှာ ပြုပြင်ပြောင်းလဲမှုတွေကြောင့် ယခုအချိန်မှာ ရေကြီးရေလျှံမှုဆိုးရွားတဲ့ တိုင်းဒေသကြီးထဲမှာ မရှိတော့ပါဘူး။ ထောက်ကြံ့နဲ့ လှည်းကူးဘက်တွေမှာ ရေကြီးရေလျှံမှုတွေ ရှိခဲ့ပါတယ်။ ချောင်း၊ မြောင်းတွေကြောင့် ရေကြီးရေလျှံမှုဖြစ်ပါတယ်။ တစ်ဖက်မှာ ရောဝတီမြစ်ကြောင့် အဖျောက်ဘက်မှာ ၂၀၁၆ ခုနှစ် မေ၊ ဇွန်နဲ့ ဇူလိုင် မိုးတွင်းမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ခဲ့ပါတယ်။

ဒီအခြေအနေတွေကို ထိန်းသိမ်းနိုင်ဖို့ ဘတ်ဂျက်အပေါ်မူတည်ပြီး ရေကြီးရေလျှံမှုကို ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ ရန်ကုန်မြို့မှာရှိတဲ့ ရေနုတ်မြောင်းတွေမှာ အမှိုက်ကင်းစင်အောင် ကြိုးစားနေပါတယ်။ ဒါပေမယ့် ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုရှိမှသာလျှင် ဒီကိစ္စက အောင်မြင်မှုပန်းတိုင်ကို ရောက်မှာဖြစ်ပါတယ်။ ယခုအချိန်အထိ အသိပညာပေးရင်း တစ်ဖက်ကလည်း အမှိုက်ကင်းစင်အောင် ဖြေရှင်းရင်းနဲ့ ဆောင်ရွက်နေပါတယ်။

မြောင်းတွေရဲ့ အကျယ်အဝန်းက ရန်ကုန်မြို့ပြနေထိုင်တဲ့ လူဦးရေနဲ့ ကိုက်ညီတဲ့ ရေနုတ်မြောင်းတွေအဖြစ် ပြုပြင်ပြောင်းလဲရမှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကမ္ဘာ့ဘဏ်ရဲ့ ချေးငွေ အမေရိကန်ဒေါ်လာသန်း ၇၀ ကျော်နဲ့ ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ဒီလိုနောက်ဖေးလမ်းကြားတွေမှာ အမှိုက်တွေကင်းစင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒါက ကျန်းမာရေးအတွက် အရေးကြီးတဲ့ အကြောင်းအရာ (Issue) တစ်ခု ဖြစ်ပါတယ်။ နောက်ဖေးလမ်းကြားမှာရှိတဲ့ ရေနုတ်မြောင်းတွေ ကောင်းမွန်ဖို့အတွက် မိလ္လာစနစ်နဲ့ ပတ်သက်ပြီး လေ့လာဆန်းစစ်မှုကို (JICA) ရဲ့ (Master plan) တွေကို ဆောင်ရွက်နေပါတယ်။ နောက်ဖေးလမ်းကြားမှာရှိတဲ့ မိလ္လာစနစ်တွေကို ပြုပြင်ပြောင်းလဲဖို့အတွက် ကြိုးစားဆောင်ရွက်နေပါတယ်။

ဒါက ပြည်သူလူထုရဲ့ ကျန်းမာရေးအတွက် မဖြစ်မနေ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ မိတ်ဖက်အဖွဲ့အစည်းတွေဖြစ်တဲ့ ဒို့အိမ်လို အဖွဲ့အစည်းမျိုးတွေကနေပြီး ပြုပြင်ပြောင်းလဲမှုတွေမှာ ပါဝင်ဆောင်ရွက်ပေးတာတွေ ရှိပါတယ်။ ရန်ကုန်မြို့ရဲ့ အမှိုက်တွေနဲ့ ပတ်သက်ရင် (Clean Yangon) လို အဖွဲ့အစည်းမျိုးကနေ ရန်ကုန်မြို့ရဲ့ သန့်ရှင်းရေးပိုင်းတွေမှာ ပြည်သူလူထုနဲ့အတူ ပူးပေါင်းပါဝင်ပြီး ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရန်ကုန်မြို့ရဲ့ အမှိုက်စနစ်ကို ပိုကောင်းအောင် ကြိုးစားနေပါတယ်။ အမှိုက်နဲ့ပတ်သက်ရင်လည်း အမှိုက်ကို စနစ်တကျစွန့်ပစ်ဖို့လိုအပ်သလို နောက်ဆုံးအဆင့်မှာ အမှိုက်ကို စနစ်တကျ ဖျက်ဆီးပစ်နိုင်ဖို့အတွက် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး လေ့လာဆန်းစစ်မှုတွေကို ပိုလန်နိုင်ငံရဲ့ အကူအညီနဲ့ အမှိုက်ကို နောက်ဆုံးအမှိုက်ပုံမှာ စနစ်တကျ ဖျက်ဆီးပစ်နိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ အမှိုက်ပုံတွေက ပူပြင်းတဲ့ကာလတွေမှာ မီးလောင်ကျွမ်းမှုဖြစ်နိုင်ပါတယ်။

အမှိုက်ကို မီးရှို့ပြီး လျှပ်စစ်ထုတ်လုပ်နိုင်မှုကို ဘက်ပေါင်းစုံကနေ လေ့လာဆန်းစစ်ပြီး ကြိုးစားဆောင်ရွက်နေပါတယ်။ ထိန်ပင်အမှိုက်ပုံကို ပိုလန်နဲ့ဆောင်ရွက်ဖို့ သဘောတူညီပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာ ဒီကိစ္စနဲ့ပတ်သက်ပြီး ချေးငွေရယူရေး ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ မကြာခင် ဒီစနစ်တွေကို စနစ်တကျ အကောင်အထည်ဖော်သွားဖို့ ရှိပါတယ်။

*အချပ်ပို (ခ) သို့*



သန်လျင် သီလဝါ အဆင့်မြင့်လမ်းမကြီးကို တွေ့ရစဉ်။

> “ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးမှာ လမ်းပန်းဆက်သွယ်ရေးကောင်းဖို့၊ လမ်းတွေကို ပိုပြီး ပြည်သူလူထုတွေ သွားရေးလာရေး အဆင်ပြေချောမွေ့စေဖို့ လမ်းတွေ အရည်အသွေးကောင်းအောင် ကြိုးစားဆောင်ရွက်နေပါတယ်။ လမ်းပန်းဆက်သွယ်ရေးတွေမှာ အဓိက မြို့ချင်းဆက်ထားတဲ့ လမ်းမကြီးတွေ ကောင်းမွန်ဖို့၊ ရွာချင်းဆက်တဲ့ လမ်းတွေ ရှိနေနိုင်ဖို့နဲ့ ရာသီမရွေးသွားလာနိုင်တဲ့ လမ်းတွေဖြစ်အောင် အဆင့်မြှင့်တင်နိုင်ဖို့ဆိုတဲ့ ရည်မှန်းချက်တွေ ချပြီး ကြိုးပမ်းဆောင်ရွက်နေ”

*အချပ်ပို (က) မှ*

ရေစီးရေလာနဲ့ ပတ်သက်ရင် ရေနုတ်မြောင်းတွေဟာ ရန်ကုန်မြို့မှာ နေထိုင်တဲ့ ပြည်သူလူထုရဲ့ နေထိုင်မှုနဲ့ အရွယ်အစား ပမာဏ စနစ်တကျဖြစ်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ရန်ကုန်မြစ်၊ ပဲခူးမြစ်နဲ့ ငမိုးရိပ်ချောင်း သုံးခုဆုံတဲ့နေရာမှာ ရန်ကုန်မြို့က တည်ရှိနေတာဖြစ်ပါတယ်။ ဒါ့ကြောင့် ရန်ကုန်မြစ်ဟာ ပင်လယ်ထဲကို စီးဝင်သွားတဲ့နေရာမှာ ပင်လယ်ကနေ ဒီရေတက်တဲ့အချိန်ကာလတွေမှာ ရေကြီးရေလျှံမှုတွေကို ထိန်းနိုင်ဖို့ လိုပါတယ်။ စနစ်တကျ ရေကို စွန့်ပစ်နိုင်ဖို့အတွက် ပန့်စနစ်တွေကို တပ်ဆင်ဆောင်ရွက်သွားနိုင်ဖို့ လေ့လာဆန်းစစ်မှုတွေနဲ့အတူ ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ တည်ဆောက်ရေးကာလအတွက် လိုအပ်တဲ့ တင်ဒါခေါ်ယူမှု၊ အကြံပေးအဖွဲ့ခေါ်ယူမှု ဒါတွေကိုလည်း ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

**မေး။ ။လမ်းပန်းဆက်သွယ်ရေးနဲ့ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍတွေမှာ ဆောင်ရွက်နေမှုတွေကို သိချင်ပါတယ်ရှင့်။**

ဖြေ။ ။ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးမှာ လမ်းပန်းဆက်သွယ်ရေး ကောင်းဖို့၊ လမ်းတွေကို ပိုပြီး ပြည်သူလူထုတွေ သွားရေးလာရေး အဆင်ပြေချောမွေ့စေဖို့ လမ်းတွေ အရည်အသွေးကောင်းအောင် ကြိုးစားဆောင်ရွက်နေပါတယ်။ လမ်းပန်းဆက်သွယ်ရေးတွေမှာ အဓိက မြို့ချင်းဆက်ထားတဲ့ လမ်းမကြီးတွေ ကောင်းမွန်ဖို့၊ ရွာချင်းဆက်တဲ့ လမ်းတွေ ရှိနေနိုင်ဖို့နဲ့ ရာသီမရွေးသွားလာနိုင်တဲ့ လမ်းတွေဖြစ်အောင် အဆင့်မြှင့်တင်နိုင်ဖို့ဆိုတဲ့ ရည်မှန်းချက်တွေ ချပြီး ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ကို ပြည်သူလူထုက တာဝန်ပေးအပ်လိုက်တဲ့ အချိန်မှာ စပြီးပုံဖော်ခဲ့တဲ့ အဓိကရည်ရွယ်ချက်တွေက လမ်းပန်းဆက်သွယ်ရေး ကောင်းဖို့နဲ့ လျှပ်စစ်မီးပြည့်ပြည့်ဝဝရရှိဖို့ ပြည်သူလူထုကို ရေလုံလုံလောက်လောက် ပေးဝေနိုင်ဖို့ဆိုတဲ့ အစီအစဉ်တွေကို ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

မြို့ပြရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့အညီ ကျေးလက်ဒေသတွေ ဖွံ့ဖြိုးတိုးတက်ဖို့ လိုပါတယ်။ မြို့တော်စည်ပင်သာယာရေးနယ်မှာ ရှိတဲ့ မြို့နယ် ၃၃ မြို့နယ် ဖွံ့ဖြိုးတိုးတက်ဖို့၊ စည်ပင်သာယာနယ်နိမိတ်ပြင်ပမှာ ရှိနေတဲ့ မြို့နယ် ၁၂ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီညီနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့အတွက် လမ်းပန်းဆက်သွယ်ရေးကို ကောင်းမွန်အောင် ဆောင်ရွက်လာနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ပိုမိုကောင်းမွန်အောင် ဆက်လက်ပြီး ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ရန်ကုန်မြို့ရှိ နောက်ဖေးလမ်းကြား ဆောင်ရွက်ထားမှုကို ကြည့်ရှုစဉ်။

ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့နိုင်ဖို့ ယာဉ်ကြောကျွမ်းကျင် အင်ဂျင်နီယာတွေနဲ့ သေသေချာချာတွက်ချက်ပြီး လမ်းတွေကို ဒီဇိုင်းရေးဆွဲ ဆောင်ရွက်နေတဲ့အတွက် အတိုင်းအတာတစ်ခုထိ ပြေလည်မှုရပေမယ့် အလုံးစုံ ပြေလည်မှုအဆင့်အထိ မရရှိသေးပါဘူး။ မီးပွိုင့်တွေကို ပိုပြီးကောင်းနိုင်ဖို့အတွက် ကြိုးစားနေပါတယ်။ တစ်ဖက်ကလည်း အများပြည်သူ သယ်ယူပို့ဆောင်ရေး ကောင်းမွန်လာဖို့အတွက် ကြိုးစားဆောင်ရွက်နေပါတယ်။ မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ဖို့ကို ဆောင်ရွက်နေပါတယ်။ ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်ရေးအတွက် YBS ကနေပြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် ပိုမိုကောင်းမွန်တဲ့ စနစ်ဖြစ်ဖို့ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခုအချိန်မှာ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍကလည်း အတိုင်းအတာတစ်ခုအထိ ပြည်သူလူထုကို ဝန်ဆောင်မှုပေးနိုင်ခဲ့တဲ့ အခြေအနေတစ်ခု ရရှိနေပြီ ဖြစ်ပါတယ်။

သယ်ယူပို့ဆောင်ရေးနဲ့ ပတ်သက်ရင် လေးနှစ်တာကာလအတွင်းမှာ Taxi စနစ်ဟာ တော်တော်လေးကို စိန်ခေါ်မှုကြီးခဲ့တဲ့ အခြေအနေတစ်ခုဖြစ်ပါတယ်။ စီးသူရော၊ မောင်းသူရော လုံခြုံစိတ်ချရမှုကို စိန်ခေါ်နေသလိုမျိုး ကြုံနေရတဲ့ အခြေအနေကနေ ဆော့ဖ်ဝဲလ်စနစ်နဲ့ Taxi ကို စီးနိုင်တဲ့အခြေအနေတစ်ခုကို ပြုပြင်ပြောင်းလဲနိုင်ခဲ့ပါတယ်။ အွန်လိုင်းကနေ Taxi စီးဖို့ကို ဖန်တီးပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဒီကဏ္ဍတွေကို တိုးမြှင့်လိုက်တဲ့အတွက် အများပြည်သူသယ်ယူပို့ဆောင်ရေး YBS စနစ်ကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးနိုင်တဲ့ အခြေအနေအပေါ်မူတည်ပြီး နိုင်ငံခြားခရီးသွားဧည့်သည်တွေအတွက် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို စီးနင်းနိုင်မယ့် အခြေအနေတစ်ခု ဖန်တီးပေးနိုင်တာ ဖြစ်ပါတယ်။ မြို့ပြနေထိုင်သူတွေရဲ့ ဘဝကို သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ များစွာအထောက်အပံ့ ဖြစ်ပါတယ်။

ရန်ကုန်မှာ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို သုံးစွဲနေသူ ၂ ဒသမ ၅ သန်း ရှိပါတယ်။ နေ့စဉ် အပြင်ထွက်ပြီး အလုပ်လုပ်ကိုင်နေကြတဲ့သူတွေ ဖြစ်ပါတယ်။ ဒီလူတွေဟာ အများပြည်သူသယ်ယူပို့ဆောင်ရေး တစ်မျိုးမဟုတ်တစ်မျိုး စီးပြီးသွားနေရတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မြို့ပတ်ရထား၊ YBS နဲ့ Taxi စနစ်တွေကို စနစ်တကျချိတ်ဆက်ပြီး သယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍကို ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။အများပြည်သူ အနားယူအပန်းဖြေဖို့အတွက် ပန်းခြံတွေ ဆောင်ရွက်ထားမှုကို သိချင်ပါတယ်။**

ဖြေ။ ။ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်က လုပ်ဆောင်နေသလို ပြည်သူလူထု အနားယူအပန်းဖြေနိုင်ဖို့အတွက် ပန်းခြံတွေကို စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ပန်းခြံတွေကို ပိုပြီးကောင်းအောင် လုပ်ပေးခဲ့ပါတယ်။ ရန်ကုန်မြို့ပြမှာနေထိုင်တဲ့ ပြည်သူလူထုတွေရဲ့ ဘဝအမောတွေကို ယာယီအပန်းဖြေနိုင်ဖို့အတွက် ပန်းခြံတွေကို ပိုပြီးအဆင့်မြှင့်တင် ဆောင်ရွက်ပေးနေပါတယ်။

**မေး။ ။တိုင်းဒေသကြီးအတွင်းရှိ ဈေးတွေနဲ့ ညဈေးတန်းတွေကို အဆင့်မြှင့်တင်ဖို့ ဆောင်ရွက်နေတဲ့အပိုင်းကို သိပါရစေရှင့်။**

ဖြေ။ ။ညနေပိုင်းမှာ ညဈေးတန်းလိုနေရာမျိုးကို ထပ်မံအဆင့်မြှင့်တင်ဖို့ ကြိုးပမ်းနေပါတယ်။ ပထမတစ်ဆင့်က ညဈေးတန်းစဖွင့်ရတဲ့အချိန်တွေက အခက်အခဲတွေ အများကြီးရှိပါတယ်။ ပထမဆုံး ညဈေးတန်းကို စခဲ့ရတာက ရန်ကုန်မြို့ထဲမှာရှိနေတဲ့ လမ်းမပေါ်က ဈေးသည်တွေကို ညဈေးတန်း ရွှေ့ခဲ့ရပါတယ်။ ယခု ညဈေးတန်းကနေပြီး ပိုမိုကောင်းမွန်တဲ့ အဆင့်မြှင့်တင်နိုင်ရေးကို ဆောင်ရွက်မယ်။

ညဈေးတန်းမှာ အော်ပရေတာတစ်ယောက်ထားပြီး ဒီအော်ပရေတာကနေ ညဈေးတန်းကြီး သန့်ရှင်းသာယာလှပဖို့ အဘက်ဘက်ကနေ ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေဖြစ်နိုင်ဖို့ အစပျိုးကြိုးပမ်းဆောင်ရွက်မှုတစ်ခုကို စတင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းတွေကို စတင်နေပြီဖြစ်ပါတယ်။ နောက်ပိုင်း ကမ်းနားလမ်း ညဈေးတန်းဟာ ပိုပြီးသာယာတဲ့ ညဈေးတန်းတစ်ခု ဖြစ်လာတော့မှာပါ။

တစ်ဖက်ကလည်း ဘတ်ဂျက်ငွေ တိုးတက်ရရှိဖို့အတွက် လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လမ်းပန်းဆက်သွယ်ရေးတွေကောင်းဖို့နဲ့ လမ်းတွေ အဆင့်အတန်းမြှင့်တင်ဖို့ဆိုရင် ဘတ်ဂျက်တွေ လိုအပ်ပါတယ်။ ရေကြီးရေလျှံမှုပြဿနာတွေ ဖြေရှင်းမယ်ဆိုရင် ဘတ်ဂျက်လိုပါတယ်။ ဝင်ငွေမရှိဘဲနဲ့ တည်ဆောက်ရေး လုပ်လို့မရပါဘူး။ ဒီလုပ်ငန်းတွေကို ကျွန်တော်တို့ ငွေကျပ်ဘီလီယံ ၄၀၀ ကျော်လောက်နဲ့ စတင်ခဲ့ပြီး ယခု ငွေကျပ် ဘီလီယံ ၇၈၀ လောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ သုံးစွဲနေပါတယ်။

ဈေးတွေကို မကြာခင်မှာ အော်ပရေတာပေးပြီး စနစ်တကျဈေးတွေကို စီမံခန့်ခွဲဖို့အတွက် ကြိုးစားသွားမှာဖြစ်ပါတယ်။ ဈေးတွေက ညနေ ၅ နာရီလောက်ဆို ဈေးပိတ်တဲ့နေရာမှာ ဈေးပိတ်တဲ့အချိန်နဲ့ ရုံးဆင်းတဲ့အချိန်က တစ်ထပ်တည်းလို ဖြစ်နေတဲ့အတွက် လမ်းမပေါ်ကို လျှံထွက်လာတဲ့ အနေအထားမျိုး ဖြစ်နေပါတယ်။ ဒါကြောင့် ဈေးတွေကို စနစ်တကျ လည်ပတ်နိုင်ဖို့အတွက် ပုဂ္ဂလိကကဏ္ဍနဲ့ ပူးပေါင်းပြီး စနစ်တကျ ဝန်ဆောင်မှုပေးနိုင်ဖို့၊ ဈေးရဲ့ အချိန်တွေကို ပြည်သူလူထု ဝယ်ယူနိုင်တဲ့ အချိန်မျိုးဖြစ်နိုင်ဖို့နဲ့ လမ်းဘေးဈေးသည်တွေကို စနစ်တကျ ဈေးတွေထဲမှာ ရောင်းချတဲ့ ပုံစံတွေ ဖြစ်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒါလည်း စိတ်ဝင်စားသူတွေ ပါဝင်နိုင်ဖို့ EOI ခေါ်ထားပြီး ဖြစ်ပါတယ်။ မကြာခင် ဆောင်ရွက်သွားဖို့ ရှိပါတယ်။

**မေး။ ။လျှပ်စစ်ကဏ္ဍ ဆောင်ရွက်နေမှုကို သိချင်ပါတယ်။**

ဖြေ။ ။၂၀၂၀ ပြည့်နှစ်မှာ ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံး မီးလင်းဖို့ ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ တစ်နိုင်ငံလုံး မီးလင်းနိုင်တယ်ဆိုရင် ကျေးလက်ဒေသမှာရှိတဲ့ ပြည်သူတွေဟာ ကိုယ့်ရဲ့ရပ်ရွာမှာ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေလုပ်ပြီး နေထိုင်နိုင်တဲ့ ဘဝတွေဖြစ်ပြီး ကျေးလက်ဒေသတွေ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေဖို့ ဖြစ်ပါတယ်။ ဒါ့ပြင် ကျေးလက်ဒေသ ကိုယ်ထူကိုယ်ထမီးလင်းရေးအစီအစဉ်တွေကို ဖျက်သိမ်းခဲ့ပါတယ်။ ကိုယ်ထူကိုယ်ထမီးလင်းရေးဆိုတာ ပိုက်ဆံထည့်ဝင်နိုင်တဲ့သူသာ မီးလင်းနိုင်ပြီဆိုတဲ့ အခြေအနေမျိုးထက် နိုင်ငံတော်ကနေပြီး ပြည်သူလူထုတစ်ရပ်လုံးကို မီးလင်းရေး ဆောင်ရွက်ပေးတယ်ဆိုတဲ့ အစီအစဉ်ကို ရွှေ့ပြောင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၀ ပြည့် နှစ်ကုန်ပိုင်းမှာ ၁၀၀ ရာခိုင်နှုန်း တိုင်းဒေသကြီးတစ်ခုလုံး မီးလင်းရေးကို ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်နေတာ အဆင့်တစ်ဆင့်ကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။ ရည်မှန်းချက်ပန်းတိုင်ကိုရောက်အောင် ဆက်ပြီး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။


ရန်ကုန်မြို့ လျှပ်စစ်မီးလင်းရေးကိစ္စရပ်တွေကို ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ AMI မီတာစနစ် ပြောင်းလဲဖို့အတွက် ကြိုးစားနေပါတယ်။ ဘာကြောင့် ကြိုးစားနေလဲဆိုရင် လျှပ်စစ်မီတာတွေကို ပြည်သူလူထုက စနစ်တကျ မီတာဖတ်နိုင်ဖို့အတွက် စမတ်ဖုန်းတွေကတစ်ဆင့် ဖတ်နိုင်မယ်။ ကိုယ့်မီတာ ဘယ်လောက်သုံးစွဲနေလဲဆိုတာ လွယ်လွယ်ကူကူသိနိုင်ပြီး ငွေပေးချေတဲ့နေရာမှာ ဖုန်းကနေ ဘေလ်ကိုပေးဆောင်နိုင်တဲ့စနစ်မျိုး ပြုပြင်ပြောင်းလဲဖို့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါမှ ငွေပေးချေရေးစနစ်ကို ကတ်၊ တယ်လီဖုန်းနဲ့ ပေးနိုင်တဲ့ စနစ်တွေကို ပြုပြင်ပြောင်းလဲလိုက်ခြင်းဖြင့် မြို့ပြရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုပြီး ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။ပြည်သူလူထု ဝင်ငွေတိုးတက်ရရှိဖို့ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှုကို သိချင်ပါတယ်။**

ဖြေ။ ။ပြည်သူတွေ ဝင်ငွေတိုးတက်ရရှိနိုင်ဖို့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်ဖို့ တိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍတွေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပါတယ်။ စိုက်ပျိုးရေးနဲ့ ပတ်သက်ရင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသောက်မှု ဖူလုံနိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သလို တစ်ဖက်ကလည်း သစ်သီးဝလံပန်းမန်တွေ စိုက်ပျိုးနိုင်ဖို့အတွက် ညောင်နှစ်ပင်စိုက်ပျိုးရေးခြံကို ပိုပြီးတိုးတက်ကောင်းမွန်လာအောင် တွန်းအားပေးပြီး ဆောင်ရွက်နေပါတယ်။

တစ်ဖက်ကလည်း မွေးမြူရေးနဲ့ ပတ်သက်တဲ့ ကြက်မွေးမြူရေး၊ ဝက်မွေးမြူရေးနဲ့ နွားမွေးမြူရေး ဒီကဏ္ဍတွေကို ကူညီခဲ့ပါတယ်။ ငါး၊ ပုစွန် မွေးမြူရေးကဏ္ဍတွေမှာ တွန်းအားပေးဆောင်ရွက်ခဲ့ပါတယ်။ ငါးမွေးမြူရေးနဲ့ ပတ်သက်ပြီး ပြည်သူတွေ ဝင်ငွေတိုးတက်ဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဝိုင်းဝန်းပံ့ပိုးကူညီခဲ့တာတွေ များစွာရှိပါတယ်။ တိုးတက်တဲ့အခြေအနေတွေ ဖြစ်နိုင်ဖို့နဲ့ တကယ့်ကို ကောင်းမွန်တဲ့ နည်းပညာအဆင့်အတန်းတွေနဲ့ မွေးမြူနိုင်တဲ့အဆင့် ဖြစ်ဖို့ နိုင်ငံတကာ Export တိုးမြှင့်နိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ ဒါမှ တိုင်းပြည်ဝင်ငွေ တိုးတက်လာမှသာ အခြေခံအဆောက်အအုံတွေကို ပိုပြီးကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

*အချပ်ပို (ဂ) သို့*




ပန်းလှိုင်မြစ်ဝတွင် ရေချိုထိန်းတံခါး တည်ဆောက်မည့်ပုံစံကို တွေ့ရစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



*အချပ်ပို(ခ)မှ*

**မေး။ ။စက်မှုဇုန်တွေမှာ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူတွေ ဝင်ရောက်လာအောင် ဖိတ်ခေါ်နေမှုကို သိချင်ပါတယ်။**

**ဖြေ။** ။ရန်ကုန်မြို့ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းခဲ့ပါတယ်။ စက်မှုဇုန်အသစ်တွေ တည်ဆောက်နိုင်ဖို့အတွက် ကြိုးစားခဲ့သလို လက်ရှိရှိနေတဲ့ စက်မှုဇုန်တွေကို အဆင့်မြှင့်တင်နိုင်ဖို့အတွက် စက်မှုဇုန်အဆင့်မြှင့်တင်မှု ကြီးကြပ်ရေးအဖွဲ့တွေကို ဖွဲ့စည်းခဲ့ပါတယ်။ တစ်ချိန်တုန်းက စက်မှုဇုန်စီမံခန့်ခွဲမှုတွေကို ကိုယ်ထူကိုယ်ထပုံစံ ဆောင်ရွက်နေရာကနေ တိုင်းဒေသကြီးအစိုးရရဲ့ ကြီးကြပ်ကွပ်ကဲမှုအောက်ကနေ စက်မှုဇုန်တွေကို အဆင့်မြှင့်တင်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို စက်မှုဇုန်ထဲမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာမှသာလျှင် အလုပ်အကိုင်အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်မှာဖြစ်ပါတယ်။ ပြည်သူတွေ ဝင်ငွေတွေ ရရှိလာမယ်။ ဒီကနေတစ်ဆင့် နိုင်ငံတော်ပို့ကုန်ကို မြှင့်တင်နိုင်ပြီး ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ခဲ့ပါတယ်။ ဒီနေရာမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြုပြင်ပြောင်းလဲလိုက်တဲ့အတွက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီကို ဖွဲ့စည်းပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်ဖို့အတွက် ကြိုးစားဆောင်ရွက်နေပါတယ်။ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီကနေ အမေရိကန်ဒေါ်လာ ငါးသန်းနဲ့ အမေရိကန်ဒေါ်လာ ငါးသန်းအောက် လုပ်ငန်းတွေ ခွင့်ပြုနိုင်ခွင့် ရလာပြီဖြစ်တဲ့အတွက် ပိုမိုမြန်ဆန်တဲ့ ဆောင်ရွက်မှုတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အထည်ချုပ်လုပ်ငန်းလိုမျိုး အလုပ်သမားအများစု အလုပ်ပေးနိုင်တဲ့ ကဏ္ဍနယ်ပယ်တွေကို ပိုပြီးတိုးမြှင့် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို တစ်ဖက်က ဖိတ်ခေါ်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွေကို ရန်ကုန်တိုင်းဒေသကြီးမှာ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်နဲ့ ၂၀၁၉ ခုနှစ် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွေကို ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ဆက်လက်ဆောင်ရွက်ဖို့ ပြင်ဆင်နေပါတယ်။ ဒါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလာတဲ့သူတွေကို ရန်ကုန်မှာ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ဘယ်ကဏ္ဍတွေမှာ သူတို့ ရင်းနှီးမြှုပ်နှံနိုင်မယ်ဆိုတာကို အလွယ်တကူ သိရှိနိုင်ဖို့အတွက် ရန်ကုန် ရင်းနှီးမြှုပ်နှံမှုကော်မတီကနေပြီး ကြိုးစားပြီးဆောင်ရွက်နေတာပဲ ဖြစ်ပါတယ်။ ဒီအတွက် ရန်ကုန်မြို့ရဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးတက်လာတာနဲ့အမျှ နိုင်ငံရဲ့ ဝင်ငွေနဲ့ အခွန်တွေ တိုးမြှင့်ရရှိလာမှာ ဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေကို ဖန်တီးပေးသွားနိုင်မှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ နေထိုင်နေတဲ့သူတွေဟာ ရန်ကုန်မှာနေရတာ အဆင်ပြေတယ်ဆိုတဲ့ အခြေအနေတစ်ခုဖြစ်အောင် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်မြို့ဟာ သီလဝါအထူးစီးပွားရေးဇုန်နဲ့ ပြည်တွင်းစက်မှုဇုန် ၂၉ ခု စက်မှုဇုန်ပေါင်း ၃၀ ခန့်ရှိပါတယ်။ ဒီစက်မှုဇုန်တွေကို အဆင့်မြှင့်တင်မှု တစ်ဖက်ကနေ ဆောင်ရွက်သလို နောက်ထပ် စက်မှုဇုန်အသစ်တွေကို တည်ဆောက်နိုင်ဖို့အတွက် ကြိုးစားနေပါတယ်။ လက်ရှိ ထိုင်းနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ပူးပေါင်းပြီး Yangon Amata Smart and Eco City စက်မှုဇုန်တစ်ခုကို ဒဂုံအရှေ့ဘက်မှာ တည်ဆောက်ဖို့အတွက် လက်မှတ်ရေးထိုးထားပြီး ဖြစ်ပါတယ်။ မကြာခင်မှာ ပန္နက်ရိုက်ဖို့အတွက် ကြိုးစားဆောင်ရွက်နေပါတယ်။

နောက်ပြီး ကိုရီးယား-မြန်မာ စီးပွားရေးဇုန် (Korea – Myanmar Industrial Complex) တစ်ခုကို ညောင်နှစ်ပင်မှာ ပန္နက်ရိုက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ မကြာခင် တည်ဆောက်ရေးလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နေသလို အမြန်လမ်း လေးမိုင်မှာ Eco Green City ကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါ ရန်ကုန်မြို့ကို ဝင်လာတဲ့နေရာမှာ လှပသာယာတဲ့ မြို့တော်ရဲ့ အင်္ဂါရပ်တွေကို မြင်တွေ့နိုင်တဲ့ မြို့ပြအသစ်တွေကို စနစ်တကျ တည်ဆောက်နေပါတယ်။

ရန်ကုန်ရဲ့ စည်ပင်သာယာနယ်နိမိတ်ပြင်ပမှာရှိတဲ့ ၁၂ မြို့နယ် ရှိပါတယ်။ ကိုကိုးကျွန်းက သီးခြားကျွန်းအဖြစ် တည်ရှိနေတာဖြစ်ပါတယ်။ ဒါပေမယ့် ကိုကိုးကျွန်းကို ၂၄ နာရီ မီးပေးနိုင်ဖို့နဲ့ ခရီးသွားလာနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေသလို စည်ပင်သာယာနယ်နိမိတ်ပြင်ပမှာရှိနေတဲ့ အခြားမြို့နယ် ၁၁ မြို့နယ်ကို စက်မှုဇုန်တွေထူထောင်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ လှည်းကူး စက်မှုဇုန် တည်ဆောက်နိုင်ဖို့အတွက် စင်ကာပူနိုင်ငံနဲ့ပူးပေါင်းပြီး ကြိုးစားဆောင်ရွက် နေပါတယ်။ ထန်းတပင်မြို့နယ်မှာ စက်မှုဇုန်တည်ဆောက်နိုင်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှာ အတည်ပြုချက်ရယူထားပြီး ဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်ပြီး ရှေ့ဆက်တည်ဆောက်ရေးကဏ္ဍတွေမှာ ဆောင်ရွက်သွားဖို့အတွက် ပြင်ဆင်နေပြီ ဖြစ်ပါတယ်။ ဒါ့ကြောင့် အနာဂတ်ကာလမှာ ပိုမိုကောင်းမွန်တဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေကို ဖန်တီးပေးနိုင်တဲ့ အခြေအနေတစ်ခုဖြစ်အောင် ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ကျူးကျော်တွေအတွက် နေစရာအိမ်တွေ တည်ဆောက်ပေးနေမှုနဲ့ ပတ်သက်ပြီး သိချင်ပါတယ်။**

**ဖြေ။** ။အဓိက စိန်ခေါ်မှုအကြီးဆုံးကိစ္စတစ်ခုက ကျူးကျော်ပြဿနာတစ်ရပ်ဖြစ်ပါတယ်။ ကျူးကျော်နေထိုင်နေတဲ့သူတွေကို စနစ်တကျ နေရာချထားပေးဖို့ ကြိုးစားဆောင်ရွက်ပေးနေပါတယ်။ ဒီကိစ္စကို Community ကနေ အခြေပြုပြီး မေ့မေ့မေတ္တာပရောဂျက်ဆိုပြီး စီမံချက်တစ်ခုရေးဆွဲပြီး ဆောင်ရွက်နေပါတယ်။ ကျူးကျော်နေထိုင်သူတွေဟာ တိုင်းဒေသကြီးရဲ့ လုပ်သားအရင်းအမြစ်တွေဖြစ်ပါတယ်။ သူတို့ရဲ့ လူမှုဘဝကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီးအစိုးရအနေနဲ့ ကျူးကျော်နေထိုင်တဲ့သူတွေကို Community ပိုင်မြေပေါ်မှာ သူတို့ကို စနစ်တကျ နေရာချထားပေးပြီး သူတို့ရဲ့ ချေးငွေကဏ္ဍတစ်ခု တည်ထောင်ပေးခြင်းဖြင့် အိမ်တွေကို တည်ဆောက်ပြီး သူတို့ရဲ့ ပိုင်ဆိုင်တဲ့ အိမ်ရာအဖြစ် နေထိုင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ရွှေပြည်သာ၊ လှိုင်သာယာနဲ့ ဒဂုံမြို့သစ်မြို့နယ်တွေမှာ ကြိုးပမ်းဆောင်ရွက်နေပါတယ်။

ကျူးကျော်နေထိုင်တဲ့သူတွေကို စနစ်တကျ နေရာချထားပေးရေးဟာ စက်ရုံ အလုပ်ရုံတွေမှာ အလုပ်လုပ်နေတဲ့ လုပ်သားအင်အားကို ဖြည့်ဆည်းပေးရာရောက်သလို စက်မှုဇုန်တွေရဲ့ မီးဘေး၊ ရေဘေး ကိစ္စရပ်တွေကိုပါ ထိန်းသိမ်းရာရောက်ပါတယ်။ စက်မှုဇုန်ထဲမှာ ကျူးကျော်နေထိုင်တဲ့အတွက် မီးဘေးအန္တရာယ်ရှိသလို ရေနုတ်မြောင်းတွေအပေါ်မှာ ကျူးကျော်အိမ်တွေနဲ့ ပိတ်ဆို့နေတဲ့အတွက် ရေကြီးရေလျှံမှု ပြဿနာတွေကို ကြုံရပါတယ်။ ဒါ့ကြောင့် စက်မှုဇုန်အဆင့်မြှင့်တင်ရေးကဏ္ဍကို ကြိုးပမ်းဆောင်ရွက်နေပါတယ်။

**မေး။ ။တိုင်းဒေသကြီးအစိုးရအနေနဲ့ ရန်ကုန်မြို့ပြအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့အတွက် ဆောင်ရွက်နေမှုကို သိချင်ပါတယ်။**

**ဖြေ။** ။ရန်ကုန်မြို့တော်ကြီးကို ပိုမိုဖွံ့ဖြိုးတိုးတက်တဲ့ မြို့ပြဖြစ်လာနိုင်ဖို့အတွက် ရည်မှန်းချက်ထားပြီး ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ရန်ကုန်မြို့တော်ကို မြို့ပြအမွေအနှစ်တွေနဲ့အတူ စိမ်းလန်းပြီး နေချင့်စဖွယ်မြို့တော်ဖြစ်အောင် ဆောင်ရွက်မယ်လို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ရည်မှန်းချက်ထားပြီး ကြိုးစားဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီလို ကြိုးစားဆောင်ရွက်တဲ့အခြေအနေမှာ ရန်ကုန်ကို မြို့ဟောင်းနဲ့ မြို့သစ်ဧရိယာတွေ စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ရန်ကုန်မြို့ဟောင်းဧရိယာမှာရှိတဲ့ မြို့ပြအမွေအနှစ်အဆောက်အဦတွေကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့အတွက် အပြာရောင်ကမ္ပည်းပြားတွေကပ်ခဲ့ပါတယ်။ မြို့ပြအမွေအနှစ် အဆောက်အဦတွေကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ပြုပြင်မှုတွေကို ဆောင်ရွက်ပြီး မြို့ရဲ့ အတိတ်သမိုင်းကို လူငယ်မျိုးဆက်တွေရောနိုင်ငံတကာခရီးသွားတွေပါ သိနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ တစ်ဖက်ကနေပြီး မြို့ပြကို စိမ်းလန်းပြီး သစ်ပင်ပန်းမန်တွေကို ထိန်းသိမ်းနိုင်ဖို့၊ ဥယျာဉ်တစ်ခုလို ဖြစ်နိုင်ဖို့ဆိုတာ သစ်ပင်တွေကို စနစ်တကျ စိုက်ပျိုးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။တိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်နေမှုကို သိချင်ပါတယ်။**

**ဖြေ။** ။ရန်ကုန်မြို့က ပင်လယ်ဝမှာ တည်ရှိနေတဲ့အတွက် ပင်လယ်ဘက်ကနေ မုန်တိုင်းဒဏ်၊ သဘာဝဘေးအန္တရာယ်ဒဏ်တွေ မကျရောက်စေနိုင်ဖို့နဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ဖို့ ဒီရေရောက်တောတွေကို စိုက်ပျိုးခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီရေရောက်တော ၃၀၀၀၀ စိုက်ပျိုးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီရေရောက်တောတွေကို ကြိုးပြင်သစ်တောကြိုးဝိုင်းမှာ ထားရှိပြီး ဒေသခံပြည်သူတွေရဲ့ ထိန်းသိမ်းစောင့်ရှောက်မှုကနေတစ်ဆင့် ၎င်းတို့ရဲ့လူမှုစီးပွားဘဝကို အထောက်အကူဖြစ်စေနိုင်ပါတယ်။ သစ်တောကြိုးဝိုင်းကိုလည်း ဒေသခံပြည်သူတွေ ထိန်းသိမ်းစောင့်ရှောက်မှုအောက်မှာ ထားရှိဖို့ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါ့ပြင် ရန်ကုန်မြို့မှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ ကဏ္ဍစုံကို ပတ်ဝန်းကျင်မပျက်စီးနိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေကို ဖိတ်ခေါ်ခဲ့ပါတယ်။ ဘာ့ကြောင့် နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုအစမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်မှုကို ရည်မှန်းချက်ကြီးကြီးထားပြီး ကြိုးစားဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ စက်မှုဖွံ့ဖြိုးတိုးတက်သွားတဲ့ နိုင်ငံတွေရဲ့ အမှားတွေကို သင်ခန်းစာယူစရာများစွာရှိပါတယ်။ ပတ်ဝန်းကျင်ကို ပျက်စီးသွားစေနိုင်တယ်ဆိုရင် ပြည်သူလူထုရဲ့ လူမှုဘဝကို ပြန်လည်ပြီး မြှင့်တင်ဆောင်ရွက်ဖို့အတွက် ခက်ခဲသွားနိုင်ပါတယ်။ ဒါ့ကြောင့် သဘာဝပတ်ဝန်းကျင်ကို မပျက်စီးစေနိုင်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို စနစ်တကျ စိစစ်ပြီး ခွင့်ပြုဆောင်ရွက်ပေးဖို့ ကြိုးစားဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနဘက်က သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်ပြီး လိုက်နာဆောင်ရွက်ရမယ့် စည်းမျဉ်း စည်းကမ်းတွေကို စနစ်တကျ ချမှတ်ပြီး ဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။လူငယ်တွေ အလုပ်အကိုင်ရရှိရေးနဲ့ သက်မွေးမှုပညာရပ်တွေ သင်ကြားပေးဖို့ ဆောင်ရွက်နေတဲ့အပိုင်းကို သိချင်ပါတယ်။**

**ဖြေ။** ။အလုပ်အကိုင် အခွင့်အလမ်းတွေကို ဖန်တီးပေးသလို အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်တွေကို ဦးစားပေးဆောင်ရွက်ပေးနေပါတယ်။ ကျွမ်းကျင်လုပ်သားတွေရှိမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ဆောင်ရွက်တဲ့နေရာမှာ လွယ်ကူမှာဖြစ်ပါတယ်။ ပြည်တွင်းလုပ်သားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိလာတာနဲ့အမျှ ထိုက်တန်တဲ့ လုပ်ခလစာငွေ ရရှိမှာဖြစ်ပါတယ်။ ဒါမှ ပြည်သူတွေအတွက် လူမှုစီးပွားဘဝ တိုးတက်လာမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွေကို ဖန်တီးပေးသလို အလုပ်အကိုင်အခွင့်အလမ်းတွေအတွက် လိုအပ်တဲ့ သင်တန်းကျောင်းတွေကို ဖွင့်လှစ်ထားပါတယ်။ စင်ကာပူ၊ ဂျာမနီ၊ ဂျပန်နဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေတဲ့ သင်တန်းကျောင်းတွေ ရှိပါတယ်။ ဒီသင်တန်းကျောင်းတွေကနေ တစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းတွေကို ပိုပြီးဖန်တီးပေးနိုင်ဖို့နဲ့ ဈေးကွက်မှာ လိုအပ်တဲ့ သင်တန်းတွေကို သက်မွေးကျောင်းတွေမှာ အသက်မွေးဝမ်းကျောင်းပညာရပ်တွေကို သင်ပေးနိုင်ဖို့အတွက် စနစ်တကျပြင်ဆင်ပြီး ကြိုးစားဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ရန်ကုန်မှာရှိနေတဲ့ တက္ကသိုလ်၊ ကောလိပ်တွေကို ဈေးကွက်နဲ့ စက်မှုဇုန်တွေမှာရှိနေတဲ့ လုပ်သားလိုအပ်ချက်တွေကို ဒီကျောင်းတွေကနေ ဖြည့်ဆည်းပေးနိုင်ဖို့အတွက် စနစ်တကျ ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားနိုင်ဖို့အတွက် ကြိုးစားနေပါတယ်။

လူငယ်မျိုးဆက်တွေဟာ ပညာရေးကနေပြီး ထွက်လာတဲ့အချိန် သူတို့ဘဝအတွက် ခိုင်မာတဲ့ အလုပ်အကိုင်အခွင့်အလမ်းကို ပေးနိုင်တဲ့ ပညာရပ်တွေကို သင်ကြားပေးလိုက်နိုင်တဲ့ အခြေအနေတစ်ခုဖြစ်ဖို့ တိုင်းဒေသကြီးအစိုးရအနေနဲ့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၈ ခုရှိပါတယ်။ ဒါတွေအားလုံးကို စနစ်တကျ ကြိုးပမ်းဆောင်ရွက်သလို တစ်ဖက်ကလည်း သက်မွေးသင်တန်းကျောင်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်။ အင်းစိန်ဂျီတီအိုင်ကျောင်းကို ပြန်လည်ဖွင့်လှစ်ခဲ့ပါတယ်။ အောင်ဆန်းမှာရှိတဲ့ ယခင်က THS ကျောင်းကို ဂျပန်နိုင်ငံနဲ့ ပူးပေါင်းပြီး ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နေပြီဖြစ်ပါတယ်။

**မေး။ ။ခရီးသွားကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုကို သိချင်ပါတယ်။**

**ဖြေ။** ။ခရီးသွားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေဖို့ တိုင်းဒေသကြီး ခရီးသွားကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ဟိုတယ်တွေကို အဆင့်မြှင့်တင်နိုင်ဖို့နဲ့ ဟိုတယ်တွေ ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေ ပေးနိုင်အောင်၊ ဟိုတယ်သစ်တွေ တည်ဆောက်နိုင်အောင် ကြိုးစားဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရန်ကုန်မြို့မှာ ဟိုတယ်အလုံးရေပေါင်း ၄၀၀ ကျော်ခန့်ရှိပါတယ်။ နိုင်ငံခြားခရီးသွားကဏ္ဍကို ပိုပြီးတိုးမြှင့်နိုင်ဖို့အတွက် ရန်ကုန်လေဆိပ်ကို အဆင့်မြှင့်တင်ဆောင်ရွက်နေပါတယ်။ နိုင်ငံတကာ ဝင်ထွက်သွားလာနေတဲ့ နေရာမှာရှိတဲ့ ရေဆိပ်၊ လေဆိပ်တွေကို ပိုပြီးဝန်ဆောင်မှုကောင်းအောင် လုပ်ပေးနိုင်ဖို့အတွက် ပြင်ဆင်ဆောင်ရွက်နေတဲ့ အခြေအနေတစ်ခုဖြစ်ပါတယ်။ လေးနှစ်တာကာလအတွင်းမှာ ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့ အခြေအနေတွေဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့အတွက် အဆင်ပြေချောမွေ့တာချည်းပဲ သက်သက်တော့ မဟုတ်ပါဘူး၊ စိန်ခေါ်မှုတွေကိုလည်း ကြုံခဲ့ရပါတယ်။

**မေး။ ။ရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေးအတွက် မြစ်ကူးတံတားတွေ တည်ဆောက်နေမှုကို သိချင်ပါတယ်။**

**ဖြေ။** ။သီလဝါအထူးစီးပွားရေးဇုန်ကို ပံ့ပိုးပေးနိုင်ဖို့အတွက် ရန်ကုန်နဲ့ သန်လျင်ဘက်ကို ချိတ်ဆက်မယ့် ပဲခူးမြစ်ကူးတံတား အမှတ်(၃)ကို တည်ဆောက်နေပြီဖြစ်ပါတယ်။

*အချပ်ပို (ဃ) သို့*



ရန်ကုန်မြို့ပတ်ရထားများ အဆင့်မြှင့်တင်ရန် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

*အချုပ်ပိုဒ်(ဂ) မှ*

ဒီကနေမှတစ်ဆင့် သီလဝါကို ချိတ်ဆက်ပေးမယ့် လမ်းမကြီးတွေကို အဆင့်မြှင့်တင်ပြီး ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ရန်ကုန်မြစ်ရဲ့ အနောက်ဘက်ခြမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒလမြစ်ကူးတံတား တည်ဆောက်နေပြီဖြစ်ပါတယ်။ ဒလမြစ်ကူးတံတား တည်ဆောက်ပြီးတာနဲ့ တစ်ပြိုင်နက် တည်း ဒလဘက်အခြမ်း ပိုပြီးဖွံ့ဖြိုးတိုးတက်အောင် ဒလမြို့သစ်စီမံကိန်းကို Master Plan ရေးဆွဲပြီး ရှေ့ဆက်ဆောင်ရွက်မယ့် လေ့လာဆန်းစစ်မှုတွေကို တောင်ကိုရီးယားနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒလမြစ်ကူးတံတားကြီး ပြီးသွားတာနဲ့ တစ်ပြိုင်နက်တည်း ရန်ကုန်မြို့ရဲ့ အနောက်ဘက်အခြမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားနိုင်မှာဖြစ်သလို ကြည့်မြင်တိုင်တစ်ဖက်ကမ်းမှာလည်း ရန်ကုန်မြို့သစ်စီမံကိန်းကို အကောင်အထည်ဖော်နိုင်ဖို့အတွက် မကြာခင်မှာ တင်ဒါခေါ်ယူနိုင်ရေးကိစ္စရပ်တွေကို ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်နေပါတယ်။

ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ရန်ကုန်မြို့နေ ပြည်သူလူထုရဲ့ လူနေမှုဘဝကို တိုးတက်စေနိုင်သလို ရန်ကုန်မြို့ဟောင်းရဲ့ အကျပ်အတည်းတွေကို နောက်ထပ် အသစ်တည်ဆောက်မယ့် ရန်ကုန်မြို့ရဲ့ မြို့ပြအသစ်စီမံကိန်းတွေကနေ ဒီအခက်အခဲတွေ၊ အကျပ်အတည်းတွေကို ဖြေလျှော့သွားနိုင်ဖို့၊ စမတ်စီးတီးကြီးတွေအဖြစ်နဲ့ တည်ဆောက်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ရန်ကုန်ဆိပ်ကမ်းကို ပင်လယ်ဝဘက်ကို တဖြည်းဖြည်း ရွှေ့ပြောင်းသွားနိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံကနေ ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။

**မေး။ ။ရန်ကုန်မြို့နေ ပြည်သူလူထုအတွက် သောက်သုံးရေ ပြည့်ပြည့်ဝဝပေးနိုင်အောင် ဆောင်ရွက်ထားရှိမှုကို သိချင်ပါတယ်။**

**ဖြေ။** ။ရန်ကုန်ရဲ့ ရေပေးဝေရေးစနစ်ကို အဆင့်မြှင့်တင် ဆောင်ရွက်နေပါတယ်။ ငမိုးရိပ်နဲ့ ဖူးကြီးရေလှောင်တမံတွေကနေပြီး ရန်ကုန်ကို ရေပေးနေတာဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ မြောက်ဘက်ကနေ တောင်ဘက်ကို ရေပေးဝေနေတာဖြစ်ပါတယ်။ ဒ့ါကြောင့် မကြာခင်မှာ ရန်ကုန်မြစ်ရဲ့ အထက်ပိုင်း ကုက္ကိုလ်ဂနေရာကနေ ရေပေးဝေရေးစီမံကိန်းတစ်ခုကို ဆောင်ရွက်ဖို့ ဂျပန်နိုင်ငံ JICA နဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။

တွံတေးတူးမြောင်း တိုးမြစ်ထိပ်နားမှာ ရေပေးဝေရေးကို ဂျပန်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လုပ်နေသလို တိုးမြစ်ရေပေးဝေရေးစီမံကိန်းကြီးတစ်ရပ်ကို လေ့လာဆန်းစစ်ဖို့ ပြုလုပ်နေပါတယ်။ ရန်ကုန်မှာရှိတဲ့ ရေပေးစနစ်ကို ပြည့်ပြည့်ဝဝ ရေပေးနိုင်ဖို့အတွက် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းတွေက ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်လာတဲ့ လူဦးရေတိုးပွားလာတာနဲ့အမျှ အရေးကြီးတဲ့ လိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။ ဒီအခြေအနေကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ဖို့ တိုင်းဒေသကြီးအစိုးရဘက်ကနေ ကြိုးပမ်းဆောင်ရွက်နေပါတယ်။

**မေး။ ။ရန်ကုန်မြို့တော်စည်ပင်နဲ့ ပတ်သက်ပြီး သိချင်ပါတယ်ရှင့်။**

**ဖြေ။** ။ရန်ကုန်မြို့ပေါ်မှာ တည်ဆောက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ရတဲ့နေရာမှာ လွယ်ကူချောမောစွာ စီမံနိုင်ဖို့အတွက် တစ်ချိန်တုန်းက တည်ဆောက်ရေးလုပ်ငန်းတွေ လုပ်တဲ့အခါမှာ မြို့တော်စည်ပင်ကို သွားရောက်တဲ့အခါ ခက်ခဲတယ်လို့ ပြောလေ့ရှိပါတယ်။ အခု အွန်လိုင်းစနစ်နဲ့ ဆောင်ရွက်ဖို့ စတင်နေပြီ ဖြစ်ပါတယ်။ များမကြာမီ စနစ်တစ်ခုလုံးကို အွန်လိုင်းကနေပြီး တောက်လျှောက်ဆောင်ရွက်သွားနိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အွန်လိုင်းကနေ Single Window ဆောင်ရွက်နိုင်တယ်ဆိုရင် တည်ဆောက်ရေးလုပ်မယ့်သူတွေနဲ့ ခွင့်ပြုပေးမယ့်လူတွေ အခြားသော လုပ်ငန်းဆောင်ရွက်ရမယ့် ကဏ္ဍနယ်ပယ်အတွင်းမှာ ဒီတင်းကျပ်ထားမှုတွေကို ဖြေလျှော့လိုက်နိုင်ပြီဖြစ်ပါတယ်။ ကြိုးနီစနစ်တွေ လျော့ကျသွားပြီး ပြည်သူတွေကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်တဲ့ အခြေအနေတွေကို ဖြစ်လာနိုင်သလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လာရောက်ဆောင်ရွက်တဲ့သူတွေအတွက် အကောင်းဆုံးဝန်ဆောင်မှုတစ်ခုကို ကျွန်တော်တို့ ပေးနိုင်မှာဖြစ်ပါတယ်။

ဒ့ါအပြင် ရန်ကုန်မှာ ငွေပေးချေနိုင်တဲ့ Yangon Payment Services (YPS) စနစ်တစ်ခုကို ကျင့်သုံးနိုင်ဖို့ ကြိုးစားနေပါတယ်။ မြန်မာပြည်သူလူထုအများစုဟာ ဘဏ်စနစ်နဲ့ အလှမ်းဝေးကွာပါတယ်။ ငွေကို တိုက်ရိုက်ကိုင်ပြီး ပေးချေတဲ့စနစ်မျိုးကို ကျင့်သုံးကြပါတယ်။ ငွေစက္ကူကို တိုက်ရိုက်ကိုင်ပြီး ပေးချေတဲ့စနစ်မဟုတ်ဘဲ ကတ်ထဲမှာ ငွေကိုထည့်ထားပြီး ပေးချေတဲ့စနစ်မျိုးကို အများပြည်သူသယ်ယူပို့ဆောင်ရေးဖြစ်တဲ့ YBS စနစ်ကနေ စတင်ဖို့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မကြာခင်မှာ ငွေပေးချေတဲ့ကတ်ကနေ ငွေပေးချေနိုင်တဲ့ ကတ်စနစ်ကို ရောက်လာတော့မှာပါ။ ငွေပေးချေရေးစနစ်ဟာ လွယ်ကူလာနိုင်မယ်။ ပြည်သူလူထုအများစုဟာ ဘဏ်နဲ့ ထိတွေ့မှုရလာမယ်။ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေပေးချေရေးစနစ်က အရေးကြီးပါတယ်။ ပြည်သူလူထုကြားမှာ ပွင့်လင်းမြင်သာတဲ့ ငွေကြေးသုံးစွဲမှုတစ်ခုဖြစ်လာနိုင်သလို အခွန်အခကောက်ခံမှုတွေကို ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။သိမ်းဆည်းလယ်ယာမြေနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေမှုကို သိချင်ပါတယ်။**

**ဖြေ။** ။လေးနှစ်တာကာလအတွင်းမှာ အကြီးဆုံးစိန်ခေါ်မှု ပြဿနာတစ်ရပ်က လယ်ယာမြေ သိမ်းဆည်းခဲ့မှုကိစ္စရပ်တွေကို ပြန်လည်စိစစ်ရတဲ့ကိစ္စရပ်တွေ ဖြစ်ပါတယ်။ တိုင်းဒေသကြီးက အမှုတွဲပေါင်း ၅၀၀၀ ကျော်လောက်ကို စစ်ဆေးခဲ့ပါတယ်။ ပြီးခဲ့တဲ့အစိုးရလက်ထက်နဲ့ ပြီးခဲ့တဲ့လွှတ်တော်ကနေ စိစစ်ပြီး မပြီးဆုံးဘဲနဲ့ ကျန်ခဲ့တဲ့အမှုတွဲတွေကို ပြန်လည်စိစစ်ခဲ့ပါတယ်။ ဗဟိုကို ရောက်လာတဲ့ အမှုတွဲတွေ ပြန်လည်စိစစ်ခဲ့ပါတယ်။ လျော်ကြေးပေးရမယ့် အမှုတွေရှိပါတယ်။ မြေပြန်ပေးရမယ့် အမှုတွေရှိပါတယ်။ မြေပြန်ပေးရမယ့် အမှုတွေကို ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်နဲ့ ပေးနိုင်ဖို့အတွက် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ တစ်ဖက်မှာ မြေလျော်ကြေးပေးနိုင်ဖို့အတွက် တိုင်းဒေသကြီးအတွင်းမှာ အကြမ်းဖျင်းခန့်မှန်းခြေအရ ငွေကျပ် ဘီလီယံ ၁၅၀ လောက်ပေးရမှာ ဖြစ်ပါတယ်။ ဒီငွေတွေကို လျော်ကြေးပေးမှသာလျှင် ဒီမြေကွက်တွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒီဖွံ့ဖြိုးတိုးတက်ရေးတွေကို အသုံးပြုတဲ့နေရာမှာ ကျူးကျော်နေထိုင်သူတွေကို စနစ်တကျ ပြန်လည်နေရာချထားပေးဖို့ တစ်ဖက်ကနေ ကြိုးပမ်းနေပါတယ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း တာမွေယာယီဈေး အဆင့်မြှင့်တင်ရန် ဈေးသူ ဈေးသားများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**မေး။ ။တန်ဖိုးနည်းအိမ်ရာတွေ ဖော်ဆောင်နေမှုကို သိချင်ပါတယ်။**

**ဖြေ။** ။တန်ဖိုးနည်းအိမ်ရာတွေကို ဆောက်ဖို့ ကြိုးပမ်းနေပါတယ်။ တန်ဖိုးနည်းအိမ်ရာတွေကို ဆောက်တဲ့နေရာမှာ မြေတန်ဖိုးကိုသာ ထပ်ပြီးပေါင်းထည့်မယ်ဆိုရင် တန်ဖိုးနည်းအိမ်ရာတွေရဲ့ တန်ဖိုးဟာ အလွန်ကြီးမြင့်မှာဖြစ်ပါတယ်။ ဒ့ါကြောင့် တန်ဖိုးနည်းအိမ်ဆောက်တဲ့နေရာမှာ အစိုးရက မြေထည့်ဝင်မယ်။ ဆောက်လုပ်မယ့်သူတွေက အိမ်ရာကို လာဆောက်မယ်။ ဆောက်ပြီးရင် ၁၅ နှစ်၊ အနှစ် ၂၀ ချေးငွေစနစ်နဲ့ အရစ်ကျရောင်းပေးနိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်းမှာ အိမ်ရာလိုအပ်ချက်ရှိနေတာ တစ်သိန်းခွဲလောက် ရှိပါတယ်။ ဒီအတွက် တိုက်ခန်း တစ်သိန်းခွဲလောက်ဟာ ခုလောလောဆယ် ဝယ်လိုအားရှိနေတာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ တိုက်ခန်းရောင်းနေတာလည်း ရှိပါတယ်။ ဒီတိုက်ခန်းတွေဟာ အခြေခံအလုပ်သမားတွေ၊ အခြေခံပြည်သူတွေ ဝယ်ယူနိုင်ဖို့ ဈေးနှုန်းမဟုတ်ပါဘူး။ ဌာနဆိုင်ရာတွေမှာရှိနေတဲ့ အစိုးရဝန်ထမ်းတွေတောင် ဒီတိုက်ခန်းတွေကို ဝယ်ယူနိုင်ဖို့ မဖြစ်နိုင်ပါဘူး။

တန်ဖိုးနည်းတိုက်ခန်းတွေကို ပုဂ္ဂလိကကဏ္ဍရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ တည်ဆောက်မယ်။ ဆောက်ပြီးရင် အခြေခံဝန်ထမ်းတွေ၊ ပြည်သူလူထုတွေ ဝယ်ယူနိုင်လောက်တဲ့ အနေအထားဈေးနှုန်းနဲ့ ငွေကျပ် သိန်း ၁၀၀ ကျော်၊ ၂၀၀ ဝန်းကျင်လောက်နဲ့ ရောင်းပေးနိုင်ဖို့ ကြိုးစားမယ်။ ၁၅ နှစ်၊ အနှစ် ၂၀ အရစ်ကျစနစ်နဲ့ ပြန်ဆပ်သွားကြမယ်ဆိုရင် ဝန်ထမ်းတွေ၊ အခြေခံပြည်သူတွေရဲ့ နေရေးကို အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီလို နေရေးကို အဆင်ပြေအောင် ဆောင်ရွက်ပေးမယ်ဆိုရင် ရန်ကုန်ကို ရွှေ့ပြောင်းလာတဲ့သူတွေ၊ ရန်ကုန်မှာ အလုပ်အကိုင် လာလုပ်ကျတဲ့သူတွေအတွက် နေရေးအဆင်ပြေသွားမယ်ဆိုရင် ရန်ကုန်မြို့မှာ ကျူးကျော်နေထိုင်သူတွေရှိမှာ မဟုတ်ပါဘူး။

ဒ့ါကြောင့် လိုအပ်ချက်နဲ့ ဖြည့်ဆည်းပေးနိုင်မှု ညီမျှအောင် ဆောင်ရွက်နိုင်ဖို့အတွက် စီမံကိန်းတွေရေးဆွဲပြီး ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒီကြိုးပမ်းဆောင်ရွက်မှုဟာ ပြည်သူတွေအတွက် ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်နိုင်ဖို့ မြေကိုသုံးရမှာ ဖြစ်ပါတယ်။ မြေကိုသုံးရမယ်ဆိုရင် မြေသိမ်းဆည်းခဲ့တဲ့ လယ်သမားတွေကို မြေလျော်ကြေး ပေးရပါမယ်။ ဒီမြေလျော်ကြေး ပေးနိုင်ဖို့အတွက် ကျွန်တော်တို့မှာရှိနေတဲ့ မြေကွက်အလွတ်တွေကို ရောင်းချပြီးရင် ဒီမြေတွေကို ရောင်းချလို့ရတဲ့ငွေနဲ့ မြေလျော်ကြေးပေးဖို့ ကြိုးပမ်းနေပါတယ်။ ဒီမြေရောင်းတဲ့နေရာမှာ ပွင့်လင်းမြင်သာမှုရှိစေနိုင်ဖို့အတွက် သတင်းစာကနေ ရောင်းမယ့်မြေတွေကို ကြော်ငြာထားပါတယ်။ မည်သူမဆို ဒီဝယ်ယူမှုမှာ ပါဝင်နိုင်ပါတယ်။ ပြည်တွင်းအခွန်က သတ်မှတ်ထားတဲ့ ကြမ်းခင်းဈေးနှုန်းကို အခြေပြုပြီး အားလုံးဟာ ဈေးပေးနိုင်ပါတယ်။ သူတို့ပေးလာတဲ့ ဈေးပေါ်ကနေ အများဆုံးပေးသူကို ရောင်းပေးဖို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီရောင်းလို့ရတဲ့ ငွေကြေးနဲ့ လယ်သမားတွေကို လျော်ကြေးပြန်ပေးရမှာ ဖြစ်ပါတယ်။

ဒီအခြေအနေတွေကို ဆောင်ရွက်ရတဲ့နေရာမှာ အမှုတွဲ ၅၀၀၀ လောက် စစ်ရပါတယ်။ မြေကို ရောင်းဖို့ ကြိုးစားရပါတယ်။ မြေရောင်းပြီးလို့ရှိရင် ရလာတဲ့ငွေတွေကို လယ်သမားတွေကို လျော်ပြီး ဒီမြေကြီးကို အခြေခံပြည်သူတွေ နေထိုင်ရေးနဲ့ လူနေမှုဘဝကို ပြန်ပြီး ကြိုးပမ်းဆောင်ရွက်ပေးရမှာဖြစ်တဲ့အတွက် ဒီကိစ္စရပ်က လေးနှစ်တာကာလအတွင်း အတော်ကို ရှုန်းကန်ရတဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ အခြေခံလယ်သမားတွေရဲ့ ဘဝကို အကောင်းဆုံးပေးနိုင်ဖို့အတွက် ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီက အငြင်းပွားမှု အများကြီးကို ပြန်လည်စိစစ်နိုင်ခဲ့တယ်။ ဒီအပေါ်က မူတည်ပြီး မှန်မှန်ကန်ကန် ဆုံးဖြတ်ဆောင်ရွက်မှုတွေကနေ တကယ်သိမ်းဆည်းခံခဲ့ရတဲ့ လယ်သမားတွေကို လျော်ကြေးပြန်ပေးနိုင်ဖို့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီနေရာမှာ စိန်ခေါ်မှုတွေ များစွာကြုံရပါတယ်။ ဒီမြေနဲ့ ပတ်သက်ပြီး မြေယာမှုခင်းတွေထဲမှာ ပွဲစားတွေနဲ့ လုပ်စားနေတဲ့သူတွေ များစွာကြုံဆုံရပါတယ်။ ဒီအခြေအနေတွေထဲ ကျွန်တော်တို့ မြေလျော်ကြေးပေးနိုင်တဲ့ အခြေအနေတွေကို စတင်အကောင်အထည်ဖော်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

**မေး။ ။ဖြည့်စွက် ပြောကြားစရာရှိရင် ပြောကြားပေးပါဦးရှင့်။**

**ဖြေ။** ။ယခုလို ကြိုးပမ်းဆောင်ရွက်နေတာက ကျွန်တော်တို့မြို့နဲ့ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးနှစ်၊ လေးနှစ်လောက်အတွင်းမှာ ပဒေသာပင် မြေကပေါက်သလို ချက်ချင်း ကောင်းမွန်တိုးတက်သွားနိုင်မှာ မဟုတ်သေးပါဘူး။ ခိုင်မာတဲ့ အခြေခံအုတ်မြစ်တွေ ချပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်တဲ့အဆင့်ကို ရောက်လာဖို့အတွက် နှစ်စဉ်နှစ်တိုင်း အုပ်ချုပ်ရေး၊ ပြည်သူလူထုနဲ့ လွှတ်တော်ထဲက အားလုံးဝိုင်းပြီး ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုကြိုးပမ်းဆောင်ရွက်မှုလည်း မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ထိန်းထားနိုင်မှာ ဖြစ်ပါတယ်။

ဒီလိုရုန်းကန်နိုင်ဖို့အတွက် ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုက အရေးကြီးပါတယ်။ ပြည်သူနဲ့အတူ ရုန်းကန်နိုင်မယ်ဆိုရင် ရန်ကုန်မြို့ကို ဒီထက်ပိုမိုကောင်းမွန်တဲ့ မြို့ပြတစ်ခုအဖြစ်၊ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်ကြီးအဖြစ် ရှေ့ဆက်သွားနိုင်မှာ ဖြစ်ပါတယ်။ ရန်ကုန်ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးအချက်အချာ မြို့တစ်မြို့ဖြစ်သလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးလာရောက်တဲ့ မြို့ကြီးတစ်မြို့ ဖြစ်ပါတယ်။ ဒီမြို့ကို ဖွံ့ဖြိုးတိုးတက်အောင် ပြည်သူလူထုက ကျွန်တော်တို့နဲ့အတူ ပူးပေါင်းလက်တွဲပြီး ဆောင်ရွက်သွားကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။ ။



ရန်ကုန်မြို့ရှိ YBS ယာဉ်လိုင်းများတွင် Payment Card စနစ် အသုံးပြုရန် သရုပ်ပြနေစဉ်။